ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန

# ဘုရားရှင် အလိုတော်ကျ

## ကိုးကွယ်ဆည်းကပ်နည်း

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ- ၂၅၄၀ ကောဇာ- ၁၃၅၈ ခရစ်- ၁၉၉၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
[illegible] -ရန်ကုန်

# ဘုရားရှင် အလိုတော်ကျ

## ကိုးကွယ်ဆည်းကပ်နည်း

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သနာ- ၂၅၄၀ ကောဇာ- ၁၃၅၈ ခရစ်- ၁၉၉၇

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်မောင်
( မှတ်ပုံတင်အမှတ် - ၀၂၄၀၅/၀၂၅၂၇ ) က
ပုံနှိပ်ထုတ်ဝေသည်။

# နိဒါန်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရသည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ထမ်းဆောင်နေပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အဘက်ဘက်မှ တိုးတက်စေရန် အားသွန်ခွန်စိုက် ကြိုးပမ်းနေသည့် ဤကဲ့သို့သော အချိန်တွင် ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်ကြီး စည်ပင်ပြန့်ပွား တိုးတက်ထွန်းကားရေးအတွက်လည်း အားထုတ်လျက် ရှိပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ ဗုဒ္ဓဘာသာ တရားတော်များကို မှန်ကန်တိကျ စနစ်တကျနားလည်ကြပြီး ပေစ္စက္ခ တမလွန် ငြိမ်းချမ်း သာယာသည့် သုဂတိဘဝများကို ရရှိကြကာ နိဗ္ဗာန်ချမ်းသာကို ခံစားနိုင် စေရန် စေတနာအရင်းခံလျက် ဗုဒ္ဓဘာသာစာပေများ ပြုစုနိုင်စွမ်းရှိသည့် ဘာသာရေးစာပေ ပညာရှင်ကြီးများကို စုစည်းပြီး အကြံပေးပုဂ္ဂိုလ်များအဖြစ် ခန့်အပ်ခဲ့ပါသည်။

အကြံပေးပုဂ္ဂိုလ်များသည် ထေရဝါဒ ဗုဒ္ဓဘာသာစာပေပြန့်ပွားစေရန် အဓိကရည်သန်၍ ဗုဒ္ဓဘာသာတရားတော် အခြေခံအဆင့်၊ အထက်တန်း အဆင့်၊ အဆင့်မြင့်တန်း စာအုပ်များကို ရေးသားပြုစုခဲ့ပြီး အများပြည်သူတို့ လေ့လာနိုင်ရန် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ၁၉၉၆–ခုနှစ်၊ မြန်မာ့ခရီးသွားနှစ်မှ စ၍ မြန်မာနိုင်ငံသို့ လေ့လာလည်ပတ်ရန် ရောက်လာကြမည့် သုတ လိုလားသူ နိုင်ငံခြားသားတို့သည် ထေရဝါဒ ဗုဒ္ဓဘာသာ ဝေါဟာရ

များကို တိကျမှန်ကန်စွာ သိရှိပြီး လေ့လာလိုက်စားနိုင်ရေးအတွက် အင်္ဂလိပ်, ပါဠိ, မြန်မာ သုံးဘာသာဖြင့် ရေးသားပြုစုထားသော ဗုဒ္ဓဒေသနာတော် ဝေါဟာရအဘိဓာန် စာအုပ်ကိုလည်း အချိန်မီပြုစု ထုတ်ဝေပေးခဲ့ပါသည်။ ထို့နောက် ဗုဒ္ဓဘာသာတရားတော် စာအုပ်များကို အင်္ဂလိပ်စာပေဖြင့် လေ့လာလိုသူများအတွက် ရည်ရွယ်၍ ဗုဒ္ဓဘာသာ တရားတော် အခြေခံအဆင့် စာအုပ်ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုနေလျက် ရှိပါသည်။

ထိုသို့ ဗုဒ္ဓဘာသာစာပေ တိကျမှန်ကန်စွာ ထွန်းကားကျယ်ပြန့် တိကျရေးအတွက် ဆောင်ရွက်နေစဉ်မှပင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရ အဖွဲ့ဝင် သာသနာရေးဝန်ကြီး ဌာန၊ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်သည် သာသနာတော် တည်တံ့ပြန့်ပွား ထွန်းကားရေးအတွက် အဓိကအချက် ဖြစ်သော ဒကာများ နားလည်သင့်သော ဝိနည်းတရားတော်ကို မကျဉ်း မကျယ် နားလည်လွယ်အောင် ရေးသားပေးပါရန် ဤသို့ မေတ္တာရပ်ခံ လာပါသည်။

> "လူပုဂ္ဂိုလ်တို့သည် သာသနာတော်ကြီးကို အားပေးထောက်ပံ့ လိုသော ဆန္ဒကောင်းဖြင့် သံဃာတော်တို့ကို ဆည်းကပ်ကြ ပါသည်။ သံဃာတော်တို့ မငြိမငြင် မပင်မပန်း ပြည့်စုံချမ်းသာ စွာဖြင့် သာသနာ့ဝန်ကို ထမ်းဆောင်စေနိုင်ရန် ရည်သန်၍ နဝကမ္မဝတ္ထုများ၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး များနှင့် သာသနာတော်အတွက် အသုံးဝင်သော ပစ္စည်းပစ္စယများကို လှူဒါန်းကြပါသည်။ စေတနာသဒ္ဓါ ပြည့်ဝစွာ လှူဒါန်းမှု ဖြစ်သော် လည်း ဝိနည်းအရာ တတ်သိနားလည်မှု အားနည်းသဖြင့် သာသနာ့ ဝေါဟာရမှန်ကို မလျှောက်ထားတတ် မလှူဒါန်းတတ်ကြ

သောကြောင့် ရဟန်းတော်တို့အတွက် အပ်စပ်သော အလှူအဖြစ်သို့ ရောက်မလာကြပါ၊ ရဟန်းတော်များမှာ စေတနာကို ငဲ့၍ အလှူ ခံလိုက်ရသော်လည်း ဝိနည်းကြောင်းအရ စင်ကြယ်သန့်ရှင်းမှု နည်းပါးသွားတတ်ကြပါသည်။

" ဃရာဝါသ သမ္ဗာဓော၊ ကိစ္စများမြောင် လူတို့ဘောင်" ဟူသော စကားအရ လူတို့သည် လူမှုရေးရာကိစ္စရပ်များ များပြားလှပါသည်။ သာသနာတော်ကို ကြည်ညိုကြသော်လည်း ထူထဲကျယ်ဝန်းသော စာအုပ် စာပေတို့ကို ဖတ်ရှုရန် အချိန်မပေးနိုင်ကြပါ။ အချိန်တိုတိုနှင့် လိုရင်းဖော်ပြသော စာအုပ်ငယ်များကိုသာ ဖတ်ချိန်ပေးနိုင်ကြပါသည်။ လွယ်လင့်တကူ ယူဆောင်သွားနိုင်ပြီး အချိန်အားလျှင် ထုတ်ယူဖတ်နိုင်မှ ပို၍တွင်ကျယ်လာနိုင်ပါသည်။ စာအုပ်သေးလျှင် ဈေးနှုန်းသက်သာသွားမည်ဖြစ်၍ စာဖတ်ပရိသတ်တို့ လွယ်လင့်တကူလည်း ဝယ်ယူဖတ်ရှုနိုင်ပါသည်။ ထို့ကြောင့် ခရီးဆောင် ပေါ့ပေါ့ပါးပါး ဈေးနှုန်းသက်သာ ရှင်းလင်းလွယ်ကူစွာ အသိပညာပေးသော ဝိနည်းဗဟုသုတရရှိစေမည့် လက်စွဲစာအုပ်ငယ် ရေးသားပြုစုပေးပါရန်" ဟုမေတ္တာရပ်ခံခဲ့ပါသည်။

သာသနာရေးဝန်ကြီး၏ မေတ္တာရပ်ခံတိုက်တွန်းချက်အရ အကြံပေးပုဂ္ဂိုလ်ကြီးများသည် "ဘုရားရှင်အလိုတော်ကျ ကိုးကွယ်ဆည်းကပ်နည်း" စာအုပ်ကို အားထုတ်ပြုစုခဲ့ကြပါသည်။ ဝိနည်းတော်သည် သာသနာတော်၏ အသက်ဖြစ်ပါသည်။ (ဝိနယော နာမ သာသနဿ အာယု) ဝိနည်းသာသနာတည်တံ့ခိုင်မာမှသာ ဗုဒ္ဓသာသနာတော်မြတ် တည်တံ့ခိုင်မြဲမည်ဖြစ်ပါသည်။ (ဝိနယေ ဌိတေ သာသနံ ဌိတံ နာမ ဟောတိ)။

သို့ဖြစ်၍ အကြံပေးပုဂ္ဂိုလ်များသည် ကျမ်းပြုအယ်ဒီတာများဖြစ်ကြသော -

ဦးခင်ကျော်
ဦးကိုကိုမြိုင်
ဦးလှသိန်းထွန်း
ဦးဌေးဆောင်
ဦးသူရ

တို့၏ အကူအညီဖြင့် **"ဘုရားရှင် အလိုတော်ကျ ကိုးကွယ်ဆည်းကပ်နည်း"** ဟူသော ဤစာအုပ်ငယ်ကို ပြုစုခဲ့ကြပါသည်။

သာသနာ့ဝန်ထမ်း ရဟန်းသံဃာများမှာ လှူဒါယကာတို့က ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းခြင်း (ပစ္စယာနုဂ္ဂဟ)၊ ဒါယကာတို့အား နိဗ္ဗာန်ရောက်ကြောင်း တရားဒေသနာတော်များကို ချီးမြှင့်ရခြင်း (ဓမ္မာနုဂ္ဂဟ) တို့အတွက် လှူဥပါသကာများနှင့် အမြဲတစေ ဆက်ဆံနေကြရပေသည်။

ယင်းသို့ ဆရာ, ဒကာ ဆက်ဆံကြရာ၌ လှူဥပါသကာများ ဝိနည်းတရားကို မသိနားမလည်မှုကြောင့် ရဟန်းတော်များမှာ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ပညတ်ချက် ဝိနည်း ဥပဒေတော်များကို ကျူးလွန်မိကြရသည်။

ရဟန်းတော်များသည် ရွှေငွေကို မခံယူကောင်းဟု ပညတ်ချက်ရှိသော်လည်း ဆွမ်းကြီးလောင်းပွဲ၊ သိမ်ဆင်းပွဲ၊ အလှူပွဲများ၌ ဒကာ, ဒကာမများသည် ငွေစက္ကူများကို လက်ထဲရောက် ဆပ်ကပ်လှူဒါန်းနေကြသဖြင့် ရဟန်းတော်များမှာ မလွဲသာ မရှောင်သာ အပြစ်ဖြစ်ကြရပေသည်။ ဤသည်မှာ ဝိနည်းနားမလည်သောသူ လူအချို့ကြောင့် သီလဝန္တ ရဟန်းတော်တို့အား အပြစ်ဖြစ်ကြရခြင်း ဖြစ်သည်။

ရဟန်းတော်များအား ဆွမ်း၊ ခဲဖွယ် ဆပ်ကပ်ရာ၌လည်း နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်းက ဆပ်ကပ်ရမည်ကို မသိခြင်း၊

ဆပ်ကပ်သင့်သောအချိန်ကို မသိကြသဖြင့် မွန်းလွဲပိုင်းတွင် မုန့်ထုပ်၊ သစ်သီး၊ နို့ဆီဗူး၊ ယိုဗူး၊ ဆွမ်းဆန်စိမ်း၊ ငါးခြောက် စသည်တို့ကို ရဟန်းတော်များ လက်ထဲအရောက် ဆပ်ကပ်ကြခြင်းတို့သည် အလှူရှင်တို့ ဆည်းကပ်လှူဒါန်းပုံ မသိမလိမ္မာသဖြင့် သီလဝန္တ ရဟန်းတော်များ၏ သီလများညှိုးနွမ်းစေနိုင်ပါသည်။ အကယ်၍သာ ဝိနည်းအရာ လိမ္မာကျွမ်းကျင်ကြပါမူ သံဃာတော်တို့ အာပတ်ကင်းစင်ကြပေမည်။

"အနုတ္တရံ ပုညက္ခေတ္တံ လောကဿ" ဟူသော သံဃာ့ဂုဏ်တော်အရ သံဃာတော်တို့သည် ကောင်းမှုမျိုးစေ့ စိုက်ပျိုးဖို့ရာ အတုမရှိ ကောင်းမြတ်လှသည့် လယ်ယာမြေကောင်းကြီးနှင့်တူ၍ လှူတို့ပြုသော ကုသိုလ်ကောင်းမှုများမှာ မျိုးစေ့များနှင့် တူကြပါသည်၊ မျိုးစေ့က မည်မျှပင် အမျိုးအစားကောင်းလင့်ကစား မြေဩဇာညံ့ဖျင်းသည့် လယ်ယာမြေများ ဖြစ်နေပါက ရင်သန်ဖွံ့ဖြိုးကြီးထွားနိုင်သည့် အပင်မျိုး ဖြစ်လာနိုင်ကြမည် မဟုတ်ပါ၊ ဝိနည်းဥပဒေနှင့်အညီ ကျင့်သုံးနေထိုင်တော်မူကြသော သီလဝန္တ လဇ္ဇီပေသလ သိက္ခာကာမ ရဟန်းတော်များတည်းဟူသော မြေကောင်းများ၌ လှူဒါန်းစိုက်ပျိုးသည့် ကုသိုလ်မျိုးစေ့များသည်သာ ထက်သန်ဖွံ့ဖြိုး ကြီးကျယ်သည့်အကျိုးကို ပေးနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်က အင်္ဂုတ္တိုရ်ပါဠိတော် ဒေဝတာသံယုတ်၌-

"စိစစ်ရွေးချယ်၍ ပေးကမ်းလှူဒါန်းမှုမျိုးကို မြတ်စွာဘုရားတို့ ချီးမွမ်းတော်မူကြ၏၊ အဘယ်ပုဂ္ဂိုလ်မျိုး၌ လှူဒါန်းကြရမည်နည်း ဤလောက၌ အကျင့်သီလစသည်တို့နှင့်ပြည့်စုံသော သီလဝန္တ လဇ္ဇီပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်တို့သည် မြတ်သောအလှူကို ခံထိုက်ကုန်၏၊ ထိုပုဂ္ဂိုလ်မျိုးတို့၌ လှူဒါန်းသောကောင်းမှုတို့သည် လယ်ယာမြေကောင်း၌ စိုက်ပျိုးကြဲချလိုက်သည့် မျိုးစေ့ကဲ့သို့ အလှူအကျိုး ဖွံ့ဖြိုးကြီးမား များမြတ်ကုန်၏၊

ဤကဲ့သို့သော အယူမျိုးကို မြတ်စွာဘုရားတို့ ချီးမွမ်းတော်မူကြကုန်၏”ဟု ဟောတော်မူခဲ့ပါသည်။

အထက်ပါ ဒေသနာတော်အရ လူဒါယကာတို့သည် မြတ်စွာဘုရား ပညတ်တော်မူခဲ့သော ဝိနည်းသိက္ခာပုဒ်တော်များကို တတ်သိနားလည်ကြသဖြင့် ဝိနည်းအရာ လိမ္မာကျွမ်းကျင်ကြသောအခါ “တပည့်လိမ္မာ ဆရာအာပတ်လွတ်” ဟူသော စကားအတိုင်း ဆရာတော် သံဃာတော်တို့ အာပတ်မှလွတ်ကင်းအောင် ကူညီဆောင်ရွက်နိုင်ကြပါမည်၊ မိမိတို့ ချွေးနည်းစာဖြင့် လှူဒါန်းသော အလှူများလည်း အကျိုးထက်သန်လာမည် ဖြစ်ပါသည်။ သို့ဖြစ်၍ ဤစာအုပ်၌ ဒကာနှင့်ဆရာ ဆက်ဆံရာတွင် ဒါယကာတို့ သိသင့် သိထိုက်သော ဝိနည်းကျင့်ဝတ်များကိုသာ ထုတ်နုတ်ပြီး ရေးသားပြုစုထားပါသည်။

လှူဒါယကာ ဒါယိကာမများသည် သာသနာ၏ အသက်ဖြစ်သော ဝိနည်းတရားတော်ကို ထိုက်သင့်သည့်အလျောက် သိရှိနားလည်ထားကြလျက် ရဟန်းတော်များ၏ ဝေယျာဝစ္စကို ကောင်းစွာ စီမံဆောင်ရွက်ခြင်းဖြင့် သာသနာပြုနိုင်ကြပါစေသတည်း။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု
အကြံပေးပုဂ္ဂိုလ်များ
သာသနာရေးဝန်ကြီးဌာန

# ဘုရားရှင် အလိုတော်ကျ ကိုးကွယ်ဆည်းကပ်နည်း

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အခန်း (၁)


၁။ **ခဲဖွယ်ဘောဇဉ်များ ဆက်ကပ်ပုံ ဆက်ကပ်နည်း**

– ကပ်ရန်မလိုသောပစ္စည်းနှင့် ကပ်ရမည့်ပစ္စည်း ၁

– အကပ်မြောက်အင်္ဂါငါးပါး (ကပ်ပုံကပ်နည်း) ၃

– အကပ်ပျက်ကြောင်းခြောက်ပါး ၅

– တော်ပြီဟု တားမြစ်ပြီး ဆက်လက်စားမှုကြောင့် အာပတ်မသင့်အောင် ဆက်ကပ်နည်း ၆


## အခန်း (၂)


၂။ **အချိန်အခါအလိုက် ဆက်ကပ်ရသော စားသောက်ဖွယ်နှင့် ဆေးပစ္စည်းများ**

– မွန်းမတည့်မီအတွင်း သုံးဆောင်ကောင်းသော အာဟာရ (ယာဝကာလိက) ၉

– အရုဏ်မတက်မီအတွင်း သုံးဆောင်ကောင်းသော အဖျော်ရည်များ (ယာမကာလိက) ၁၀

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


- ယခင်ဖျော်ရည်များနှင့် အလားတူသော (အနုလောမ)ဖျော်ရည် ၁၁
- ဖျော်ရည်ပြုလုပ်ပုံ ၁၂
- ခုနစ်ရက်အတွင်း သုံးဆောင်ကောင်းသော အာဟာရ (သတ္တာဟကာလိက) ၁၃
- တစ်သက်လုံး သုံးဆောင်ကောင်းသော ဆေးပစ္စည်းများ (ယာဝဇီဝိက) ၁၄
- တစ်သက်သုံး (ယာဝဇီဝိက)ပစ္စည်း သတ်မှတ်ချက် ၁၅
- ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ၌ အပြစ်မဖြစ်အောင်လှူနည်း ၁၇
- ဆွမ်းတော်ကြီးကပ်လှူပွဲများ၌ သတိပြုဖွယ် ၂၁
- နံနက်ဆွမ်းကပ်လှူရာ၌ သတိပြုဖွယ် ၂၂
- အရုဏ်တက်ချိန် ဇယား ၂၄
- အရုဏ်ဆွမ်းလောင်းအသင်းများ သတိပြုဖွယ် ၂၆


## အခန်း (၃)


၃။ **ဆွမ်းစားပင့်ရာ ဆွမ်းကျွေးရာတို့၌ သတိပြုဖွယ်များ**
- ဆွမ်းစားပင့်ရာ၌ သတိပြုဖွယ် ၂၈
- မအပ်သော ဆွမ်းစားပင့်နည်း ၂၈
- အပ်သော ဆွမ်းစားပင့်နည်း ၂၉
- ဆွမ်းကျွေးရာ၌ သတိပြုဖွယ် ၃၀

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - အပ်စပ်သော ပန်းကန်၊ ခွက်၊ ယောက် | ၃၀ |
| | - မအပ်စပ်သော ပန်းကန်၊ ခွက်၊ ယောက် | ၃၀ |
| | - မကားအပ်သော အသားကြီး (၁၀)မျိုး | ၃၁ |
| | - အစွန်းသုံးပါး မလွတ်သော အသား | ၃၃ |

## အခန်း (၄)

| | | |
|---|---|---|
| ၄။ | **ရဟန်းတော်များ အပ်စပ်အောင် ပြုလုပ်ဆက်ကပ်နည်း** | |
| | - မျိုးစေ့ငါးမျိုး (ဗီဇဂါမ်) | ၃၅ |
| | - အပ်စပ်အောင် ကပ္ပိနည်း (၅)မျိုး | ၃၇ |
| | - ကပ္ပိယကာရကဆိုသည်မှာ | ၃၉ |
| | - ရဟန်းညွှန်ပြသော ကပ္ပိယ (၄)ယောက်ဟူသည် | ၄၀ |
| | - လှူရန်စေခိုင်းခံရသူ တမန်ကညွှန်ပြသော ကပ္ပိယ (၄)ယောက်ဟူသည် | ၄၀ |
| | - မည်သူကမျှ ညွှန်မပြသော ကပ္ပိယ(၂)ယောက်ဟူသည် | ၄၁ |

## အခန်း (၅)

| | | |
|---|---|---|
| ၅။ | **အလှူခံကောင်းအောင် ပြုလုပ်နည်း** | |
| | - ဆွေမျိုးမတော်သူ ဖိတ်မထားသူများအထံ၌ အလှူမခံကောင်းပုံ | ၄၂ |
| | - တောင်းသာတောင်း၍ မပေးကောင်းသူ စသော ပုဂ္ဂိုလ် (၄)မျိုး | ၄၄ |

စဉ် အကြောင်းအရာ စာမျက်နှာ

## အခန်း (၆)


၆။ **ရွှေ, ငွေကို အပ်စပ်အောင် လှူဒါန်းနည်း**

- ရွှေ, ငွေ တို့ကို အလှူမခံကောင်းပုံ ၄၆
- ရွှေ, ငွေ အပ်လျှင် ကာမဂုဏ်ငါးပါး အပ် ၄၇
- သင်္ကန်းဖိုးစသည်တို့ကို အပ်စပ်အောင်လှူနည်း ၄၉
- အခြားသူတစ်ယောက်ကို စေလွှတ်၍ သင်္ကန်းကို လှူဒါန်းပုံ ၄၉
- အပ်စပ်အောင်လှူရာ၌ အလှူရှင်နှင့် ကပ္ပိယတို့လျှောက်ထားနည်း ၅၀
- အလိုက်သိ ကပ္ပိယလုပ်ရပုံ ၅၃
- ရှင်ပြု, ရဟန်းခံ, အသုဘ အလှူစသည်တို့၌ ငွေလှူဒါန်းနည်း ၅၄
- အပြစ်နှင့်အကျိုး ၅၅
- ကျောင်းဆောက် ဘုရားတည်ရာ၌ အပ်စပ်အောင် ငွေလှူနည်း ၅၆
- စာမေးပွဲဆုတော်ငွေများကို အပ်စပ်အောင် ငွေလှူနည်း ၅၆
- တစ်ပေါင်းတည်း လျှောက်ထားပုံ ၅၇
- စာတိုက်မှ (မန်နီအော်ဒါဖြင့်)ပို့၍ ငွေလှူရာ၌ စာတိုက်မှူးနှင့် စာပို့လုလင်တို့ သတိထားဖွယ် ၅၈
- စာတိုက်မှူးများ သတိပြုရန် ၅၉

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - ပူဇော်ပွဲ, ဆွမ်းကြီးလောင်းပွဲတို့၌ နဝကမ္မဝတ္ထုငွေ အပ်စပ်အောင် လှူဒါန်းနည်း | ၆၀ |

## အခန်း (၇)

၇။ **ပစ္စည်းဝယ်ရာ၌ ကပ္ပိယကာရက-က ကူညီနည်း**

| | | |
|---|---|---|
| - ရှင်ပြုရဟန်းခံအတွက် ပစ္စည်းဝယ်ပေးရာ၌ သတိထားဖွယ် | ၆၁ |
| - ဈေးဝယ်လိုက်သူ ကပ္ပိယများ သတိထားဖွယ် | ၆၂ |
| - အပ်စပ်သော လဲလှယ်နည်း | ၆၃ |

## အခန်း (၈)

၈။ **ဆိတ်ကွယ်ရာ၌ ရဟန်းနှင့်အမျိုးသမီး တစ်ယောက်ချင်း မနေသင့်ပုံ**

| | | |
|---|---|---|
| - ယောကျ်ားအဖော်မပါဘဲ အမျိုးသမီးချည်းသက်သက် ရဟန်းထံမှ တရားမနာသင့်ပုံ | ၆၇ |
| - အမျိုးသမီး၏ ကိုယ်, လက်, အင်္ဂါ, ဆံပင်တို့ဖြင့် ရဟန်းတော်များအား မထိကောင်းပုံ | ၆၈ |
| - ရဟန်းတော်များထံ ပန်း, သစ်သီး စသည်တို့ကို မတောင်းကောင်းပုံ | ၆၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

- ရဟန်းတော်နှင့် တိုင်ပင်ချိန်းချက်၍ တစ်ဦးချင်း
ဘုရားဖူးခရီး စသည် အတူမသွားရပုံ ၇၄
- ရဟန်းတော်များနှင့် တစ်မိုးတစ်ရံတည်း
မအိပ်ကောင်းပုံ ၇၆

## အခန်း (၉)

၉။ **အမျိုးသမီးများ ရဟန်းတော်များထံ ချဉ်းကပ်နည်း**
- ရဟန်းတော်များနှင့် တစ်မိုးတစ်ရံတည်း၌
အတူမအိပ်ကောင်းပုံ ၈၀
- ရဟန်းတော်များထံ စာတက်ရာ၌ သံပြိုင်လိုက်
မဆိုရပုံ ၈၂
- ထီး, တောင်ဝှေး, ဓား စသည့်လက်နက်များကို
ကိုင်ပြီး တရားမနာသင့်ပုံ ၈၃
- ယာဉ် အိပ်ရာ စသည်၌နေ၍ တရားမနာကောင်းပုံ ၈၄
- ဦးထုပ်, ခေါင်းပေါင်း စသည်တို့ဖြင့်
တရားမနာကောင်းပုံ ၈၆

## အခန်း (၁၀)

၁၀။ **ရဟန်းသံဃာတော်များထံ ယဉ်ကျေးစွာ ဆည်းကပ်နည်း**
- ကိုယ်အမူအရာ (ကာယကံ) ယဉ်ကျေးမှု ၈၈
- နှုတ်အပြောအဆို (ဝစီကံ) ယဉ်ကျေးမှု ၉၂

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

## အခန်း (၁၁)

၁၁။ **ဝိနည်းရေးရာ အထွေထွေ သိမှတ်စရာ**


- ဝစီရိုင်းပြ ဇာတ်နိမ့်ကျ ၉၅
- သက်န်းဟူက ကိုးကွယ်ကြ ၉၇
- အလှဲသုံးစား မြဲရှောင်ရှား ၉၇
- အတုယူစရာ ဗုဒ္ဓခေတ် ဆရာ, ဒကာ ၁၀၁


******

# ဘုရားရှင် အလိုတော်ကျ
## ကိုးကွယ်ဆည်းကပ်နည်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အခန်း (၁)

## ခဲဖွယ်ဘောဇဉ်များ ဆက်ကပ်ပုံ ဆက်ကပ်နည်း

### ကပ်ရန်မလိုသော ပစ္စည်းနှင့် ကပ်ရမည့် ပစ္စည်း

ရဟန်းတော်များသည် မိမိရှေ့မှောက်ရောက်ရှိနေသော **ဆွမ်း ခဲဖွယ်** ဘောဇဉ်များကို ကိုယ်တိုင်ယူ၍ မဘုဉ်းပေး မသုံးဆောင်**ကောင်း** ပါချေ။ ကပ်မည့်သူများက ဆက်ကပ်မှသာ ဘုဉ်းပေးသုံးဆောင်**ကောင်း** ပါသည်။ ဤသို့ ဆက်ကပ်မှ စားခြင်းကား-မြတ်စွာ**ဘုရားရှင်၏** ပညတ်ချက် ဥပဒေစည်းမျဉ်းကြောင့်သာဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် ဝေသာလီ ပြည် မဟာဝုန်တော၌ သီတင်းသုံး တော်မူစဉ် ရဟန်းတော်တစ်ပါးသည် သုသာန်၌ ပံသုကူစုတင်ဆောင်လျက် နေ၏၊ ထိုရဟန်းသည် လူအများက ကောင်းမွန်လှသော ဆွမ်းသက်န်းတို့ကို လာရောက်လှူသော်လည်း လက်ခံလိုခြင်း အလျဉ်းမရှိ၊ သုသာန်, သစ်ပင်ရင်း

အမှိုက်ပုံတို့၌ လူအများက သေလွန်ပြီးသော မိဘ၊ ဦးကြီး၊ ဦးလေးတို့ စားသောက်ရန်ရည်စူး၍ ချထားခဲ့သော ဆွမ်း ဘောဇဉ်တို့ကို ကိုယ်တိုင်ယူ၍ စားသောက်သုံးဆောင်နေ၏။ ထိုရဟန်းသည် သုသာန်၌ စိတ်တိုင်းကျ စားနေရသဖြင့် ခန္ဓာကိုယ်ဆူဖြိုး၍ အဝတိုးလျက်ရှိသည်။

လူအများက သုသာန်၌ အလိုရှိတိုင်းစားနေရ၍ အလွန်ဝနေသော ရဟန်းကို မြင်ရသောအခါ ဤရဟန်းသည် လူသားစားရ၍သာ ဤသို့ဝခြင်း ဖြစ်မည်ဟုထင်ကာ ကဲ့ရဲ့ရှုတ်ချကြကုန်၏။

ဤအဖြစ်အပျက်ကို ဘုရားရှင်ကြားသိတော်မူသောအခါ မကြည်ညို သေးသောသူများ ကြည်ညိုလာစေရန် ကျင့်ကြံနေထိုင်ရသော ဤသာသနာ တော်၌ ရဟန်းတော်များသည် ဆွမ်း, ခဲဖွယ်, ဘောဇဉ် အာဟာရများကို ဆက်ကပ်သူများက ကိုယ်ထိလက်ရောက် မဆက်ကပ်ဘဲ ကိုယ်တိုင်ယူ၍ မဘုဉ်းပေး မသုံးဆောင်ရ၊ ဘုဉ်းပေးသုံးဆောင်လျှင် ပါစိတ်အာပတ် အပြစ်သင့်ရောက်စေဟု ဘုရားရှင်က စည်းကမ်းတော် သတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုပညတ်ချက်စည်းကမ်းမှာ အကြင်ရဟန်းသည် ရေနှင့် ဒန်ပူကို ကြဉ်ထား၍ မပေးမကပ်အပ်သော အစာအာဟာရကို ခံတွင်းဝသို့ဆောင်အံ့ (ဝါ) စားမျိုအံ့။ ထိုရဟန်းသည် ပါစိတ်အာပတ် အပြစ်သင့်ရောက်စေဟု ဖြစ်သည်။

ထို့ကြောင့် ရဟန်းသံဃာတော်များအား ဆွမ်းစသည် ဆက်ကပ် လှူဒါန်းသောအခါ သန့်စင်ကြည်လင်သော သောက်ရေနှင့် ဒန်ပူတို့ကို ကပ်ရန် မလိုပါ။

ဒန်ပူဟူသည် အိန္ဒိယထုံးစံအားဖြင့် သွားဖြင့်ဝါးကာ ဒန်ပူရည် ထွက်လာအောင် ဝါးလေ့ရှိ၏။ ထိုအရည်ထွက်မှ သွားပိုးမစားနိုင်ဘဲ

သွားစင်ကြယ်ခိုင်ခန့်သည်ဟု အယူရှိသည်။ တမာသား၊ ဇီးသား စသည်ကို လက်လေးငါးသစ်ခန့် အရှည်ပြုလုပ်ကြသည်။

ထိုသန့်စင်ကြည်လင်သော သောက်ရေသည် ခဲဖွယ် ဘောဇဉ်တွင် မပါဝင်သောကြောင့် လည်းကောင်း၊ ဒန်ပူကား စားသုံးသောပစ္စည်းမျိုး မဟုတ် သောကြောင့်လည်းကောင်း၊ ပင်ကိုယ်ကပင် အပ်စပ်သောပစ္စည်းများ ဖြစ်၍ ကပ်ရန်မလိုခြင်း ဖြစ်ပါသည်။

အထက်ပါ ရေနှင့်ဒန်ပူမှတပါး ကျန်သောဆွမ်း, အသား, ငါးဟင်း, မုန့်မျိုးစုံ, သစ်သီးမျိုးစုံ, ဖျော်ရည်မျိုးစုံနှင့် ဆေးပစ္စည်းမျိုးစုံတို့ကိုကား ရဟန်းတော်များအကပ်ခံပြီးမှသာ ဘုဉ်းပေးသုံးဆောင် ကောင်းသောကြောင့် ကပ်ရမည့်ပစ္စည်းများ ဖြစ်ပါသည်။

ရထရေဏုမြူမှုန်ဟူသည်–ရထား၊ ကား၊ လှည်း စသည်တို့ သွားလာခြင်းကြောင့် ထကြွလာသောမြူမှုန်တည်း၊ တံမြက်လှည်း၍ လေတိုက်၍ ထသော မြူမှုန်များလည်း ရထရေဏုမြူမှုန်ပင် ဖြစ်ပါသည်။

သောက်ရေထဲသို့ ထိုရထရေဏုမြူမှုန်ကျလျှင်ကား သောက်ရေသည် မအပ်စပ်တော့ပြီ။ သို့ဖြစ်၍ ရထရေဏုမြူမှုန်ကျသည်ဟု ထင်လျှင် သောက်ရေကိုလည်း အကပ်ခံရပါမည်။ ရေစစ်ဖြင့် စစ်ထားသည့် သောက်ရေကိုမူ အကပ်ခံရန် မလိုချေ။

ထို့ကြောင့် မြတ်စွာဘုရားရှင်က ပရိက္ခာရာရှစ်ပါးတွင် ရေစစ်ကို ခွင့်ပြုတော်မူခြင်း ဖြစ်ပါသည်။

**အကပ်မြောက်အင်္ဂါငါးပါး (ကပ်ပုံကပ်နည်း)**

၁။ ကပ်မည့်သူက ကပ်မည့်ပစ္စည်းကို မ,ယူ၍ ရဟန်းဘက်သို့ ဦးတည်၍ ဆောင်ယူလာခြင်း (ဝါ) ဦးညွတ်၍ ရှေ့သို့တိုးပေးခြင်း။ (ရှေးရှုလည်းဆောင်)

၂။ ကပ်မည့်သူသည် အကပ်ခံမည့်ရဟန်း၏ နှစ်တောင့်ထွာ (ဟတ္ထပါသ်) အတွင်း၌ ရောက်နေရခြင်း။ (နှစ်တောင့်ထွာရောက်)

၃။ အားအလတ်စားရှိသူ တစ်ယောက်တည်း မြှောက်ချီနိုင်သော ဝတ္ထုပစ္စည်းဖြစ်ရခြင်း။ (မြှောက်နိုင်ဝတ္ထု)

၄။ ကိုယ်ဖြင့်ဖြစ်စေ၊ ကိုယ်နှင့်စပ်သော (ကိုင်ထားထိထားသော) ခွက်စသည်ဖြင့် ဖြစ်စေ၊ လောင်းငုံ့၍ ဖြစ်စေ ဤသုံးမျိုးတွင် တစ်မျိုးမျိုးဖြင့် ကပ်မည့်သူက ပေးရခြင်း။ (သုံးခုပေးခြင်း)

၅။ ကိုယ်ဖြင့်ဖြစ်စေ၊ ကိုယ်နှင့် စပ်သော (ကိုင်ထားသော) ခွက်, တုတ် စသည်ဖြင့်ခံ၍ တို့၍ ထိ၍ဖြစ်စေ၊ ဤနှစ်မျိုးတွင် တစ်မျိုးမျိုးဖြင့် အကပ်ခံရဟန်းက ခံယူရခြင်း။ (ခံခြင်းနှစ်လျောက်)

**(ဆောင်)** ရေးရှုလည်းဆောင်၊ နှစ်တောင့်ထွာရောက်၊ မြှောက်နိုင်ဝတ္ထု၊ သုံးခုပေးခြင်း၊ ခံခြင်းနှစ်လျောက်၊ ကပ်ခံမြှောက်၊ မှတ်လောက် အင်္ဂါငါးပါးတည်း။

ဤအချက်ငါးချက်နှင့်ပြည့်စုံမှ ဆက်ကပ်မှုအထ မြောက်၍ ရဟန်းတော်များ ဘုဉ်းပေးသုံးဆောင်ကောင်းသည်။

ဤငါးပါးချို့ယွင်းစွာ ဆက်ကပ်ခြင်းသည် အထမြောက်သော ကပ်ခြင်း မည်၏။ ထိုအကပ်မမြောက်သော ပစ္စည်းကို ဘုဉ်းပေးမိပါက လုံးဝ မဆက်ကပ်ရသေးသောပစ္စည်းကို ဘုဉ်းပေးသကဲ့သို့ပင် ပါစိတ်ခေါ် အာပတ်အပြစ် သင့်လေသည်။ ထို့ကြောင့် ဒါယကာများသည် ဤဆက်ကပ် နည်းများကို သိထားရန်လိုပါသည်။

ထိုပြအပ်ခဲ့သော အချက်ငါးချက်တွင် "ကပ်မည့်သူသည် အကပ် ခံမည့်ရဟန်း၏ နှစ်တောင့်ထွာ (ဟတ္ထပါသ်) အတွင်း၌ ရောက်နေ ရခြင်း" ဟူသော အချက်သည် အလှူရှင်များ အထူးသတိထားရမည့် အချက်ဖြစ်သည်။

နှစ်တောင့်ထွာ (ဟတ္ထပါသ်) အရပ်ကိုတိုင်းရာ၌ ရှေ့မှလာ၍ ကပ်ရာဝယ် ရဟန်းကထိုင်နေလျှင် ရဟန်း၏တင်ပါး နောက်ဘက်စွန်းဖြင့်၊ ရပ်နေလျှင် ဖနောင့်စွန်းဖြင့်၊ စောင်းလျက်လှဲနေလျှင် စောင်းသော နံပါးနောက်ဘက်စွန်းဖြင့် စတင်တိုင်းရသည်၊ ရဟန်းက ဝမ်းလျားမှောက်နေ၍ ဦးခေါင်းနား၌လာပြီး ကပ်လျှင် ဦးခေါင်းစွန်း၏ အနီးဆုံးဖြစ်သော လည်ပင်းမှစ၍ တိုင်းရသည်။ လှမ်းယူသော ရဟန်း၏လက်မှ စတင်၍ မတိုင်းရ။

ကပ်သူအတွက်လည်း လှမ်းပေးသောလက်မှတပါး အခြားသော အနီးဆုံးအင်္ဂါ၏ ဤဘက်အစွန်းဖြင့် တိုင်းတာရသည်။

(စားပွဲကြီး အလယ်ခြား၍ အကပ်ခံကြရာ၌ ရဟန်းတော်နှင့် အနီးဆုံးလူတို့၏ နှစ်တောင့်ထွာ (ဟတ္ထပါသ်)ကို တိုင်းတာရမည်။)

မိသားစု အားလုံးဖြစ်စေ၊ အသင်းအဖွဲ့လူကြီး လေးငါးဦးဖြစ်စေ၊ စုပေါင်း ဆပ်ကပ်မှုနှင့် စပ်လျဉ်း၍ တစ်ယောက်တည်းကြွနိုင်သော စားပွဲကို ဟင်း ဖိတ်မည် စိုး၍ လူအများစုကပ်ခြင်း၊ စားပွဲအခင်းများ ကြမ်းပြင်မှာ ထိနေခြင်း၊ ကပ်မည့်သူက ရှေးရှုဆောင်၍ နှစ်တောင့်ထွာ အတွင်း ရောက်နေသော ဝတ္ထုကို ရဟန်းတော်က လက်မြှောက်လှမ်းယူ၍ အကပ်ခံခြင်းများ၌ အကပ်မြောက်သည်ဟုချည်း မှတ်ရမည်။ အား အလယ်အလတ်ရှိသူ မမ,နိုင်သည့် စားပွဲကြီးမျိုးဖြစ်ပါက စားပွဲပေါ်ရှိခဲဖွယ်, ဘောဇဉ်များကို တစ်ခုစီ ဆက်ကပ်ရမည်။ ကပ်သူနှင့် အကပ်ခံသူရဟန်းတို့ နှစ်တောင့်ထွာအတွင်း ဖြစ်နေဖို့သာလိုရင်းဖြစ်သည်။

**အကပ်ပျက်ကြောင်း ခြောက်ပါး**

၁။ အကပ်ခံပြီးသောအစာကို မပေးမကမ်းအံ့ဟု အာလယပြတ် (ငဲ့ကွက်မှုမရှိဘဲ) စွန့်လွှတ်လိုက်ခြင်း။

၂။ ရဟန်းသိက္ခာချခြင်း။ (လူသာမဏေအဖြစ်ပြောင်းလဲသွားခြင်း)
၃။ ရဟန်းမှတပါး အခြားသူကို ပေးလိုက်ခြင်း။
၄။ လူသာမဏေတို့က လုယူသွားခြင်း။
၅။ ရဟန်းပျံလွန်တော်မူခြင်း။
၆။ ရဟန်းယောက်ျားဘဝမှ ရဟန်းမ (သို့) ရဟန်းမဘဝမှ ရဟန်းယောက်ျားဖြစ်ခြင်းဟူသော လိင် ဘဝ အသွင်အပြင် ပြောင်းလဲသွားခြင်း။

**(ဆောင်)** စွန့်ချ–ပေး–လု၊ မစ္စု–လိင်ပြန်၊ ဤခြောက်တန်၊ ကပ်ခံပျက်ကြောင်းတည်း။ (မစ္စု=ပျံလွန်တော်မူခြင်း)

အထက်ပါအချက် (၆)ပါးတို့တွင် တစ်ပါးပါးကြောင့် အကပ်ခံပြီးသော ဆွမ်း, ခဲဖွယ်, ဘောဇဉ်များ အကပ်ပျက်သွားပါတော့သည်။

ဤအကပ်ခံပျက်ခြင်း၌–တစ်ပါးပိုင်စားဖွယ် အာဟာရသာ အကပ်ခံပျက်သည်။ ၂–ပါး၊ ၃–ပါးစသည် ပိုင်ဆိုင်သော စားဖွယ်အာဟာရ၌ တစ်ပါးက စွန့်ရုံမျှဖြင့် အကပ်မပျက်နိုင်ပါ။

သူတပါးကိုပေးလိုက်ခြင်းကြောင့် အကပ်ပျက်၏ဟုဆိုရာ၌ နှုတ်က ပေးသော်လည်း လက်မလွှတ်သေးလျှင် အကပ်မပျက်ပါ။

ဆွမ်း၊ အချိုပွဲ ဘုဉ်းပေးနေစဉ် အလှူရှင်များလာ၍ ထိကိုင်ရာ၌ ရဟန်းကပေးစွန့်မှသာ အကပ်ပျက်ရကား ရဟန်းကလက်ဖြင့် ထိကိုင်၍ မထားစေကာမူ အကပ်မပျက်ပါ။

သို့ဖြစ်၍ ကပ်ပြီးပစ္စည်းကိုကိုင်ကောင်းပါသည်။

**တော်ပြီဟုတားမြစ်ပြီး ဆက်လက်စားမှုကြောင့်**
**အာပတ်မသင့်အောင် ဆက်ကပ်နည်း**

ရဟန်းတော်များသည် ဘောဇဉ်ငါးပါးတွင် တစ်ပါးပါးကို တစ်ချို့တစ်ဝက်စားပြီးနောက် ကျန်တစ်ချို့ကို ဆက်လက်စားနေစဉ်

"တော်ပြီ–တန်ပြီ စသည်ဖြင့် တားမြစ်မိလျှင် ပဝါရိတ်သင့်၏။ ထိုသို့ ပဝါရိတ်သင့်ပြီးနောက် ဣရိယာပုတ်တစ်မျိုး မပြောင်းလဲဘဲ ခဲဖွယ်, ဘောဇဉ်ကို ဆက်လက်စားလျှင် ပါစိတ်အာပတ် သင့်ပါသည်။

ပဝါရိတ်ဟူသည် ဆွမ်းစားနေစဉ် ဆွမ်းဘုဉ်းပေးမပြီးမီ ဆက်ကပ်ရန် ဆောင်ယူလာသည့် ဘောဇဉ်ငါးပါးတည်းမှ တစ်ပါးပါးကို"တော်ပြီ" ဟု တားမြစ်ခြင်းတည်း။ ထိုသို့ တားမြစ်ရုံမျှဖြင့် အာပတ်မသင့်သေးပါ။ တားမြစ်ပြီး ဣရိယပုတ်မပြောင်းဘဲ ဆက်လက် ဘုဉ်းပေးမှ အာပတ် သင့်ပါသည်။

ရဟန်းတော်များ ဆွမ်းဘုဉ်းပေးနေစဉ် နှစ်တောင့်ထွာ ဟတ္ထပါသ် အပြင်ဘက်က ပေးလှူသည်ကို "တော်ပြီ၊ မထည့်တော့နှင့်" စသည်ဖြင့် နှုတ်ဖြင့်ပယ်မြစ်သော်လည်း တားမြစ်ရာမရောက်ပါ။ (ပဝါရိတ်မသင့်ပါ)

အစားအစာကို မြှောက်မ၍ နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်းသို့ ဆောင်ယူလာခိုက်တွင် ပယ်မြစ်မှ (ပဝါရိတ်သင့်သည်) တားမြစ်ရာ ရောက်သည်။ အစားအစာကို မမြှောက်ဘဲသော်လည်းကောင်း၊ ဟတ္ထပါသ် အပြင်ဘက်မှသော်လည်းကောင်း "ပြည့်စုံပြီလားဘုရား၊ ထည့်ရအုံးမလား ဘုရား" ဟု နှုတ်ဖြင့်မေးသည်ကို ပယ်မြစ်ရာ၌ (ပဝါရိတ်မသင့်) တားမြစ်ရာ မရောက်ပါ။

ထို့ကြောင့် အလှူရှင်များသည် ရဟန်းတော်များဆွမ်းဘုဉ်းပေးနေစဉ် ဟတ္ထပါသ်အပြင်ဘက်မှဖြစ်စေ၊ အစားအစာကို မမြှောက်ဘဲဖြစ်စေ၊ "ပြည့်စုံ ပြီလားဘုရား၊ ထည့်ရအုံးမလားဘုရား" ဟု နှုတ်ဖြင့်သာ လျှောက်ထား မေးမြန်းကြရမည်၊ ထိုသို့ မေးမြန်းလျှောက်ထားလျှင်

ရဟန်းတော်က တားမြစ်မိသော်လည်း ပဝါရိတ် မသင့်၍-ဆက်လက်ဘုဉ်းပေးကောင်း ပါသည်။

ဤလျှောက်ထားနည်းကို အလှူရှင်များ တတ်သိနားလည်ထားသင့်ပါသည်။

******

# အခန်း(၂)

## အချိန်အခါအလိုက် ဆက်ကပ်ရသောစားသောက်ဖွယ်နှင့် ဆေးပစ္စည်းများ

**မွန်းမတည့်မီအတွင်း သုံးဆောင်ကောင်းသော အာဟာရ (ယာဝကာလိက)**

ရဟန်းတော်များအတွက် အရုဏ်တက်ချိန်မှ နေမွန်းတည့်တိုင်အောင် ဘုဉ်းပေးသုံးဆောင်ကောင်းသော အာဟာရတို့သည် နံနက်သုံးအာဟာရ (ယာဝကာလိက) မည်၏။ ယင်းနံနက်သုံး ယာဝကာလိကတို့ကား -

(၁) ထမင်း

(၂) ဆန်၊ ဆန်နှင့်လုပ်သော မုန့်မျိုးစုံ

(၃) မုယော (ဂျုံ)၊ မုယော (ဂျုံ)နှင့်လုပ်သော မုန့်မျိုးစုံ

(၄) ငါးဖြင့်ပြုလုပ်သော စားဖွယ်သောက်ဖွယ်များ

(၅) အသား၊ အသားဖြင့် ပြုလုပ်သော ဟင်းလျာ စသော စားဖွယ်များ ခဲဖွယ် ဘောဇဉ်များနှင့် (နွားနို့, လဖက်ရည် စသော သောက်ဖွယ် များ) အစားအစာ အာဟာရတို့ ဖြစ်ပါသည်။

ချဲ့၍ဆိုရလျှင် စပါးအမျိုးမျိုးနှင့် ပဲအမျိုးမျိုးတို့ကို မီးဖြင့် ကြော် လှော် ချက်ပြုတ် ဖုတ်ကင် ပေါင်းအုံး၍ ပြုသမျှသော စားဖွယ်များ၊

ကိတ်, ဘီစကစ် စသော မုန့်များ၊ နို့မှုန့်၊ ဟောလစ်၊ အိုဗာတင်း၊ မိုင်လို၊ နို့ဆီ၊ ယိုအမျိုးမျိုး စသော ဗူးသွတ်အစားအစာများ၊ ထမင်း ဟင်း မုန့်အဖြစ် မဟုတ်၊ ဆေးမဟုတ်ဘဲ သွားရေစာအဖြစ် စားသုံးသော အမြစ်, ဥ, ပင်စည်, အခေါက်, အရွက်, အညွန့်, အဖူး, အပွင့်, အသီး, အစေ့, အမှုန့် ဟူသော ခဲဖွယ်များသည်လည်း မွန်းမလွဲမီ နံနက်ပိုင်း၌သာ သုံးဆောင်ကောင်းသော(ယာဝကာလိက) စားဖွယ်, ခဲဖွယ်များ ဖြစ်ပေသည်။

ခဲဖွယ် ဘောဇဉ်ဟူသော စကားရပ်၌ -

ရဟန်းတော်များအား အချိုပွဲ ဆက်ကပ်လှူဒါန်းသောအခါ အချိုပွဲ စားပွဲပေါ်၌ရှိသော လဖက်ရည်, မုန့်မျိုးစုံ, သစ်သီးမျိုးစုံ စသော အစာအာဟာရကို ခဲဖွယ်ဟုလည်းကောင်း၊ ဆွမ်းဆက်ကပ်လှူဒါန်းသော အခါ ဆွမ်းစား စားပွဲပေါ်၌ရှိသော ဆွမ်းနှင့် ဆွမ်းဟင်းမျိုးစုံဖြစ်သော အစာအာဟာရကို ဘောဇဉ်ဟုလည်းကောင်း အကြမ်းဖျင်းအားဖြင့် ယာဝကာလိက ခဲဖွယ် ဘောဇဉ်ကို နားလည်ထားသင့်ပေသည်။

## အရုဏ်မတက်မီအတွင်း သုံးဆောင်ကောင်းသော အဖျော်ရည်များ (ယာမကာလိက)

အကပ်ခံသည့်အချိန်မှစ၍ အရုဏ်မတက်မီ မိုးသောက်ယံတိုင်အောင် သုံးဆောင်နိုင်သော အဖျော်ရည်သည် တစ်ရက်သုံး သောက်ဖွယ်အာဟာရ (ယာမကာလိက)မည်၏။

ယင်းသောက်ဖွယ်အဖျော်သည် ပါဠိတော် တိုက်ရိုက်လာ (၈)မျိုး ရှိသည်။ ယင်းတို့ကား -

၁။ သပြေသီး ဖျော်ရည်
၂။ သရက်သီး ဖျော်ရည်

၃။ သပြေက်သီး (မုဒရက်သီး) ဖျော်ရည်
၄။ မြရာသီး (ဖက်သက်သီး) ဖျော်ရည်
၅။ မယ်စယ်သီး (သစ်မည်ဆီသီး) ဖျော်ရည်
၆။ အိမ်ငှက်ပျောသီး ဖျော်ရည်
၇။ တောငှက်ပျောသီး ဖျော်ရည်
၈။ ကြာစွယ် ဖျော်ရည်ဟူ၍ (၈)မျိုး ဖြစ်သည်။

**ဆောင်။** ။သပြေ–သရက်၊ မုဒရက်၊ ဖက်သက်–သစ်မည်ဆီ၊
တော, အိမ်–ငှက်ပျော၊ ကြာစွယ်နှော၊ မှတ်လောရှစ်ဖျော်ရည်။

## ယခင်ဖျော်ရည်များနှင့်အလားတူသော (အနုလောမ) ဖျော်ရည်

ပြခဲ့ပြီးသော ဖျော်ရည် (၈)မျိုး၌ မန်ကျည်းဖျော်ရည်, ဇီးဖျော်ရည် စသည်တို့ မပါဝင်သေးပေ၊ ထိုမန်ကျည်းဖျော်ရည် စသည်တို့ကို တိုက်ရိုက်ပြဆိုခဲ့ပြီးသော ဖျော်ရည် (၈)မျိုးတို့နှင့်တူသော (အနုလောမ) အပ်စပ်သော ဖျော်ရည်ဟုခေါ်သည်။

ထိုအနုလောမဖျော်ရည်တို့ကား –

၁။ သီးသီး ဖျော်ရည်
၂။ ခံသီး ဖျော်ရည်
၃။ ကြို့သီး ဖျော်ရည်
၄။ ကြိမ်သီး ဖျော်ရည်
၅။ မန်ကျည်း ဖျော်ရည်
၆။ ရှောက်ဖျော်ရည်– စသည်တို့ဖြစ်သည်။

**ဆောင်။** ။သီးသီး, ခံသီး, ကြို့, ကြိမ်သီး, မန်ကျည်း, ရှောက်တစ်လီ။
အနုလောမ၊ ကျမ်း၌ပြ၊ ပါနမျိုးအမည်။

သံပရာသီးဖျော်ရည်၊ လိမ္မော်သီးဖျော်ရည်၊ ကမ္ဗလာသီးဖျော်ရည်၊ ရှောက်ပန်းသီးဖျော်ရည်တို့ကိုလည်း ရှောက်ဖျော်ရည်၌ ရေတွက်၍ အနုလောမဖျော်ရည်ဟုပင် ခေါ်ရပါသည်။

## ဖျော်ရည်ပြုလုပ်ပုံ

ဖျော်ရည်ပြုလုပ်ရာ၌ ရေစိမ်းဖြင့်ပြုလုပ်ရပါသည်။ ဖျော်ရည်ပြုလုပ်မည့်သစ်သီးများကိုလည်း မီးဖြင့်မချက်ပြုတ်ဘဲ သူ့ချည်းပင်ကိုယ်အတိုင်း ပြုလုပ်ရပါသည်။

မန်ကျည်းသီး ရှောက်သီး လိမ္မော်သီးများကို မီးဖြင့်ချက်၍ ဖျော်ရည်လုပ်ထားလျှင် အမှုန်မပါသော်လည်း တစ်ရက်သုံး (ယာမကာလိက) မဟုတ်၊ တစ်နံနက်သုံး (ယာဝကာလိက) ဖြစ်သွားတော့သည်။

သို့ဖြစ်၍ ယခုအခါ နိုင်ငံခြားမှလာသော ကမ္ဗလာသီးဖျော်ရည်ဗူး စသည်တို့၌ အဖတ်များပါလာလျှင် အဖတ်မပါအောင် စစ်၍ ဆက်ကပ်ရပါမည်။

ဖျော်ရည်ဖျော်ရန် မန်ကျည်းသီး, ရှောက်သီး စသည်တို့ကို နေ မွှန်းလွဲလျှင် မဆက်ကပ်ကောင်းတော့ပါ။ အထူးသတိပြုရန်မှာ–ဖျော်ရည်ကို ဆက်ကပ်လှူဒါန်းသောအခါ အဖတ်မပါအောင် စင်ကြယ်စွာစစ်၍ ဆက်ကပ်ရမည်ကို သတိပြုသင့်ပါသည်။

ဖျော်ရည်ကို ရဟန်းတော်များ ဆာလောင်သည်ဟု ဆိုမှသာ ဆက်ကပ် လှူဒါန်းရပါမည်။

ရဟန်းတော်များအား မဆက်ကပ် မလှူဒါန်းကောင်းသော ဖျော်ရည် (၉)မျိုး ရှိပါသည်။

ထိုမဆက်ကပ်, မလှူဒါန်းကောင်းသော ဖျော်ရည် (၉)မျိုးမှာ -

၁။ ဗူးသီး ဖျော်ရည်
၂။ ဖရုံသီး ဖျော်ရည်
၃။ အုန်းသီး ဖျော်ရည်
၄။ ထန်းသီး ဖျော်ရည်
၅။ အိမ်ပိန္နဲသီး ဖျော်ရည်
၆။ တောင်ပိန္နဲသီး ဖျော်ရည်
၇။ သခွားကြောင်သီး ဖျော်ရည်
၈။ သခွားပြွတ်သီး ဖျော်ရည်
၉။ သခွားဆစ်သီး ဖျော်ရည်- တို့ဖြစ်သည်။

**ဆောင်။** ။ထန်း, အုန်း-နှစ်တွဲ၊ ပိန္နဲ-နှစ်စုံ၊ ဗူး,ဖရုံ၊ မှတ်တုံ သုံး-
သခွား။

## ခုနစ်ရက်အတွင်း သုံးဆောင်ကောင်းသော အာဟာရ (သတ္တာဟကာလိက)

အကပ်ခံပြီးသည်မှစ၍ ခုနစ်ရက်ကြာအောင်ထား၍ ဘုဉ်းပေး သုံးဆောင်ကောင်းသော အာဟာရတို့သည် ခုနစ်ရက်သုံး (သတ္တာဟ ကာလိက) အာဟာရတို့မည်၏။

ယင်းတို့ကား -

၁။ ထောပတ်
၂။ ဆီဦး (ထောပတ်ချက်ရာ၌ အဦးဆုံးတက်လာသော ဆီအကြည်)
၃။ ဆီ (စားသုံးဆီ)

၄။ ပျားရည်
၅။ တင်လဲ၊ သကာ၊ သကြား၊ ထန်းလျက်၊ ချိုချဉ်တို့ဖြစ်သည်။

အထက်ပါအာဟာရတို့ကို အချိန်မရွေး ဆက်ကပ်ကောင်းပါသည်။ ဆက်ကပ်ပြီးနောက် ခုနစ်ရက်အတွင်းမှာသာ သုံးဆောင်ကောင်းသည်။ ခုနစ်ရက်ကျော်မှသုံးဆောင်လျှင် ရဟန်းတော်များ အာပတ်အပြစ်သင့်သည်။

**တစ်သက်လုံး သုံးဆောင်ကောင်းသော ဆေးပစ္စည်းများ (ယာဝဇီဝိက)**

တစ်ကြိမ်အကပ်ခံပြီးလျှင် တစ်သက်လုံးထား၍ ဘုဉ်းပေးသုံးဆောင်နိုင်သော အာဟာရတို့သည် တစ်သက်သုံး အာဟာရ (ယာဝဇီဝိက) တို့မည်ကုန်၏။

ယင်းတို့ကား -

၁။ ငရုတ်ကောင်း
၂။ လေးညှင်း
၃။ ဆား
၄။ ချင်း
၅။ ကြက်သွန်-စသော ဆေးဖက်ဝင်ပစ္စည်းအမျိုးမျိုးတို့ဖြစ်သည်။

အထက်ပါပစ္စည်းများကိုလည်း မည်သည့်အချိန်အခါမဆို ဆက်ကပ်ကောင်းပါသည်။ တစ်ကြိမ်အကပ်ခံပြီးလျှင် တစ်သက်လုံး အလိုရှိသလို မကျန်းမာသောအခါ သုံးဆောင်နိုင်ပါသည်။ အံကြောင်းမဲ့သက်သက် မသုံးဆောင်ကောင်းပါ။

ယာမကာလိကဖျော်ရည်တို့ကို ရဟန်းတော်များဆာလောင်သောအခါ၌ဖြစ်စေ၊ မကျန်းမာနေသောအခါ၌ဖြစ်စေ ဆက်ကပ် ကောင်းပါသည်။

သတ္တာဟကာလိက၊ ယာဝဇီဝိက ပစ္စည်းတို့ကို ရဟန်းတော်များ မကျန်းမာမှသာ ဆက်ကပ်ကောင်းပါသည်။

**တစ်သက်သုံး (ယာဝဇီဝိက) ပစ္စည်းသတ်မှတ်ချက်**

(က) ဖော်ပြခဲ့သည့် အချိန်ပိုင်းသုံးပစ္စည်း (၃)မျိုး မဟုတ်ခြင်း၊

(ခ) နံနက်စာ, ညနေစာအဖြစ် လူများ စားသုံးလေ့မရှိခြင်း၊ ဟူသော အချက်(၂)ချက်ဖြင့် ညှိနှိုင်းဆုံးဖြတ်ရပါမည်။

ဤတစ်သက်သုံးပစ္စည်းကို အခြားအချိန်ပိုင်းသုံးပစ္စည်းသုံးမျိုးနှင့် မရောနှောမှသာ တစ်သက်သုံး (ယာဝဇီဝိက) ပစ္စည်းဖြစ်၍ သူ့ချည်းသက်သက်သာ ဆက်ကပ်လှူဒါန်းကောင်းပါသည်။

အထက်ပါ အချိန်ပိုင်းသုံး (ကာလိက) လေးမျိုးတို့တွင် တစ်ကြိမ် အကပ်ခံထားလျှင် တစ်ရက်သုံး (ယာမကာလိက)၊ ခုနစ်ရက်သုံး (သတ္တာဟကာလိက) နှင့် တစ်သက်သုံး (ယာဝဇီဝိက) ပစ္စည်းသုံးမျိုး တို့သည် မွန်းလွဲချိန်တွင် ကပ်ကောင်းဘုဉ်းပေးကောင်းသော အာဟာရ ပစ္စည်းများဖြစ်ပါသည်။

ကျန်သည့်နံနက်ပိုင်းသုံး (ယာဝကာလိက) သည် အရုဏ်တက်သည် မှ နေမွန်းတည့် ၁၂–နာရီအထိသာ ဆက်ကပ်ကောင်း ဘုဉ်းပေးကောင်း သော အာဟာရပစ္စည်းဖြစ်ပါသည်။

မွန်းလွဲချိန်တွင် ဆက်ကပ်၍မရ၊ ဆက်ကပ်၍ အကပ်ခံလိုက်လျှင် ရဟန်းတော်များ ဒုက္ကဋ်အာပတ်သင့်၍ ဘုဉ်းပေးလျှင် ပါစိတ်အာပတ်ဟု ခေါ်သော ဝိနည်းပြစ်သင့်ရောက်ပါသည်။

အထက်ပါအချိန်သတ်မှတ်ချက်ရှိသည့် အာဟာရပစ္စည်းများကို အကပ်ခံပြီးလျှင် အကပ်ခံသည့်အချိန်မှစ၍ သတ်မှတ်ထားသည့် အချိန်ပိုင်း

အတွင်း၌သာ ဘုဉ်းပေးသုံးဆောင်ခွင့်ရှိသည်။ သတ်မှတ်ချက် အချိန်လွန်ပြီးမှ ဘုဉ်းပေးသုံးဆောင်လျှင် အာပတ်အပြစ်သင့်ပါသည်။

ဥပမာ – နံနက်ပိုင်းသုံးပစ္စည်းကို နံနက်ပိုင်း၌ အကပ်ခံလျှင် ထိုအကပ်ခံသည့် နံနက်အချိန်၌သာ သုံးဆောင်ခွင့်ရှိသည်။ အကပ်ခံပြီး ရှင်သာမဏေ ကျောင်းသားတို့အား မစွန့်ဘဲ နောက်တစ်နေ့နံနက်ရောက်မှ သုံးဆောင်လျှင် အာပတ် အပြစ်သင့်ရောက်လေသည်။

ဤနည်းအားဖြင့် စားသောက်ဖွယ် ပစ္စည်းများကို သက်ဆိုင်ရာ အချိန်ပိုင်း လွန်အောင်ထား၍ သုံးဆောင်လျင် အာပတ်အပြစ်သင့်သည်။

သို့ဖြစ်ရာ အလှူရှင်တို့သည် မိမိတို့လှူမည့် စားသောက်ဖွယ်ပစ္စည်းများကို အချိန်ပိုင်းအားဖြင့် ခွဲခြားသိပြီးမှ ရဟန်းတော်များ သုံးဆောင်ကောင်းသည့်အချိန်ကိုကြည့်၍ ကပ်လှူသင့်သည်။ သို့မှသာ ရဟန်းတော်များအား အာပတ်မသင့်အောင်ကူညီရာရောက်ပေသည်။

မသုံးဆောင်သင့်သေးသည့်အချိန်ဖြစ်လျှင် မဆက်ကပ် မလှူဒါန်းဘဲ ကိုရင်၊ ကျောင်းသား၊ ကပ္ပိယများကိုသာ "မည်သည့်အချိန်၌ ဆက်ကပ်ပါ" ဟု မှာထား၍ ဆက်ကပ်လှူဒါန်းသင့်သည်။

ဥပမာ – နံနက်ပိုင်းသုံးဖြစ်သော ကိတ်မုန့်ကို ယနေ့နံနက် ဘုဉ်းပေးရန်အတွက်ဖြစ်လျှင် ယနေ့နံနက်၌ပင် ကပ်ရမည်။ နောက်နေ့နံနက်၌ ဘုဉ်းပေးရန်အတွက်ဖြစ်လျှင် ယနေ့ မကပ်ရ၊ ရဟန်းတော်များအား လှူဒါန်းပြီး ကိုရင်၊ ကျောင်းသား၊ ကပ္ပိယတို့ကို ခေါ်ကာ "နောက်တစ်နေ့ နံနက်ရောက် မှဆက်ကပ်ပါ" ဟု အပ်နှံမှာထားရမည်။

ယနေ့နံနက် အကပ်ခံသည့် ကိတ်မုန့်ကို ယနေ့မွန်းလွဲ နေ့လယ်မှ ဘုဉ်းပေးလျှင် သိုမှီးခြင်းကြောင့် အာပတ်အပြစ်တစ်ချက်၊ မွန်းလွဲ စားခြင်းကြောင့် အာပတ်အပြစ်တစ်ချက်သင့်သည်။ ယင်းကိတ်မုန့်ကို နောက်တစ်နေ့နံနက် ရောက်မှစားလျှင် သိုမှီးထား၍စားခြင်းကြောင့် အာပတ်အပြစ်သာသင့်သည်။

ဤနည်းတူပင်–တစ်ရက်သုံးမှ ခုနစ်ရက်သုံးပစ္စည်းများကိုလည်း သတ်မှတ်ချိန်လွန်ပြီးမှ မစားသင့်သည်ကို သိရပါမည်။ တစ်သက်လုံးပစ္စည်း ကိုမူကား အကပ်ခံပြီး တစ်သက်လုံး ဘုဉ်းပေးသုံးဆောင်နိုင်သည်။ အချိန်လွန်သည်ဟူ၍ မရှိတော့ချေ။

သို့ဖြစ်၍ အလှူရှင်များသည် မိမိတို့ဆက်ကပ်လှူဒါန်းမည့်ပစ္စည်းကို ကြည့်၍ လှူဒါန်းမည့်ပစ္စည်း၏ ကပ်နိုင်ထားနိုင်သောအချိန်ကို နားလည်ပြီး ဆက်ကပ်လှူဒါန်းနိုင်ရန်သတိထားဖို့ လိုအပ်လှပေသည်။

## ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ၌ အပြစ်မဖြစ်အောင်လှူနည်း

မြန်မာနိုင်ငံတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ရှိကြပါသည်။ ဒါယကာ၊ ဒါယိကာမများက သာသနာတော်ကို ပစ္စယာနုဂ္ဂဟအနေအား ဖြင့် ဆွမ်းဆန်စိမ်းနှင့်တကွ ထိုထိုပစ္စည်း အမြောက်အမြားကို လောင်းကြ လှူကြ ထောက်ပံ့ကြခြင်းဖြစ်ပါသည်။

ထိုသို့လောင်းလှူရာ၌ မွန်းလွဲပိုင်းဖြစ်ခဲ့လျှင် ရဟန်းတော်များ၏ လက်ထဲရှိ၊ သပိတ်ထဲ၌–

(၁) ကိုက်ရိုက်လောင်းလှူကောင်းသောပစ္စည်းများ

(၂) မလောင်းလှူကောင်းသော ပစ္စည်းများဟူ၍ ပစ္စည်း(၂)မျိုး (၂)စားကို နားလည်ထားရပါမည်။

မွန်းလွဲပိုင်း၌ တိုက်ရိုက်လောင်းလှူကောင်းသော ပစ္စည်းများမှာ ရဟန်းအသုံးအဆောင်ပစ္စည်းများ၊ ဖျော်ရည်များနှင့် ဆေးပစ္စည်းများ ဖြစ်သည်။

**ဥပမာ** – (၁) သင်္ကန်း၊ ထီး၊ ဖိနပ်၊ ခြင်ထောင်၊ စောင်၊ အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာ၊ ဆပ်ပြာခွက်၊ ရေချိုးခွက်၊ ဓါတ်ဘူး၊ **မီး**ခြစ်၊ ဖယောင်းတိုင်၊ စာအုပ်၊ ခဲတန်၊ ဘောလ်ပင်၊ ဖေါင်တိန်၊ လက်ကိုင်ပဝါ၊ လက်သုတ်ပဝါ **စသည့်** အသုံးအဆောင် ပစ္စည်းများနှင့် ယာဝကာလိကမှ တပါး ကျန်ကာလိက (၃)မျိုးတို့ ဖြစ်သည်။

တိုက်ရိုက်မလောင်းလှူကောင်းဘဲ ကိုရင်၊ ကျောင်းသား၊ ဖိုးသူတော် စသူတို့၏ လက်၊ တောင်း၊ လင်ဗန်း တို့၌သာ လောင်းလှူကောင်းသော ပစ္စည်းများမှာ စားဖွယ်,သောက်ဖွယ်မျိုးတွင် ပါဝင်သော ပစ္စည်းများ ဖြစ်သည်။ ရဟန်းတော်များထံ တိုက်ရိုက်လှူဒါန်းမှ သာဟတ္ထိကဒါန ဖြစ်သည်မဟုတ်ပါ။ ရဟန်းတော်များကိုယ်စား ကိုရင်၊ ကျောင်းသား စသူတို့ထံ မိမိကိုယ်တိုင် လှူဒါန်းလျှင်လည်း သာဟတ္ထိက ဒါနပင် ဖြစ်ပါသည်။

**ဥပမာ** – (၂) ဆွမ်းဆန်၊ ငါးခြောက်၊ ငါးသေတ္တာ၊ လဘက်ခြောက်၊ နို့ဆီဗူး၊ မုန့်ပုံး၊ ယိုဗူး စသော ယာဝကာလိက ပစ္စည်းများဖြစ်သည်။

**မှတ်ချက်** – ရှင်သာမဏေများအားမှ ရဟန်းတော်များအား တိုက်ရိုက်မလောင်းလှူကောင်းသော ပြအပ်ခဲ့သော စားဖွယ် သောက်ဖွယ်ပစ္စည်းများကို တိုက်ရိုက်လောင်း လှူကောင်းပါသည်။

နဝကမ္မငွေများကိုကား ရဟန်းတော်များရော သာမဏေများကိုပါ နှစ်ဦးလုံးအား မလောင်းလှူကောင်းပါ၊ ကပ္ပိယကာရကများထံ အပ်နှံ၍သာ လောင်းလှူကောင်းပါသည်။

ကပ္ပိယကာရကများကလည်း လောင်းလှူရာမှရလာသော ငွေများကို ဆိုင်ရာရဟန်းတော်နှင့် သာမဏေများထံသွား၍ -

"ဘုရားတပည့်တော် (မောင်ဖြူ)ထံ ငွေ ( )ကျပ်တန် အပ်စပ်သော ပစ္စည်းများကို အလိုရှိသောအခါ တောင်းခံတော်မူပါ၊ လုံခြုံရာအရပ်ကိုလည်း ညွှန်ပြတော်မူပါဘုရား"

ဟု ဖိတ်မန် လျှောက်ထားရမည်။

နေလယ်မွန်းလွဲချိန်တွင် ဆွမ်းဆန်စိမ်းလောင်းလှူရာ၌-ယာဝကာလိကပစ္စည်းများကို ကိုယ်ထိလက်ရောက် ကပ်လှူမှုမပြုသင့်၊ ကပ်လှူလျှင် ရဟန်းသံဃာတော်များအား အာပတ်အပြစ် ဖြစ်ပါသည်။

ယာမကာလိက ပစ္စည်းများကို ယနေ့သုံးဆောင်ဖို့ဖြစ်လျှင် ကိုယ်ထိလက်ရောက် ကပ်လှူနိုင်သည်။ နောက်နေ့များအတွက် သုံးဆောင်ဖို့ဖြစ်လျှင် ကိုယ်ထိလက်ရောက် မကပ်လှူသင့်ပေ။ သုံးဆောင်လိုသည့်အခါ သုံးဆောင်နိုင်ရန် ကိုယ်ထိလက်ရောက် မဆက်ကပ်ဘဲ ကပ္ပိယထံ ပေးအပ်ခဲ့၍ လှူဒါန်းသင့်ပါသည်။

သတ္တာဟကာလိကနှင့် ယာဝဇီဝိက ပစ္စည်းများကိုကား မည်သည့်အချိန်တွင်မဆို ကိုယ်ထိလက်ရောက် ဆက်ကပ်လှူဒါန်းနိုင်ကြပါသည်။

ဗုဒ္ဓဘာသာဝင်တို့၏ထုံးတမ်းစဉ်လာအရ နိုင်ငံတော်အစိုးရနှင့် တကွ ဗုဒ္ဓဘာသာဝင်သူတော်စင် ဒကာ, ဒကာမများသည် သာသနာတော် ကို ဘက်စုံဖွံ့ဖြိုးစည်ပင်ရန် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ စသော ပစ္စည်းလေးပါးတို့ကို အဆင်သင့်သလို ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်စာသင်တိုက်များ၌ ထောက်ပံ့လှူဒါန်းလျက်ရှိပါသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းနေရာ၌ ရေပြည့်အိုးကို ထပ်မဖြည့်ဘဲ ရေနည်းအိုးကိုဖြည့်မှ ပိုမိုအကျိုးသက်ရောက်သည့်ပမာ –

ပစ္စည်းလေးပါးရှားပါးချို့တဲ့စွာဖြင့် ပရိယတ္တိစာပေများကို သင်ယူပို့ချနေကြရသည့် စာသင်တိုက်များကို ထောက်ပံ့ပစ္စည်းလှူဒါန်းလျှင် ပိုမိုအကျိုးသက်ရောက်မှု ရှိပါသည်။ ထို့ကြောင့် ပစ္စည်းလေးပါး ချို့တဲ့သော ပရိယတ္တိစာသင်တိုက်များကိုလည်း ဂရုတစိုက်ဖြင့် ထောက်ပံ့လှူဒါန်း သင့်ကြပါသည်။

ထို့ပြင် နိုင်ငံတော်တစ်ဝှမ်းတွင် အလှူရှင်များက ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသောအခါ ခြင်း, တောင်း စသည်တို့၌ ထည့်၍ မွန်းလွဲပိုင်းတွင် လှူဒါန်းလေ့ရှိပါသည်။

ထိုသို့ဆက်ကပ်လှူဒါန်းရာ၌ ခြင်း, တောင်း စသည်တို့ထဲတွင် မွန်းလွဲပိုင်းတွင် မကပ်ကောင်းသော ယာဝကာလိကပစ္စည်းများ ပါဝင်နေသည်ကို တွေ့ရှိနေရသည်။ ထိုယာဝကာလိကပစ္စည်းများကို သံဃာတော်များအား ဆက်ကပ်လှူဒါန်းလျှင် သံဃာတော်များ၌ အပြစ်အာပတ်သင့်ရောက်ပါသည်။

သို့ဖြစ်၍ ခြင်း, တောင်း စသည်တို့၌ ထည့်၍ ဆက်ကပ်လှူဒါန်းရာ၌ မဆက်ကပ်ကောင်းသော ပစ္စည်းများကို ဖယ်ပြီးမှ ဆက်ကပ်လှူဒါန်းရပါမည်။

တိုက်ရိုက် မဆက်ကပ်ကောင်းသော ဝတ္ထုငွေ စသော ပစ္စည်းများကိုကား လုံးဝမဆက်ကပ်ဘဲ ကပ္ပိယကာရကထံသို့သာ ပေးအပ်ပြီး လှူဒါန်းလိုက်ရပါမည်။

သို့မှသာ ရဟန်းတော်များမှာ အပြစ်လွတ်ကင်း၍ အလှူရှင်များအဖို့ သာသနာပြုရာလည်းရောက်သည်။ ကောင်းမှုကုသိုလ်၏ ကောင်းကျိုးချမ်းသာ အဖြာဖြာတို့ကိုလည်း ပြည့်စုံကောင်းမွန်စွာ ခံစားစံစားရမည်။ ထို့ကြောင့် မွန်းလွဲပိုင်း၌ ခြင်း, တောင်း စသည်တို့ဖြင့် ဆက်ကပ်လှူဒါန်းကြသော အလှူရှင်များသည် ရဟန်းသံဃာများ အပြစ်ကင်းလွတ်အောင် လှူဒါန်းတက်ကြရန်အရေးကြီးလှပေသည်။

## ဆွမ်းတော်ကြီးကပ်လှူပွဲများ၌ သတိပြုဖွယ်

ဆွမ်းတော်ကြီး ကပ်လှူပွဲများကို ဘုရားပွဲတော်, ပဌာန်းပွဲ, (ဆရာတော်ကြီးများ၏) မွေးနေ့ပွဲစသော အခါကြီးရက်ကြီးများ စသည်တို့၌ ပူဇော်လှူဒါန်းလေ့ရှိကြ၏။ မိမိအိမ်၌လည်း အုန်းသီး, ငှက်ပျောသီး, ပန်းသီး, လိမ္မော်သီး စသည်များကို အခါအခွင့်သင့်သလို ဆက်ကပ်လှူဒါန်းကြမြဲပင် ဖြစ်၏။

မြတ်စွာဘုရားရှင်နှင့်တကွ အဂ္ဂသာဝက ဖြစ်တော်မူသော အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်၊ မဟာသာဝကဖြစ်တော်မူသော အရှင်သီဝလိ–စသော အရိယာသံဃာတော်များအား ရည်မှန်း၍ မုန့်မျိုးစုံ, သစ်သီးမျိုးစုံတို့ဖြင့် လှူဒါန်းကြခြင်း ဖြစ်သည်။

ထိုသို့ လှူဒါန်းကြခြင်းကား သက်တော်ထင်ရှား မြတ်စွာဘုရားနှင့် တပည့်သား အရိယာသံဃာတော်များကို ရည်မှတ်၍ ဆက်ကပ်လှူဒါန်းခြင်း ဖြစ်သဖြင့် အလွန်ကြီးမားသော အကျိုးတရားများကို ခံစားရမည်မှာလည်း မလွဲဧကန် အမှန်ပင်ဖြစ်ပေသည်။

ထိုသို့ သက်တော်ထင်ရှား မြတ်ဘုရားနှင့် တပည့်သား အရိယာသံဃာတော်များအား ရည်မှန်း၍ ဆက်ကပ်လှူဒါန်းရာ၌ ယခုမျက်မှောက်ရှိ

သမ္မုတိသံဃာတော်များအား ဆက်ကပ်သည့်နည်းတူပင် ဆက်ကပ်လှူဒါန်း ရပါမည်။

ထို့ကြောင့် နံနက်အချိန်မှာသာ ဆက်ကပ်ကောင်းသည့် ဆွမ်းတော်ပွဲ မုန့်မျိုးစုံနှင့် သစ်သီးမျိုးစုံ စသည်များကို နံနက်အချိန်မှာသာ ဆက်ကပ် လှူဒါန်းကောင်းသည်၊ ဆက်ကပ်လှူဒါန်းရမည်။

ဆွမ်းတော်ကြီး ကပ်လှူပွဲတွင် ဆက်ကပ်သည့်ပစ္စည်းများမှာလည်း နံနက်အချိန်မှာ ဆက်ကပ်ရမည့် ပစ္စည်းတို့သာ များပါသည်။ သို့ဖြစ်ပါ၍– ဆွမ်းတော်ကြီးတင်ရန် စီမံပြင်ဆင်ထားသော စားဖွယ်သောက်ဖွယ် မုန့်မျိုးစုံ–သစ်သီးမျိုးစုံတို့ကို အရုဏ်မတက်မချင်း မဆက်ကပ် မလှူဒါန်း သင့်ပေ။ ညနေပိုင်း ညပိုင်း တို့တွင် ပြင်ဆင်ရုံသာ ပြင်ဆင်ထားနိုင်ပါသည်။

အရုဏ်တက်ပြီးချိန်မှ နောက်မွန်းတည့် (၁၂) နာရီအချိန် အတွင်း၌သာ သက်တော်ထင်ရှား မြတ်စွာဘုရားနှင့် တပည့်သား အရိယာသံဃာ အရှင်မြတ်များအား ရည်မှန်း၍ ကိုယ်ထိလက်ရောက် ဝတ္ထုပစ္စည်းများကို ချီးမြှောက်၍ ဆက်ကပ်လှူဒါန်းရမည်ကို အထူးသတိပြု၍ လိုက်နာ ဆောင်ရွက်သင့်လှပေသည်။

သို့မှသာ ဝိနည်းတရားတော်နှင့် ညီညွတ်၍ အကျိုးအမျိုးမျိုးကို ရည်မှန်းသည့်အတိုင်း ခံစားစံစားရမည်ဖြစ်ပါသည်။

## နံနက်ဆွမ်းကပ်လှူရာ၌ သတိပြုဖွယ်

ထေရဝါဒ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံအတွင်းရှိ ထိုထိုမြို့ရွာ ဒေသအရပ်၌နေ အလှူရှင်များသည် မိမိတို့၏ ဆိုင်ရာဆိုင်ရာ သာရေး နာရေး အကြောင်းအားလျော်စွာ ရဟန်းတော်, ရှင်သာမဏေများကို ပင့်ဖိတ်၍ နံနက်စောစော ဆွမ်း၊ ခေါက်ဆွဲ၊ မုန့်ဟင်းခါး၊ ကြာဆံ စသည့်တို့ကို ဆက်ကပ်လှူဒါန်း ကျွေးမွေးလေ့ရှိကြသည်။

ထိုသို့ ဆက်ကပ်လှူဒါန်း ကျွေးမွေးရာ၌ အရုဏ်မတက်မီ ပင့်၍ မဆက်ကပ်မိရန် အထူးသတိပြုရပါမည်။ အရုဏ်တက်မှသာ ရဟန်းတော်၊ ရှင်သာမဏေများသည် ဆွမ်း စသော ခဲဘွယ် ဘောဇဉ်များကို အကပ် ခံကောင်း ဘုဉ်းပေးသုံးဆောင်ကောင်းပါသည်။

အရုဏ်မတက်မီ ဘုဉ်းပေးသုံးဆောင်မိပါက ရဟန်းတော်များ၌ ဝိနည်းပြစ် (ပါစိတ်အာပတ်) သင့်၍ရှင်သာမဏေများ၌ ဒဏ်ထိုက်ပါသည်။

ထိုသို့ဖြစ်လျှင် အရုဏ်တက်ချိန်ကို မည်သို့သိမှတ်ရပါမည်နည်းဟု မေးစရာရှိပါသည်၊ အရုဏ်တက်ချိန်သည် သူ့ရာသီ သူ့လ သူ့အရပ်ဒေသ အလိုက် အတိုးအလျော့ ရှိပါသည်။

" နေ့ဝါဆို၊ ညဉ့်ပြာသို " ဟု ဆိုရိုးရှိသည့်အတိုင်း နေ့တာအရှည်ဆုံး လသည် ဝါဆိုလဖြစ်သကဲ့သို့ ညဉ့်တာအရှည်ဆုံးလကား ပြာသိုလ ဖြစ်သည်။

ထို့ကြောင့် ဝါဆိုလ၌ အရုဏ်တက်ချိန်သည် နံနက်လေးနာရီခွဲဖြစ်၍ ပြာသိုလ၌ နံနက်ငါးနာရီခွဲဖြစ်ပါသည်။

ဝါဆိုလမှစ၍ ပြာသိုလအထိ–တစ်လလျှင် ဆယ်မိနစ်စီတိုး၍တိုး၍–

ဝါခေါင်လတွင် ၄–နာရီ ၄၀–မိနစ်၊

တော်သလင်းလတွင် ၄–နာရီ ၅၀–မိနစ် စသည်ဖြင့် အရုဏ်တက်ချိန်ကို သတ်မှတ်ရပါမည်။

ထို့အတူ– ပြာသိုလ၌ နံနက် ၅–နာရီ ၃၀–မိနစ်တွင် အရုဏ် တက်သောကြောင့် ပြာသိုလမှစ၍ ဝါဆိုလအထိ တစ်လလျှင် ဆယ်မိနစ်စီ လျော့၍ လျော့၍ –

တပို့တွဲလတွင် ၅–နာရီ ၂၀–မိနစ်၊

တပေါင်းလတွင် ၅–နာရီ ၁၀–မိနစ် စသည်ဖြင့် သတ်မှတ်ရပါမည် ထို့ကြောင့်–

"ဝါဆိုလေးခွဲ၊ ပြာ–ငါးခွဲ၊ မှတ်မြဲအရုဏ်တက်။
ဝါဆိုမှ နတ်တော်၊ ဆယ်မိနစ်စီတိုး၍ဖော်။
ပြာသိုမှနယုန်၊ ဆယ်မိနစ်စီလျော့၍ပုံ၊
မှတ်တုံ့ အရုဏ်တက်"

ဟု မှတ်ရလွယ်ကူရန် ရှေးဆရာတော်ကြီးများ လင်္ကာစီကုံးခဲ့ကြသည်။ ဤလင်္ကာအတိုင်း အလွယ်တကူ ကြည့်ရှုမှတ်သားနိုင်ရန် အောက်တွင် အရုဏ်တက်ချိန်ဇယားကို ဖော်ပြထားပါသည်။

## အရုဏ်တက်ချိန်ဇယား

| စဉ် | လအမည် | နာရီ | မိနစ် |
|---|---|---|---|
| ၁ | တန်ခူး | ၅ | ၁၀ |
| ၂ | ကဆုန် | ၄ | ၅၀ |
| ၃ | နယုန် | ၄ | ၄၀ |
| ၄ | ဝါဆို | ၄ | ၃၀ |
| ၅ | ဝါခေါင် | ၄ | ၄၀ |
| ၆ | တော်သလင်း | ၄ | ၅၀ |
| ၇ | သီတင်းကျွတ် | ၅ | ၀၀ |
| ၈ | တန်ဆောင်မုန်း | ၅ | ၁၀ |
| ၉ | နတ်တော် | ၅ | ၂၀ |
| ၁၀ | ပြာသို | ၅ | ၃၀ |
| ၁၁ | တပို့တွဲ | ၅ | ၂၀ |
| ၁၂ | တပေါင်း | ၅ | ၁၀ |

အထက်ပါဇယားသည် လူအများ နားလည်လွယ်ကူစေရန် ဖော်ပြထားသော ဇယားဖြစ်သည်။ အချိန်နာရီများကား တစ်နေရာနှင့် တစ်နေရာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီကြသဖြင့် အတိအကျ ပုံသေသတ်မှတ်ဖို့ ခဲယဉ်းလေသည်။

အတိအကျအားဖြင့်ကား မည်သည့်ဒေသ၌မဆို အရှေ့အရပ်မှ နေမထွက်မီ စဉ်းငယ် အနီရောင်သန်းလာသောအချိန်ကို အရုဏ်တက်ချိန်ဟု သိမှတ်ထားရပါမည်။

အလျှုရှင်များအနေဖြင့် အကြမ်းစား မှတ်သားထားရန်ကား နေထွက်ချိန်၏နောက်သို့ တစ်နာရီဆုတ်လိုက်သောအချိန်သည် အရုဏ်တက်ချိန်ဖြစ်၏ ဟု မှတ်သားထားနိုင်ပါသည်။

**ဥပမာ** - နံနက် ၆-နာရီ၌ နေထွက်မည်ဟုသိအံ့၊ ထိုလအတွက် နံနက် ၅-နာရီ၌ အရုဏ်တက်၏ဟု သိနိုင်သည်။ နေထွက်ချိန်ကိုကား အများစုတို့သိကြပါသည်။ သိအောင် လေ့လာရန်လည်း လွယ်ကူလှပါသည်။ နေထွက်သော အချိန်၌ နာရီကို ကြည့်ရှုမှတ်သားထားလိုက်ရုံသာ ဖြစ်ပါသည်။

ဤသို့ အရုဏ်တက်ချိန် မှတ်သား၍ အရုဏ်တက်ပြီးမှသာ ရဟန်းတော်များအား ဆွမ်းစသည် ဆက်ကပ်လှူဒါန်းရပါမည်။ အရုဏ် မတက်မီ ဆက်ကပ်မိလျှင် ဘုဉ်းပေးသုံးဆောင်မိလျှင် ရဟန်းတော်, ရှင်သာမဏေများအား ဝိကာလဘောဇနခေါ် နေလွဲ ညစာ စားပြစ်များ သင့်ကြ၏၊ သီလသာသနာ ညစ်နွမ်းတော်မူကြ၏။ ထို့ကြောင့် ရဟန်းတော်များ အပြစ်လွတ်အောင် အရုဏ်တက်ပြီးမှသာ ခဲဖွယ်ဘောဇဉ်များကို ဆက်ကပ်သင့်ပါသည်။

## အရုဏ်ဆွမ်းလောင်းအသင်းများ သတိပြုဖွယ်

နိုင်ငံတော်အနှံ့အပြား ထိုထိုမြို့ရွာဒေသ အရပ်ဌာနတို့၌ ဗုဒ္ဓဘာသာဝင်တို့၏ အစဉ်အလာအတိုင်း နံနက်စောစောတွင် ဆွမ်းလောင်းလှူကြသည့် ဆွမ်းလောင်းအသင်းများရှိကြပါသည်။ အများအားဖြင့် ဝါတွင်းကာလ၌ ဆွမ်းလောင်းအသင်းများက ဆွမ်းလောင်းလှူတတ်ကြပါသည်။ အထူးအားဖြင့် ရန်ကုန်မြို့တော်ကြီး၌ ဝါတွင်းဝယ် တနင်္ဂနွေ, ဥပုသ်စသည်ဖြင့် ရက်သတ်မှတ်၍ ဆွမ်းလောင်းသင်းများက ဆွမ်းများ ဆွမ်းဟင်းများ လောင်းလှူလေ့ရှိကြပါသည်။

ထိုသို့လောင်းလှူရာ၌ အရုဏ်တက်ပြီးမှ လောင်းလှူမိဖို့ အထူးသတိထားကြရန်လိုပါသည်။ ရဟန်းတော်များအား အရုဏ်မတက်မီ ဆွမ်း, ဆွမ်းဟင်း မုန့်ပဲသွားရေစာများကို လောင်းလှူဆက်ကပ်ပါက ရဟန်းတော်များ ခံယူမိမှုကြောင့် ဝိနည်းပြစ် အာပတ်သင့်ကြပါသည်။

တဖန် ထိုခံယူခဲ့သော ဆွမ်းစသော ဘောဇဉ်ကို အရုဏ်မတက်မီ ဘုဉ်းပေးမိပြန်ပါက ဝိကာလဘောဇနခေါ် နေလွဲညစာ စားပြစ်ဖြင့် ဝိနည်းပြစ်သင့်ကြပြန်၏။ အရုဏ်တက်ပြီးမှ စားစေဦးတော့ သန္နိဓိခေါ် သိုမှီး စားပြစ် ရက်လွန်စာ စားမိမှုကြောင့် အပြစ်အာပတ်သင့်ပြန်တော့၏။

မနေ့က အကပ်ခံထားပြီး သိမ်းထားအပ်သော ပစ္စည်းကို နောက်တစ်ရက်၌ စားသုံးခြင်းသည် သန္နိဓိခေါ် သိုမှီးစာ ရက်လွန်စာဖြစ်သကဲ့သို့ အရုဏ်မတက်မီအချိန်သည်လည်း မနေ့(လွန်ခဲ့သည့်နေ့)နှင့် သဘောတူ၍ အရုဏ်တက်ချိန်သည် ယနေ့ဖြစ်ရကား အရုဏ်တက်ပြီးမှ ဘုဉ်းပေးသုံးဆောင်စေကာမူ သန္နိဓိခေါ်သိုမှီးစာ ရက်လွန်စာ စားပြစ်မှ မလွတ်နိုင်တော့ပါ။

ထို့ကြောင့် ရဟန်းတော်များက အရဏ်မတက်မီ ဆွမ်းလောင်းခမ္မာရုံသို့ ကြွရောက်နေစေကာမူ အရဏ်တက်ပြီးမှ ဆွမ်းစသည်ကို လောင်းလှူသင့်ကြပါသည်။

"ဤအရဏ်မတက်မီ ဆွမ်းစသည် လောင်းလှူမှုကိစ္စ၌ ရဟန်းတော်များအားသာ မလောင်းလှူကောင်းခြင်းဖြစ်၏။ ရှင်သာမဏေများ၌ သန္နိမိခေါ် သိုမှီး သိမ်းဆည်း၍စားခြင်းကြောင့် သင့်ရောက်သော ဝိနည်းအပြစ်မရှိသောကြောင့် ရှင်သာမဏေများအားကား လောင်းလှူကောင်းပါသည်။

******

# အခန်း (၃)

## ဆွမ်းစားပင့်ရာ၊ ဆွမ်းကျွေးရာတို့၌ သတိပြုဖွယ်များ

### ဆွမ်းစားပင့်ရာ၌ သတိပြုဖွယ်

ဗုဒ္ဓဘာသာဝင်များသည် မိမိတို့၏အိမ်၌ သာရေး၊ နာရေး ဖြစ်ပေါ်လာတိုင်း ရဟန်းသံဃာတော်များကို ပင့်ဖိတ်၍ အလှူဒါနပြုလေ့ရှိကြ၏။ သဒ္ဓါတရားပြည့်ဝကြ၍ အလှူဒါနပြုကြသော်လည်း ရဟန်းသံဃာတော်များကို ပင့်ဖိတ်ကြရာ၌ အချို့မှာ ဝိနည်းတော်အရ ရဟန်းသံဃာတော်တို့နှင့် အပ်စပ်အောင် မပင့်ဖိတ်တတ်ကြချေ။ ရဟန်းသံဃာတော်များကို ပင့်ဖိတ်မှုသည်လည်း အလွန်အရေးကြီးလှပါသည်။ ထို့ကြောင့် အလှူရှင် လူပုဂ္ဂိုလ်များသည် မအပ်သော ဆွမ်းစားပင့်နည်း၊ အပ်သောဆွမ်းစား ပင့်နည်းတို့ကို သိရှိ နားလည်ထားကြရန် အထူးလိုအပ်လှပါသည်။

### မအပ်သော ဆွမ်းစားပင့်နည်း

ရဟန်း ၁-ပါး၊ ၂-ပါး၊ ၃-ပါးမျှတို့သည် ဝိနည်းအရာ၌ ပုဂ္ဂလ (ပုဂ္ဂိုလ်)မည်၏။ ရဟန်းအပေါင်းအစု မမည်။ ရဟန်း ၄-ပါးမှ အထက်ရာ ထောင်စသော ရဟန်းသံဃာတော်များကို ဂိုဏ်း၊ သို့မဟုတ် ရဟန်းသံဃာအပေါင်းဟု ခေါ်သည်။

ထိုဂိုဏ်းဖြစ်သော ရဟန်းသံဃာတော်အပေါင်းတို့သည် အလှူရှင်တို့က တပည့်တော်တို့အိမ်၌ မနက်ဖန် "ထမင်း" ဘုဉ်းပေးကြွတော်မူပါဘုရား–ဟု မအပ်စပ်သောနည်းဖြင့် ပင့်ဖိတ်သော ဆွမ်းစသည့် ဘောဇဉ်ကို ၄–ပါး၊ ၅–ပါး စသော ရဟန်းတို့ အတူလက်ခံယူကြလျှင် ထိုဘောဇဉ်သည် ဂဏဘောဇဉ် ဖြစ်လေသည်။ ထိုဂဏဘောဇဉ်ကို ရဟန်းသံဃာတော်တို့ စားလျှင် ဆွမ်းလုတ်တိုင်း ဆွမ်းလုတ်တိုင်း အပြစ်အာပတ်သင့်လေသည်။

ထိုမအပ်သော ဖိတ်ခြင်းဖြင့် ဖိတ်အပ်သော ဘောဇဉ်ကို ရဟန်း ၁–ပါး၊ ၂–ပါး၊ ၃–ပါး တို့ အတူတကွ ခံယူသုံးဆောင်ရာ၌ကား အာပတ် မသင့်ချေ။

သို့ရာတွင် ၁–ပါး၊ ၂–ပါး၊ ၃–ပါးသော ရဟန်းတော်တို့ကို မအပ်သော ဖိတ်ခြင်းဖြင့် ပင့်ဖိတ်ရာ၌ အပြစ်အာပတ် မသင့်ရောက်သော်လည်း ရဟန်းတော်တို့၏ သီလ သမာဓိ ဂုဏ်သိက္ခာတို့ကို အလေးဂရုပြုသောအားဖြင့် အပ်စပ်သောနည်းတို့ဖြင့် ပင့်ဖိတ်ခြင်းသည်သာလျှင် ပို၍သင့်လျော်ပါသည်။

ထို့ကြောင့် အလှူရှင်တို့သည် ရဟန်းတော်တို့ကို ပင့်ဖိတ်ရာ၌ "တပည့်တော်တို့အိမ်သို့ မနက်ဖန် ထမင်းဘုဉ်းပေးကြွပါဘုရား" ဟု မအပ်သောနည်းဖြင့် မပင့်ဖိတ်ရ။

**အပ်သော ဆွမ်းစားပင့်နည်း**

"တပည့်တော်တို့အိမ်သို့ မနက်ဖန် ဆွမ်းဘုဉ်းပေးကြွတော်မူပါဘုရား"ဟု အပ်စပ်အောင် ပင့်ဖိတ်ကြရမည်။

သို့မှသာ ရဟန်းတော်တို့လည်း အပြစ်အာပတ်မှ လွတ်ကြ၍ ဆရာ ဒကာ နှစ်ဦးနှစ်ဝ အကျိုးများကြမည်ဖြစ်ပေသည်။

## ဆွမ်းကျွေးရာ၌ သတိပြုဖွယ်

ရဟန်းသံဃာတော်များ အသုံးပြုရာ၌ အပ်သော ပန်းကန်ခွက်ယောက် မအပ်သော ပန်းကန်ခွက်ယောက်ဟူ၍ နှစ်မျိုးရှိသည်။ ဒကာ ဒကာမများသည် ရဟန်း သံဃာတော်များကို ဆွမ်းပင့်ကျွေးရာ၌ ရဟန်းတော်များနှင့် အပ်စပ်သော ပန်းကန်ခွက်ယောက်များ၌သာ ထည့်၍ ကပ်လှူသင့်ကြပါသည်။

## အပ်စပ်သော ပန်းကန်, ခွက် , ယောက်

ရဟန်းသံဃာတော်တို့နှင့် အပ်စပ်သော ပန်းကန် ခွက်၊ ယောက်တို့သည် -

၁။ ကြေးနီဖြင့်ပြုလုပ်ထားသော ပန်းကန် ၊ ခွက်၊ ယောက်၊

၂။ သံဖြင့်ပြုလုပ်ထားသော ပန်းကန် ၊ ခွက်၊ ယောက်၊

၃။ မြေဖြင့်ပြုလုပ်ထားသော ပန်းကန် ၊ ခွက်၊ ယောက် -

ဟူ၍ သုံးမျိုးရှိသည်။

ထိုပန်းကန်ခွက်ယောက် သုံးမျိုးကား ရဟန်းတော်တို့သည် ကိုယ်ပိုင်အဖြစ်ဖြင့် သုံးဆောင်နိုင်၏။

## မအပ်စပ်သော ပန်းကန်ခွက်ယောက်

ရဟန်းတော်တို့နှင့် မအပ်စပ်သော ပန်းကန်ခွက်ယောက်တို့ကား- "သစ်သား၊ ရွှေ၊ ငွေ၊ ပတ္တမြား၊ ကြောင်မျက်ရွဲ၊ ဖန်၊ ချက်ကျောက်၊ စဥ့်၊ ကြေးဖြူ၊ ကြေးဝါတို့ဖြင့် ပြုလုပ်ထားသော ပန်းကန်, ခွက်, ယောက်" တို့တည်း။

ထိုမအပ်သော ပန်းကန် ခွက်ယောက်တို့တွင် သစ်သားဖြင့် ပြုလုပ်ထားသော ပန်းကန်ခွက်ယောက်သည် ထည့်၍သာ မစားကောင်း မသောက်ကောင်းခြင်း ဖြစ်သည်၊ ကိုင်ကြည့်ရုံကား ကိုင်ကြည့်ကောင်း၏။

ရွှေ၊ ငွေ၊ ပတ္တမြား၊ ကြောင်မျက်ရွဲ တို့ဖြင့် ပြုလုပ်ထားသော ပန်းကန် ခွက်ယောက်တို့သည်ကား ရဟန်းတော်တို့ ကိုယ်ပိုင်အဖြစ် ဖြင့်လည်း မသုံးဆောင် ထိုက်၊ လူတို့၏ဥစ္စာတို့၌သော်လည်း ကိုင်ကြည့်ရုံပင် မအပ်စပ်ကုန်၊ ထည့်၍စားသောက်ရာ၌ကား ဆိုဖွယ်ရာ မရှိချေ၊ လုံးဝ မအပ်စပ်သည်သာတည်း။

ချက်ကျောက်၊ စဉ့်၊ ကြေးဖြူ၊ ကြေးဝါတို့ဖြင့် ပြုလုပ်ထားသော ပန်းကန် ခွက်ယောက်တို့သည်ကား ရဟန်းတော်တို့ ကိုယ်ပိုင် ခွက်အဖြစ်ဖြင့်သာ မသုံးဆောင်ကောင်းခြင်း ဖြစ်သည်။ လူတို့၏ပစ္စည်း သံဃိကပစ္စည်းဖြစ်ရာ၌ကား ထည့်၍ သုံးဆောင်ကောင်း၏၊ အပ်စပ်၏။

နှီး၊ မြေတို့ဖြင့်ပြုလုပ်ထားသော ပန်းကန်ခွက်ယောက်တို့သည် ခေတ္တခဏ ယာယီသုံးစွဲမှုမျိုးဖြင့် သုံးဆောင်ကောင်း၏ သပိတ်ကို အမြဲဆောင်ယူ သုံးစွဲသကဲ့သို့ကား သွားလေရာရာတို့၌ အမြဲ သုံးဆောင် ခြင်းငှာ မအပ်ချေ။

ထို့ကြောင့် အလှူရှင်တို့သည် ဆွမ်းဆက်ကပ်ရာ၌ ကြေးနီ၊ သံ၊ မြေ၊ ချက်ကျောက်၊ စဉ့်၊ ကြေးဖြူ၊ ကြေးဝါ၊ နှီး အိုး တို့ဖြင့် ပြုလုပ် ထားသော ပန်းကန်ခွက်ယောက်တို့ဖြင့်သာ ဆက်ကပ်သင့်၏၊ ရွှေ ငွေ ပတ္တမြား၊ ကြောင်မျက်ရွဲတို့ဖြင့် ပြုလုပ်ထားသော ပန်းကန်ခွက်ယောက်တို့နှင့် စားဖွယ် သောက်ဖွယ်ဘို့ကို ထည့်၍ မဆက်ကပ်ကောင်းချေ။

**မစားအပ်သော အသားကြီး ၁၀–မျိုး**

ရဟန်းသံဃာတော်တို့အား ဒကာ၊ဒကာမများ ချက်ပြုတ် မဆက် ကပ်ကောင်းသော အသားကြီး ၁၀–မျိုး ရှိ၏။ ထို ၁၀–မျိုးတို့ကား–

၁။ လူသား
၂။ ခွေးသား
၃။ မြင်းသား
၄။ ဆင်သား
၅။ ကျားသစ်သား
၆။ ကျားသား
၇။ ခြင်္သေ့သား
၈။ ဝံသား
၉။ အောင်းသား
၁၀။ မြွေသား– တို့ဖြစ်သည်။

**ဆောင်ပုဒ်။** လူ ခွေး မြင်း ဆင် သစ် ကျားလျှင်၊
ခြင်္သေ့ ဝံ အောင်း မြွေ။
ရိုး ရေ သား သွေး အမွေးတို့ပါ မသုံးရာ၊
ဆယ်ဖြာအမျိုးပေ။

ထိုအသားကြီး ၁၀–မျိုး တို့တွင် လူသားသည် ဇာတ်တူသား ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ဆင်နှင့် မြင်းသားတို့သည် ဘုရင်မင်းတို့၏ လက်စွဲတော်သုံး ယာဉ်သတ္တဝါအမျိုးဖြစ်သောကြောင့်လည်းကောင်း၊ ခွေးနှင့်မြွေမှာ ရွံရှာစက်ဆုပ်ဖွယ် သတ္တဝါမျိုးဖြစ်သောကြောင့် လည်းကောင်း၊ မစားအပ်ဟူ၍ ဘုရားရှင်ပညတ်တော်မူခဲ့သည်။ ကြွင်းသော သတ္တဝါ ၅–မျိုးတို့သည်ကား ထိုသတ္တဝါတို့၏ အသားကို စားမိလျှင် စားမိသူကို ရန်ပြုတတ်ချေ၏။ ထိုသို့ မိမိတို့အတွက် ဘေးရန်အန္တရာယ်ကင်းရှင်းစေခြင်းငှါ ထိုအသား ၅–မျိုးတို့ကိုလည်း မစားအပ်ဟူ၍ ဘုရားရှင် ပညတ်တော်မူရခြင်း ဖြစ်သည်။

ထို့ကြောင့် အလှူရှင်ပုဂ္ဂိုလ်တို့သည် ရဟန်းသံဃာတော်တို့အား ထိုအသားကြီး ၁၀–မျိုးကို မလှူဒါန်း မဆက်ကပ်မိစေရန် သတိထား သင့်ပေသည်။

## အစွန်းသုံးပါး မလွတ်သော အသား

ရဟန်းသံဃာတော်တို့အတွက် ထိုအသားကြီး ၁၀–မျိုးမှ တစ်ပါးသော ကြက်၊ ဝက်စသော အပ်စပ်သော အသားတို့သည်ပင် အစွန်းသုံးပါးမှ မလွတ်လျှင် မအပ်စပ်တော့သဖြင့် အစွန်းသုံးပါးမှ လွတ်အောင်စီမံ၍ ဆက်ကပ်သင့်သည်၊ ထိုအစွန်းသုံးပါးဟူသည် –

၁။ ရဟန်း သာမဏေတို့အတွက် ရည်မှန်း၍ သတ်သည်ကို ရဟန်း သာမဏေတို့ တွေ့မြင်ကြခြင်း၊
၂။ ရဟန်း သာမဏေတို့အတွက် ရည်မှန်း၍ သတ်သည်ဟု ရဟန်း သာမဏေတို့ ကြားသိကြခြင်း၊
၃။ ရဟန်း သာမဏေတို့အတွက် ရည်မှန်း၍ သတ်ကြသည်ဟု ရဟန်း သာမဏေတို့က သံသယရှိကြခြင်း –

တို့ဖြစ်သည်။

အလှူရှင်တို့သည် ရဟန်းသံဃာတို့အား ဆွမ်းဟင်းဆက်ကပ်ရန်ဟူ၍ ရဟန်းအား ရည်ရွယ်၍ဖြစ်စေ၊ သာမဏေအား ရည်ရွယ်၍ဖြစ်စေ ကြက် ဝက် စသော အပ်စပ်သော အသားကို အစွန်းသုံးပါးလွတ်အောင် ချက်ပြုတ်၍ ဆက်ကပ်သင့်သည်။ ဈေးမှဝယ်ယူသော ပုံသုကူသားငါး များကိုကား ချက်ပြုတ်ဆက်ကပ်ကောင်းပါသည်။

အလှူရှင်တို့က ဈေးမှဝယ်၍ ချက်ပြုတ်ဆက်ကပ်ကြသည်ကို ရဟန်းသံဃာတို့က မြင်တွေ့ကြားသိမှု မရှိသဖြင့် သံသယရှိ၍ မဘုဉ်းပေးဘဲ

နေကြသည်ကို မြင်လျှင် အလှူရှင်တို့က “ဤအသား ဆွမ်းဟင်းကို ဘုဉ်းပေးတော်မူကြပါဘုရား၊ ဈေးမှဝယ်ယူသော ပံ့သုကူအသား ဆွမ်းဟင်းဖြစ်ပါသည်ဘုရား” ဟု လျှောက်ထားကြရမည်။ သို့မှသာ ရဟန်းတော်တို့သည် သံသယ ကင်းရှင်းသွားကြ၍ ဘုဉ်းပေး သုံးဆောင်နိုင်ကြမည်ဖြစ်သည်။

******

# အခန်း (၄)

## ရဟန်းတော်များ အပ်စပ်အောင် ပြုလုပ်ဆက်ကပ်နည်း

**မျိုးစေ့ငါးမျိုး (ဗီဇဂါမ်)**

အပင်ပေါက်ရောက်သော မျိုးစေ့ငါးမျိုးကို ဗီဇဂါမ်ဟုခေါ်သည်။ ထိုမျိုးစေ့ငါးမျိုးမှာ–

(၁) အမြစ်
(၂) ပင်စည်
(၃) အဆစ်
(၄) အညွန့်
(၅) အစေ့ တို့ဖြစ်သည်။

**(ဆောင်)** မြစ်၊ ဆစ်–ပင်စည်၊ ညွန့်–စေ့မှီ၊ ငါးလီ ဗီဇဂါမ်။

ရဟန်းတော်များသည် ထိုမျိုးစေ့ငါးမျိုးတွင် တစ်မျိုးမျိုး ကို ဖျက်ဆီးမိလျှင် အာပတ်အပြစ်သင့်ရောက်ပါသည်။

ရဟန်းသံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းရာ၌ တို့စရာ အသီးအညွန့်များ ပါတတ်ပါသည်။ ထို တို့စရာများတွင် ငရုတ်သီးစိမ်း၊

ခရမ်းချဉ်သီး၊ ခရမ်းကျွတ်သီး၊ ခရမ်းကဝေဘာ့သီး၊ ပူစီနံ့, နံနံပင် စသော အပင်ပြန်ပေါက်နိုင်သော ပစ္စည်းများပါနေတတ်သည်။ ရေတ်သီးအစေ့သည် အပင်ပေါက်နိုင်၏။ ပူစီနံ့, နံနံပင်တို့သည်လည်း မြေ၌ ယိုးစိုက်လျှင် အပင် အညွန့်ပြန်၍ ရှင်သန်ပေါက်ရောက်နိုင်၏။

ထိုပစ္စည်းမျိုးကို ရဟန်းတော်များအား အပ်စပ်အောင် ပြုပြီးမှ ဆက်ကပ်လှူဒါန်း ကောင်းပါသည်။

ရဟန်းတော်များသည် သစ်ပင်, ဝါးပင်များကို မခုတ်ကောင်း မဖြတ်ကောင်းပါ။

ဘုရားရှင်လက်ထက်တော်က အာဠဝီမြို့သား ရဟန်းတော် တစ်ပါး သည် သစ်ပင်တစ်ပင်ကို ဓားဖြင့် ခုတ်လိုက်ရာ ရက္ခစိုး (သစ်ပင်စောင့်) နတ်သမီး၏ သားကလေး၏ လက်မောင်းရင်းကို ထိမိသွားသည်။

ရက္ခစိုး နတ်သမီးလည်း တရားရှိသော နတ်ဖြစ်သဖြင့် မြတ်စွာ ဘုရားအား အကြောင်းစုံ လျှောက်ထားသည်။

ထိုကိစ္စကို အကြောင်းပြု၍ ရဟန်းတော်များ သစ်ပင်မခုတ်ရ၊ မချိုင်ရဟူသော ဝိနည်း ဥပဒေကို ထုတ်ပြန်ပညတ်ခဲ့သည်။

ထိုသစ်ပင် မခုတ်ဖြတ်ရန် ပညတ်ခဲ့သောဝိနည်း ဥပဒေတော်တွင်-

> "နောက်ထပ် အပင်ပြန်ပေါက်နိုင်သော သစ်ကိုင်း၊ သစ်စေ့ သစ်ညှောက်, သစ်ညွန့်များကိုလည်း မဖျက်ဆီးကောင်း" ဟု အသေးစိတ် ပညတ်တော်မူခဲ့သည်။

ခရမ်းချဉ်သီး၊ ရေတ်စေ့များ၊ ပူစီနံ၊ နံနံပင်များသည် အပင်ပြန်၍ ပေါက်ကြဦးမည်ဖြစ်ရာ ရဟန်းတော်များ မဖျက်ဆီးကောင်းပါ၊ ပါးစပ်ဖြင့် ကိုက်ဖြတ်၍လည်းကောင်း၊ လက်ဖြင့် ဆိတ်ဖဲ့၍လည်းကောင်း၊ သွားဖြင့်

ဝါး၍လည်းကောင်း ဘုဉ်းပေးခြင်းသည် ယင်းတို့ကို ဖျက်ဆီးရာ ရောက်လေသည်။ ထိုအမှုမျိုးကို ရဟန်းတော်များမပြုကောင်း၊ မသုံးဆောင်ကောင်းသဖြင့် ရှင်သာမဏေ, ဒကာ ဒကာမများက အပ်စပ်အောင် ပြုလုပ်၍ ဆက်ကပ်လှူဒါန်းရပါမည်။

ထို့ကြောင့် ရဟန်းတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းသောအခါ ရဟန်းတော်များ၏ သီလ သာသနာ မညှိုးနွမ်းစေရန် အပ်စပ်အောင်ပြုနည်း (၅)မျိုးကိုလည်း အလှူရှင် ဒကာ ဒကာမများ နားလည်ထားသင့်ပေသည်။

## အပ်စပ်အောင် ကပ္ပိနည်း (၅)မျိုး

ရဟန်းတော်များသည် အပင်ရှင်သန်ပေါက်ရောက်နိုင်သော အမြစ်၊ အဆစ်၊ အစေ့ပါသော အရာဝတ္ထုတို့ကို မဘုဉ်းပေး၊ မသုံးဆောင်ကောင်းသဖြင့် ရဟန်းတော်များ အပ်အပ်စပ်စပ် ဘုဉ်းပေးသုံးဆောင်ကောင်းအောင် ရှင်သာမဏေ၊ ကျောင်းသား၊ ဒကာ ဒကာမ တို့က အပ်စပ်အောင်ပြုနည်းငါးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ပြုလုပ် ဆက်ကပ်ကြရမည်၊ ထိုငါးမျိုးမှာ–

၁။ မီးဖြင့် ရှို့ရခြင်း

၂။ ဓားဖြင့် ဖြတ်လှီးရခြင်း

၃။ ထက်သောလက်သည်း တို့ဖြင့် ဆိတ်ဖြတ်ရခြင်း

၄။ အပင်မပေါက်နိုင်လောက်အောင် အစေ့နုခြင်း

၅။ အစေ့ကို ထုတ်ပစ်ရခြင်း –

တို့ဖြစ်သည်။

ဤငါးမျိုးအနက် (၄)နံပါတ် အမျိုးအစားမှာ ပင်ကိုမူလအတိုင်းပင် အပ်စပ်ပြီးဖြစ်၍ ဒကာ ဒကာမ စသည်တို့က မည်သို့မျှ ပြုလုပ်ပေးစရာ

မလိုပေ။ (၅)နံပါတ် အမျိုးအစားမှာလည်း သရက်သီး၊ ပန်းသီးစသော သစ်သီးများကို အစေ့ထုတ်၍ ကပ်နေကြသောကြောင့် အပ်စပ်သည်ပင် ဖြစ်ပါသည်။ ရဟန်းတော်များ အစေ့ပယ်ထုတ်ပြီး ဘုဉ်းပေးသုံးဆောင်၍ ရသော ကြက်မောက်သီး၊ လိမ္မော်သီး၊ ရှောက်ချိုသီး စသော အသီးများကိုမူ ဒကာ ဒကာမများက အစေ့မထုတ်ဘဲ ဆက်ကပ်နိုင်ပါသည်၊ အစေ့ထုတ်၍ ဆက်ကပ်ပါက ပို၍ကောင်းပါသည်။

အစေ့များစွာပါရှိသော ခရမ်းချဉ်သီး ခရမ်းသီးမျိုးစုံ ငရုတ်သီးစသော အသီးတို့ကိုမူ မီးဖြင့် ချက်ပြုတ်ပြီးမှ ဆက်ကပ်ရမည်၊ ခရမ်းချဉ်သီး၊ ခရမ်းကျွတ်သီး စသည်တို့ကို အသုပ်၊ တို့စရာအဖြစ် ဆက်ကပ်လိုလျှင် ထိုအသီးတို့ကို လူ သာမဏေ ၊ ဒကာ ဒကာမများက ဓားဖြင့် ထိုးခြင်း၊ ဖြတ်ခြင်းဖြင့် ဖြစ်စေ လက်သည်းဖြင့် ဆိတ်၍ဖြစ်စေ ရဟန်းတော်များ ဘုဉ်းပေးသုံးဆောင်ကောင်းအောင် ပြုလုပ်ပေးရမည်။

ပြုလုပ်ပုံ ပြုလုပ်နည်းမှာ ရဟန်းတော်က ထိုသစ်သီးကို အကပ်ခံပြီး ကိုင်ထား၍ လူ သာမဏေ ဒကာ ဒကာမ တစ်ဦးဦးအား ပါဠိလို "ကပ္ပိယံ ကရောဟိ" (အပ်စပ်အောင်ပြုလုပ်ပါ)ဟု ပြောဆိုရသည်။ အပြောခံရသူက ပါဠိလိုပင် "ကပ္ပိယံ ဘန္တေ"(အပ်စပ်အောင် ပြုပြီးပါ၏ ဘုရား)ဟု လျှောက်ထားကာ ချက်ချင်း သစ်သီးကို လက်သည်းဖြင့်လည်းကောင်း၊ ဓားဖြင့်လည်းကောင်း၊ အနည်းငယ် ဆိတ်ဖြတ် ထိုးဖောက်လိုက်ရသည်၊ ဤသည်မှာ ရဟန်းတော်များ အပ်စပ်အောင် ဒကာ ဒကာမတို့က ပြုလုပ်ပေးရမည့် နည်းဖြစ်သည်။

အမြစ်ရှိနေသော နံနံပင် စသော တို့စရာတို့ကို အမြစ်ကိုဓားဖြင့် ဖြတ်ပြီးမှလည်းကောင်း၊ အဆစ်မှ အပင်ပေါက်နိုင်သော ပူစီနံ, ကြံ စသည်တို့ကို အဆစ်များကို ဖြတ်ထုတ်ပြီးမှလည်းကောင်း ဆက်ကပ်ရမည်။ ဤနည်းအတိုင်း မပြုလုပ်မိခဲ့လျှင် ဖော်ပြပါနည်းအတိုင်း "ကပ္ပိယံ ကရောဟိ" "ကပ္ပိယံ ဘန္တေ"ဟုဆို၍ ပြုလုပ်နည်းအတိုင်း ပြုလုပ် ဆက်ကပ်နိုင်ပါသည်။

"ဓားဖြင့် ခုတ်ဖြတ်" ဟုဆိုရာ၌ အပ်ဖြင့်ထိုးခြင်းလည်း ပါဝင်သည်။ ထိုသို့အပ်စပ်အောင် ကပ္ပိရာ၌ သစ်သီးစသော ဝတ္ထုက ရဟန်း၏ လက်ထဲ၌ ရှိနေမှ မဟုတ်။ တောင်ပုံရာပုံ ပုံထားသော အကပ်မခံရသေးသော သစ်သီးပုံ, ကြံပုံတို့ကိုလည်း ရဟန်းတစ်ပါးက မထိမကိုင်ဘဲ " ကပ္ပိယံ ကရောဟိ"ဟု ဆိုသောအခါ လူ သာမဏေများက တစ်စပ်တည်းနေသော သစ်သီးတစ်လုံးကို ကြံတစ်ချောင်းကို "ကပ္ပိယံ ဘန္တေ"ဟု ဆို၍ ခုတ်လိုက်ထိုးလိုက်လျှင် အားလုံးကိုပင် ကပ္ပိ (အပ်အောင်ပြုလုပ်) ပြီး ဖြစ်တော့၏။ တစ်ကြိမ်ကပ္ပိပြီး အပ်စပ်အောင်ပြုပြီးသော သစ်သီးများကို (အကပ်မခံရသေးလျှင်) နောက်နောက်ရက်များ၌ပင် ထပ်၍ မကပ္ပိဘဲ အကပ်ခံ၍ ဘုဉ်းပေးသုံးဆောင်နိုင်ပါသည်။

နံနံပင် စသည်တို့၌ အမြစ်ပါလျှင် အမြစ်ဖြတ်၍ ဆက်ကပ်ရပါမည်။ ပူစီနံ, ကြံ စသည်တို့၌ အဆစ်ပါလျှင် အဆစ်ဖြတ်ပြီးကပ်လျှင် " ကပ္ပိယံ ကရောဟိ"စသည်ဆို၍ အပ်စပ်အောင်ပြုလုပ်ရန်မလိုတော့ပါ။ အလိုလို အပ်နေပြီး ဖြစ်ပါတော့သည်။

ထိုပစ္စည်းများကို မဆက်ကပ်မီ အထက်ပါအတိုင်း ကြိုတင် ပြုလုပ်ထားကြရန် အလှူရှင် ဒကာ ဒကာမများက ဂရုတစိုက် ဆောင်ရွက်ကြရန် လွန်စွာလိုအပ်လှပေသည်။

## ကပ္ပိယကာရက ဆိုသည်မှာ

ရဟန်းတော်များအတွက် အပ်စပ်အောင် ဝိနည်းပြစ် မဖြစ်အောင် ပြုလုပ်ပေးတတ်သောသူကို ကပ္ပိယကာရကဟု ခေါ်သည်။

ကာရကကို ဖြုတ်၍ အတိုကောက်အားဖြင့် ကပ္ပိယဟုလည်း ခေါ်သည်။ ရဟန်းတော်များအတွက် အပ်စပ်အောင် ပြုလုပ်ပေးတတ်သော ထိုကပ္ပိယသည် -

| | |
|---|---|
| ရဟန်းကညွှန်ပြသော ကပ္ပိယ | ၄-ယောက် |
| အလှူရှင်က လှူရန် စေခိုင်းခံရသူ | |
| (တမန်)က ညွှန်ပြသော ကပ္ပိယ | ၄-ယောက် |
| မည်သူကမျှ ညွှန်မပြသော ကပ္ပိယ | ၂-ယောက် အားဖြင့် |
| | ------ |
| | ၁၀-ယောက်ရှိပါသည်။ |

## ရဟန်းညွှန်ပြသော ကပ္ပိယ ၄-ယောက်ဟူသည်

၁၊ မျက်မှောက်အနီးအပါး၌ ညွှန်ပြအပ်သူ တစ်ယောက်၊

၂။ အလှူရှင်က တာဝန်ပေးခဲ့ပြီး အလှူရှင်ကိုယ်တိုင် ရဟန်းထံ ကပ္ပိယနာမည် လျှောက်ထားသူ တစ်ယောက်၊

၃။ အလှူရှင်က တာဝန်ပေးခဲ့ပြီး အလှူရှင်ကိုယ်တိုင် မဟုတ်ဘဲ အခြားသူတစ်ဦးက လာ၍ ကပ္ပိယနာမည် လျှောက်ထားသူ တစ်ယောက်၊

၄။ မည်သူ့ထံ အလှူခံပါဟု မှာ၍ လျှောက်ထားခဲ့သူ တစ်ယောက်- တို့ ဖြစ်ပါသည်။

## လှူရန်စေခိုင်းခံရသူ တမန်က ညွှန်ပြသော ကပ္ပိယ ၄-ယောက် ဟူသည်

ရဟန်းက ကပ္ပိယမညွှန်လျှင် တမန်ကိုယ်တိုင် ကပ္ပိယလုပ်မည့်သူကို ရှာ၍ -

၁ ရှေ့မှောက်မှာပင် အပ်နှံပြောဆိုခြင်း၊

၂။ အဝေး၌ရှိသူထံ အပ်နှံ၍ ပြန်လျှောက်ခြင်း၊

၃။ စေလွှတ်၍ လျှောက်ခြင်း၊

၄။ သွားခါနီးကပင် လျှောက်သွားခြင်း–အားဖြင့် ရဟန်းညွှန်ပြသော ကပ္ပိယအတိုင်းပင် (၄)မျိုး ကွဲပြားသည်။

**မည်သူကမျှ ညွှန်မပြသော ကပ္ပိယ (၂)ယောက်ဟူသည်**

၁။ "ကပ္ပိယပါ" ဟု ကိုယ်တိုင်နှုတ်ဖြင့်ပြောဆို၍ ကပ္ပိယလုပ်သူ တစ်ယောက်

၂။ ကိုယ်တိုင်နှုတ်ဖြင့်မပြောဘဲ တမန်ကစေခိုင်းခဲ့သဖြင့် ကပ္ပိယလုပ်သူ တစ်ယောက်အားဖြင့် (၂) မျိုးကွဲပြားပါသည်။

ဤကပ္ပိယ (၁၀)ယောက်အား သက်န်းဖိုးလှူရာ၌ ကျင့်အပ် စေခိုင်း အပ်သော အခြင်းအရာကွဲပြားသောကြောင့် ဖြစ်ပေါ်လာသော ကပ္ပိယ (၁၀)ယောက်ဖြစ်ပါသည်။

******

# အခန်း (၅)

## အလှူခံကောင်းအောင် ပြုလုပ်နည်း

### ဆွေမျိုးမတော်သူ ဖိတ်မထားသူများအထဲ၌ အလှူမခံကောင်းပုံ

ဆွေမျိုးဉာတိဟူသည် အဖေ, အမေ, ဦးကြီး, ဦးလေး၊ ဒေါ်ကြီး-ဒေါ်လေး, အစ်မ-နှမ, တူ-တူမ, သား-သမီး, မြေး-မြစ် စသူတို့ဖြစ်သည်။

ဆွေမျိုးတော်စပ်သည်ဆိုရာ မိမိကို အလယ်ထား၍ မိမိအထက် မျိုးခုနစ်ဆက်၊ မိမိအောက် မျိုးခုနစ်ဆက် ဟူသော စကားအရ အမိဘက်, အဖဘက် အထက်ခုနစ်ဆက်, အောက်ခုနှစ်ဆက်ကို ဆွေမျိုးဟု ခေါ်သည်။

အထက် ခုနစ်ဆက်ကား -

၁။ ဘ

၂။ ဘိုး

၃။ ဘေး

၄။ ဘီ

၅။ ဘင်

၆။ ဘောင်

၇။ ဘော-တို့ဖြစ်သည်။

အောက်ခုနစ်ဆက် ဟူသည် -

၁။ သား
၂။ မြေး
၃။ မြစ်
၄။ တီ
၅။ တွတ်
၆။ ကျွတ်
၇။ ကျွတ်ဆတ်–တို့ဖြစ်သည်။

ထိုဖော်ပြပါ အထက်ခုနစ်ဆက် အောက်ခုနစ်ဆက်မှာ ဆွေမျိုးတော်စပ်သူများဖြစ်၍ ရဟန်းတော်များသည် ထိုသူများက မဖိတ်ကြားထားသော်လည်း ထိုဆွေမျိုးတော်စပ်သူများထံ ပစ္စည်းလေးပါးကို အလှူခံကောင်းသည်။

ထိုဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တွင် (အထက်အောက်မှ) မပါဝင်သွေးသားချင်း မဆက်သွယ်သူကို ဆွေမျိုးမတော်သူ (အညာတိက)ဟုခေါ်သည်။

ထို့ကြောင့် သား၏မယားနှင့် ထိုမယားဘက်မှ သွေးသားချင်းဆက်သွယ်လာသူတို့သည် ယခုအခါ၌ ဆွေမျိုးဟု အသိအမှတ်ပြုရသော်လည်း ဝိနည်းစည်းကမ်းအရ ဆွေမျိုး မဟုတ်ကြပါ၊ ရဟန်းတော်၏ ဇနီးဟောင်းနှင့် ထိုဇနီးဘက်မှ ဆွေမျိုးများသည်လည်း ရဟန်းတော်အတွက် ဆွေမျိုးမဟုတ်ကြပါ။

ထိုဆွေမျိုးမတော်စပ်သူ ဒကာ ဒကာမများသည် ရဟန်းတော်များအား "ပစ္စည်းလေးပါးအလိုရှိသောအခါ တပည့်တော်များထံ တောင်းခံတော်မူပါ ဘုရား"ဟု လျှောက်ထား ဖိတ်မန်ထား သင့်ကြသည်။

ထိုသို့"ပစ္စည်းလေးပါးအလိုရှိလျှင် အလှူခံတော်မူပါ ဘုရား"ဟု လျှောက်ထားချက်ရှိမှသာလျှင် ဆွေမျိုးမတော်သူများထံ အလှူခံ ကောင်းပေသည်။

အချို့ ဝိနည်းအလွန်လေးစားတော်မူသော ရဟန်းတော်များသည် ဖိတ်မန်ထားသော်လည်း ရောင့်ရဲခေါင်းပါးအောင် ကျင့်နေသော အကျင့်အရ အလှူခံဖို့ရန် အလွန်ပင် ဝန်လေးတော်မူလှပေသည်။

သို့ဖြစ်၍ ဒကာ ဒကာမများ အနေဖြင့် ရဟန်းတော်များအတွက် အလိုရှိမည်ထင်ရသော ပစ္စည်းကို သိရှိနားလည်အောင် ပြုလုပ်ပြီး လှူလျှင်ကား ပို၍ပင် ကောင်းမွန်လှပါသည်။

သို့မှသာ ရဟန်းတော်များပစ္စည်းလေးပါး ပြည့်စုံစွာဖြင့် ခုရနှစ်ဖြာ သာသနာကိုချမ်းသာစွာ အားထုတ်ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။

## တောင်းသာတောင်း၍ မပေးကောင်းသူ-စသော ပုဂ္ဂိုလ်(၄)မျိုး

(၁) တပည့်တော်တို့ထံ ပစ္စည်းလေးပါး အလိုရှိသောအခါ တောင်းတော်မူပါ အလှူခံတော်မူပါဟု ဖိတ်မန်ထားသူကို ပါဠိလို ပဝါရိတ မြန်မာလို ဖိတ်ထားသူ ဟုခေါ်၏။ ထို ဖိတ်မန်ထားသော ပဝါရိတပုဂ္ဂိုလ်နှင့် (မိဘမှ တစ်ပါး ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် စပ်၍ရသော) ဆွေမျိုးဉာတိတို့ အထံ၌ တောင်းသာ တောင်းကောင်း၏၊ မိမိပိုင် ပစ္စည်းကိုကား မပေးကောင်းပါ။

(ဆွေမစပ်သော သားမက်, ချွေးမ မယား တို့သည် ဆွေမျိုး မဟုတ်ကြပါ)။

(၂) ကိုးကွယ်ရာမဲ့၍ ဆင်းရဲနေသူ (သို့မဟုတ် သူတောင်းစား) စစ်ရှုး၍ ကျောင်းသို့ပြေးဝင်လာသူ၊ စားနပ်ရိက္ခာ မပါသော ခရီးသွားဧည့်သည်၊ ဤသို့သော လူဝတ်ကြောင် တို့အား မိမိပိုင်ပစ္စည်းကို ပေးသာပေးကောင်း၍ မိမိက မတောင်းကောင်း, အလှူမခံကောင်းပါ။

(၃) မိဘတို့ အထံ၌မူ တောင်းလည်း တောင်းကောင်း, ပေးလည်း ပေးကောင်းပါသည်။

(၄) ဖိတ်ကြားမထားသူ ဆွေမျိုးမတော်သူတို့ အထံ၌ တောင်းလည်း မတောင်းကောင်း၊ ပေးလည်းမပေးကောင်းပါ။

ထိုသူတို့ထံမှ ရေကိုသော်မျှ တောင်း၍ မသောက်ကောင်းပါ။ ထိုသူတို့အထံမှ ပစ္စည်းတစ်စုံတစ်ခုကို အလိုရှိလျှင် ဆွမ်းရပ်သလို ရပ်၍ ဖြစ်စေ, မိမိ၌ ရှိသော ပစ္စည်းဖြင့် လူဝတ်ကြောင်တစ်ယောက်ကို အလဲခိုင်း၍ ဖြစ်စေ ယူရသည်။

ထို့ကြောင့် ရဟန်းတော်တို့က အလှူရှင်တို့အထံ၌ လိုအပ်သော ပစ္စည်းကို အလှူခံနိုင်စေရန် အလှူရှင်တို့က "တပည့်တော်တို့ထံ အပ်စပ်သော ပစ္စည်းများကို အလိုရှိသောအခါ အလှူခံတော်မူပါ ဘုရား"ဟူ၍ လည်းကောင်း၊ "တပည့်တော်တို့ကို ပစ္စည်းလေးပါး ဒါယကာ အဖြစ် မှတ်တော်မူပါ ဘုရား" ဟူ၍လည်းကောင်း ကြိုတင်၍ လျှောက်ထားသင့်ကြသည်။

******

# အခန်း (၆)

# ရွှေ ငွေကို အပ်စပ်အောင် လှူဒါန်းနည်း

## ရွှေ ငွေတို့ကို အလှူမခံကောင်းပုံ

ဘုရားရှင်သည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ်ဖြစ်၏။ အရှင်ဥပနန္ဒရဟန်းတော်သည် ဒါယကာတစ်ဦး၏ အိမ်၌ အမြဲဆွမ်းစား၏၊ ထိုအိမ်၌ ခဲဖွယ် ဘောဇဉ်ချက်သည့်အခါ အရှင်ဥပနန္ဒအတွက် ဦးဦးဖျားဖျားခပ်၍ ထားလေ့ရှိ၏။

တစ်နေ့တွင် ထိုအိမ်၌ ညစာအတွက် အမဲသားဟင်း ချက်၍ စားကြ၏။ နောက်တနေ့နံနက် အရှင်ဥပနန္ဒ ဆွမ်းစားကြွလာသောအခါ ဆက်ကပ်ရန် ဦးဦးဖျားဖျား ခပ်၍ ချန်ထား၏။ အရှင်ဥပနန္ဒ ကြွမလာမီ နံနက်စောစော၌ အိမ်ရှင်၏သားလေးက အတင်းပူဆာသောကြောင့် ထိုအမဲသားဟင်းကို ကလေးအား ကျွေးလိုက်ရ၏။ အရှင်ဥပနန္ဒအား အခြားတစ်မျိုးမျိုး ဝယ်လှူမည်ဟုကြံ၍ ကလေးအား ကျွေးလိုက်ခြင်း ဖြစ်သည်။

နံနက်လင်း၍ အရှင်ဥပနန္ဒကြွလာသောအခါ အိမ်ရှင်ဒါယကာ သည် "ကလေးပူဆာသောကြောင့် အရှင်ဘုရားအတွက်ချက်ထားသော အမဲသားဟင်းကို ကျွေးလိုက်ရပါ၏ဘုရား"ဟု အရှင်ဥပနန္ဒအား

လျှောက်ထား၍ ငွေတစ်ကျပ်ကို ယူလာပြီးလျှင် "ဤငွေဖြင့် အဘယ်ကို ဝယ်၍ လှူရပါမည်နည်းဘုရား"ဟု လျှောက်လေသည်။

ထိုအခါ အရှင်ဥပနန္ဒက "ဒါယကာ ဤငွေကို ငါ့အားလှူပြီးဟု သဘောထားသလော"ဟုမေး၏၊ ဒါယကာက"လှူပြီးပါကြောင်း" လျှောက်လေလျှင် "ငါ့အား ဤငွေကိုသာ လှူလော့"ဟု ပြောဆို၍ ခံယူသွားလေသည်။

ထိုအိမ်ရှင် ဒါယကာသည် အရှင်ဥပနန္ဒအား ငွေကိုလှူပြီးနောက် "ငွေကို ငါတို့ကိုင်ကြ ခံယူကြသကဲ့သို့ပင် ဤရဟန်းတို့သည်လည်း ကိုင်ကြ ခံယူကြကုန်၏" စသည်ဖြင့် ပြောဆိုကဲ့ရဲ့လေတော့သည်။

ထိုအကြောင်းကို အခြား ရဟန်းတော်များ ကြားသိကြ၍ အကျိုးအကြောင်းကို ဘုရားရှင်အား လျှောက်ထားကြလေသည်။ ဘုရားရှင်က "ရဟန်းတော်များသည် ရွှေ ငွေကိုအလှူမခံကောင်း၊ အလှူခံလျှင် အပြစ်အာပတ်သင့်စေ"ဟု ပညတ်တော်မူလေသည်။

ဤသိက္ခာပုဒ်တော် ဥပဒေအရ ရဟန်း, သာမဏေတို့သည် ရွှေငွေကိုလည်းကောင်း၊ ရတနာမျိုးတွင် ပါဝင်သော ပုလဲ–ပတ္တမြားစသော ပစ္စည်းများကို လည်းကောင်း–

၁။ ကိုယ်တိုင်လည်း ကိုင်တွယ်ခံယူခြင်း မပြုကောင်း
၂။ ကပ္ပိယ စသူကိုလည်း "ယူထားလိုက်"ဟု မခိုင်းကောင်း မပြောကောင်းကြချေ။

## ရွှေ, ငွေ အပ်လျှင် ကာမဂုဏ်ငါးပါးအပ်

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူခိုက်ဖြစ်၏။ ရာဇဂြိုဟ်မြို့နန်းတွင်း အစည်းအဝေးတစ်ခုတွင်

စပ်မိစပ်ရာ စကားပြောကြရာတွင် "ရဟန်းတော်များသည် ငွေကို လှူလာလျှင် ခံယူကောင်း၏" ဟု အများစုက ပြောဆိုနေကြသည်။

မဏိစူဠက အမည်ရှိသော ရွာသူကြီး၊ လူကြီး လူကောင်း (ဂါမဏိ) တစ်ယောက်က "မခံယူကောင်း"ဟု ကန့်ကွက်လေသည်။

ထိုနောက် လူကြီးလူကောင်း မဏိစူဠကသည် ဘုရားရှင်ထံလာ၍ အစည်းအဝေး၌ ပြောကြဆိုကြပုံနှင့် သူက ကန့်ကွက်ခဲ့ပုံကို လျှောက်၏။

"သူကန့်ကွက်ခဲ့တာ မှန်ပါရဲ့လား ဘုရား" ဟုလည်း ဘုရားရှင်အား ထပ်ဆင့် လျှောက်ထား၏။

ဘုရားရှင်က "ဂါမဏိ၊ သင်ပြောခဲ့သော စကားသည် မှန်ပေ၏၊ ရဟန်းတော်များသည် ရွှေ ငွေကို မခံယူကောင်း၊ ရွှေ ငွေကို သုံးစွဲရန်အပ်လျှင် ကာမဂုဏ်ငါးပါးလုံး (သားမယားပါ) သုံးစွဲကောင်းလိမ့်မည်၊ အပ်ပေလိမ့်မည်။ "ရွှေ ငွေကို သုံးစွဲရန်အပ်၏ဟုဆိုသော တရားကို 'ရဟန်းတရား မဟုတ်'ဟု ကေန်မှတ်လေ"ဟု မိန့်တော်မူခဲ့ပါသည်။

အထက်ဖော်ပြပါ ဝတ္ထုလာ စကားတော်များအရ ရဟန်း၊ သာမဏေတို့အား ရွှေ ငွေစသော ရတနာပစ္စည်းများ မအပ်စပ်ကြောင်း ထပ်လောင်း၍ သိရပြန်၏။

သို့သော်လည်း သာသနာပြုရာ၌ ပစ္စည်းလေးပါးကိစ္စအတွက် ငွေသည် မကင်းရကား အထူးသဖြင့် ခရီးသွားလာမှု၊ ကား-ရထား စသည်စီးနင်းမှု၌ ငွေမပါလျှင်မပြီးဖြစ်ရကား အပ်စပ်အောင်ပြုလုပ်လှူဒါန်း နည်းများကို သိရှိနားလည်ထားရန် အထူးလိုအပ်လှပေသည်။

ဘုရားရှင်သည် အထက်ပါအတိုင်း ရွှေငွေကို မအပ်စပ်ကြောင်း ဟောထားသကဲ့သို့ အပ်စပ်အောင် လှူဒါန်းနည်းကိုလည်း ဟောထားတော် မူခဲ့လေသည်။

## သင်္ကန်းဖိုး စသည်တို့ကို အပ်စပ်အောင် လှူနည်း

အလှူရှင် ဒကာတစ်ဦးက ဖြစ်စေ အလှူရှင် ဒကာအများစုတို့က ဖြစ်စေ ရဟန်းတော်ထံလာရောက်၍ "သင်္ကန်းဝယ်ရန် ဤသင်္ကန်းဖိုး ဝတ္ထုငွေကို အရှင်ဘုရားအား လှူဒါန်းပါ၏"ဟု လျှောက်ပြီး သင်္ကန်းဖိုး ငွေကို လှူဒါန်းပါလျှင် ရဟန်းတော်များ အလှူမခံကောင်းပါ။

အလှူခံခဲ့လျှင် ရဟန်းတော်များသည် ထိုဝယ်ယူရရှိသည့် သင်္ကန်း (သို့မဟုတ်) မဝယ်ရသေးလျှင် သင်္ကန်းဖိုး ငွေကိုလည်း စွန့်ပစ်ရပါမည်။ ပါစိတ်အာပတ်ခေါ် ဝိနည်းပြစ်လည်း သင့်ရောက်ပါသည်။

သို့ဖြစ်၍ သင်္ကန်းလှူဒါန်းလိုသော အလှူရှင်တို့သည် သင်္ကန်းဖိုး ဝတ္ထုငွေကို ရဟန်းတော်များအား တိုက်ရိုက်မလှူဒါန်းဘဲ မိမိတို့ကိုယ်တိုင် သင်္ကန်းကို ဝယ်ယူပြီး လှူဒါန်းရပါမည်။

ထိုသို့ဝယ်ယူရန် အခွင့်မသင့်လျှင် ကပ္ပိယများထံ သင်္ကန်းဖိုးငွေ တို့ကို လွှဲပြောင်းအပ်နှံ၍ လှူဒါန်းရပါမည်။

## အခြားသူတစ်ယောက်ကို စေလွှတ်၍ သင်္ကန်းကို လှူဒါန်းပုံ

ဘုရားရှင်လက်ထက်တော်၌ သာဝတ္ထိပြည်နေ အမတ်ကြီးတစ်ဦး သည် "ဤသင်္ကန်းဖိုးငွေဖြင့် သင်္ကန်းဝယ်၍ အရှင်ဥပနန္ဒအား လှူဒါန်းချေ" ဟုမှာ၍ တမန်တစ်ယောက်ကို အရှင်ဥပနန္ဒ အထံသို့ သင်္ကန်းဖိုးငွေ အပို့ခိုင်းလေသည်။

တမန်သည် အရှင်ဥပနန္ဒထံသို့သွား၍ သင်္ကန်းဖိုးငွေကို တိုက်ရိုက် လှူလေသည်။ ထိုအချိန်၌ ရွှေ ငွေ အလှူမခံကောင်း အလှူမခံရ-ဟူသော သိက္ခာပုဒ် ဥပဒေကို ဘုရားရှင်က ပညတ်တော်မမူပြီးဖြစ်၏။

ထိုသို့ ရဟန်း, သာမဏေတို့၏ ကပ္ပိယတာဝန်ကို ထမ်းဆောင်သူသည် သက်ဆိုင်ရာ အလှူရှင်တို့ထံမှ နဝကမ္မဝတ္ထုငွေကို လက်ခံယူပြီးနောက် အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရသည် -

၁၊ အပ်နှံသောငွေကို အလှူရှင်ပြောသည့်အတိုင်း စေ့/မစေ့ ရေတွက်ရသည်။

၂။ စေ့လျှင် ထိုငွေကို ယူ၍ ထိုငွေကို အလှူခံရသော ရဟန်း, သာမဏေ (သံဃာတော်များ) ထံမှောက်သို့ သွားရောက်၍ လက်အုပ်ချီကာ -

၃။ ဘုရားတပည့်တော် မောင်ဖြူထံ ငွေ(တစ်ရာ) ကျပ်တန် အပ်စပ်သော ပစ္စည်းများကို အလိုရှိသောအခါ တောင်းခံတော်မူပါ၊ လုံခြုံရာအရပ်ကိုလည်း ညွှန်ပြတော်မူပါဟု လျှောက်ထားရပါသည်။

လုံခြုံရာအရပ်ဟူသည် ရဟန်းလက်ဖြင့် ကိုင်ထား ထိထားသော သပိတ်, လက်ဆွဲအိတ် စသည်တို့မဟုတ်၊ ရဟန်း ကိုင်မထားသော သေတ္တာ, ဘီရို စသည်တို့သာဖြစ်သည်။

(သေတ္တာ, ဘီရို စသည်တို့တွင် လုံခြုံစိတ်ချရသော တစ်ခုခု တစ်နေရာရာကို ညွှန်ပြ၍ " ဤနေရာ၌ လုံခြုံပါသည်"ဟု ပြောဆိုလျှင်လည်း ထိုရဟန်း သာမဏေတို့ ညွှန်ပြရာ နေရာ၌ပင် ထားလိုက်ရသည်)။

ရဟန်း, သာမဏေတို့က သေတ္တာ, ဘီရို စသော လုံခြုံရာအရပ်ကို မညွှန်ပြဘဲ " သင့်ထံမှာ လုံခြုံပါသည်"ဟု ပြောလျှင် ထိုနဝကမ္မဝတ္ထုငွေကို ကပ္ပိယကာရကပင် သိမ်းထားရသည်။ သို့မဟုတ် ရဟန်း, သာမဏေတို့ အလိုရှိသူ မိဘ ညီအစ်ကို မောင်နှမ စသူများတွင် တစ်ယောက်ယောက်ကို ဖော်ပြ၍ "မည့်သူ့ထံမှာ လုံခြုံပါသည်"ဟု ပြောလျှင် ထိုပုဂ္ဂိုလ်ထံ နဝကမ္မဝတ္ထုငွေကို အပ်နှံလိုက်ရသည်။

## အလိုက်သိ ကပ္ပိယ လုပ်ရပုံ

ဝိနည်းသိက္ခာပုဒ်နှင့်လျော်ညီအောင် လျှောက်ထား၍ ငွေလှူနည်းကို မသိနားမလည်သော အလှူရှင်တစ်ယောက်ယောက်က ရဟန်း,သာမဏေ (သို့မဟုတ်) သံဃာတော်များအား ငွေလှူဒါန်း နေသောအခါ မိမိက အနီးအနားမှာရှိနေခဲ့လျှင် မိမိက ကြားဝင်၍ အလိုက်သိစွာ ကပ္ပိယပြုလုပ်တတ်ရပါသည်။ ပြုလုပ်ပုံကား -

၁။ ထိုငွေလှူနေသူ အလှူရှင်အား ငွေလှူရာ၌ လျှောက်ရသော "တပည့်တော်သည် အရှင်ဘုရားများ၏ နဝကမ္မအား ငွေတစ်ရာကျပ် လှူလိုပါသည်။ ကပ္ပိယညွှန်တော်မူပါ ဘုရား" ဟူသော စကားကို သင်ပေး ချပေးရပါသည်။

၂။ သို့မဟုတ် "ရဟန်း, သာမဏေတို့သည် ငွေကိုအလှူမခံကောင်းပါ၊ ဒါကြောင့်ကျွန်တော်ထံ (ကျွန်မထံ) အပ်နှံခဲ့ပါ၊ ကျွန်တော်က (ကျွန်မက) ရဟန်း,သာမဏေ သံဃာတော် အလိုရှိသော ပစ္စည်းကို စီမံ၍ လှူလိုက်ပါမည်" ဟု ပြော၍ နဝကမ္မဝတ္ထုငွေကို လက်ခံယူထား လိုက်ရပါသည်။

ဤဖော်ပြပါ နှစ်နည်းတွင် တစ်မျိုးမျိုးဖြင့်သင်ပြပြောပြ၍ အလိုက်သိ ကပ္ပိယကာရက လုပ်တတ်ရပါသည်။ ထိုတွင် နောက် (၂)နံပါတ်နည်းဖြင့် ပြုလုပ်၍ ငွေကို မိမိလက်ခံထားလိုက်လျှင် ထိုငွေနှင့်ဆိုင်သော ရဟန်း သံဃာတော်များထံ ချဉ်းကပ်၍ လက်အုပ်ချီကာ -

"ဘုရားတပည့်တော် မောင်ဖြူထံ ငွေတစ်ရာကျပ်တန် အပ်စပ်သော ပစ္စည်းကို အလိုရှိသောအခါ တောင်းခံတော်မူပါ အရှင် ဘုရား။ လုံခြုံရာအရပ်ကိုလည်း ညွှန်ပြတော်မူပါအရှင် ဘုရား"ဟူ၍ ကပ္ပိယကာရက လျှောက်နည်းအတိုင်း လျှောက်ထားရပါသည်။

## ရှင်ပြု ရဟန်းခံ အသုဘ အလှူစသည်တို့၌ ငွေလှူဒါန်းနည်း

ရှင်ပြုပွဲ၊ ရဟန်းခံပွဲ၊ သိမ်ဆင်း၊ အသုဘ စသော အလှူအတန်းပွဲများ၌ သက်န်းစသော ပစ္စည်းများအပြင် နဝကမ္မ အလှူငွေများကိုလည်း ဒကာ ဒကာမများ လှူဒါန်းတတ်ကြပါသည်။ ထို နဝကမ္မ ဝတ္ထုငွေများကို သံဃာတော်တို့အား တိုက်ရိုက်မလှူဒါန်းကောင်းပါ။ စာအိတ်၌ ထည့်၍လည်းကောင်း၊ ယပ်တောင်ပေါ်၌တင်၍လည်းကောင်း၊ သင်္ကန်း ပေါ်တွင်တင်၍လည်းကောင်း၊ ပိုက်ဆံအိပ်၌ထည့်၍ လည်းကောင်း၊ လက်ပေါ်တင်၍လည်းကောင်း၊ ငွေဆွမ်းလောင်းသည့် အနေဖြင့် လည်းကောင်း လှူဒါန်းကောင်းသည်ဟုထင်၍ လှူဒါန်းနေကြပါသည်။ မည်သည့်နည်းနှင့်မျှ နဝကမ္မဝတ္ထုငွေများကို တိုက်ရိုက်မလှူဒါန်း ကောင်း ပါချေ။

အချို့အလှူပွဲများ၌ ငွေပဒေသာပင်များပြုလုပ်၍ပင် လှူဒါန်း တတ်ကြ ပါသည်။ မည်သို့ပြုလုပ်စီမံထားသည်ဖြစ်စေ ယင်းငွေကို ရဟန်း၊ သာမဏေတို့အား အပ်စပ်အောင် လှူဒါန်းတတ်ရန် လိုပါသည်။

လှူပုံမှာ– ရေစက်ချခါနီး၌ဖြစ်စေ၊ ရေစက်ချအပြီး၌ဖြစ်စေ "အရှင် ဘုရားများ၏ နဝကမ္မအား ငွေတစ်ရာကျပ်စီလှူဒါန်းလိုပါသည်။ ကပ္ပိယ ညွှန်ပြတော်မူကြပါ ဘုရား ဟူ၍ လျှောက်ထားရပါသည်။

ထိုအခါ သံဃာတော်များက မိမိတို့ဆိုင်ရာ ဆိုင်ရာ ကပ္ပိယကာရက ကျောင်းသားများကို ညွှန်ပြတော်မူကြပါလိမ့်မည်။

ကပ္ပိယကာရက၊ ကျောင်းသား ပါမလာသော အချို့ဆရာတော် သံဃာတော်များအတွက် နီးစပ်ရာ ဒကာ၊ ဒကာမများက အလိုက်သိ ကပ္ပိယ လုပ်ပေးသင့်ကြပါသည်။

## အပြစ်နှင့် အကျိုး

ထိုသို့ ကပ္ပိယညွှန်စေ၍ မလှူဒါန်းဘဲ သံဃာတော်များ ရွေး၍ လိုက်ချ၍ဖြစ်စေ၊ သံဃာတော်များလက်ထဲ၌ တိုက်ရိုက်လွဲအပ်၍ဖြစ်စေ လှူဒါန်းသူသည် ရဟန်းသာမဏေတို့၏ သီလ သိက္ခာကို ညစ်နွမ်းညှိုးမှိန်စေပါသည်။

ထိုသို့မပြုလုပ်ဘဲ ကပ္ပိယကာရက ညွှန်ရန်လျှောက်၍ လှူဒါန်းသည်ကား ရဟန်း သာမဏေများ၏ သီလသိက္ခာကို စင်ကြယ်သန့်ရှင်းအောင် လုပ်ဆောင်ရာရောက်၏၊ သာသနာစည်ပင်ရန် ထောက်ပံ့ရာရောက်၏။

ထိုသီလစင်ကြယ်နေသော သံဃာတော်တည်းဟူသော လယ်ယာမြေကောင်း၌ မိမိတို့၏ လှူဒါန်းပျိုးချလိုက်သော ကောင်းမှုမျိုးစေ့သည် ကောင်းမွန်ဖွံ့ဖြိုး ကြီးကျယ်သော အကျိုးကို ရစေနိုင်ပါသည်။

အသုဘအလှူကို လှူဒါန်းရာ၌ ကွယ်လွန်သွားသူအတွက် လွန်စွာ ဝမ်းမြောက် ဝမ်းသာဖြစ်လျက် စင်ကြယ်သော ကုသိုလ်အဖို့ကို ရရှိကာ ကုသိုလ်၏ အကျိုးတရားဖြစ်သော ချမ်းသာသုခ အမျိုးမျိုးကို ခံစားစံစား ရနိုင်လေသည်။

ရှေးက ဒကာတစ်ဦးသည် ကွယ်လွန်သွားသော ဆွေမျိုးတစ်ဦး အတွက် ရည်စူး၍ ရဟန်းတစ်ပါးကိုပင့်၍ ဆွမ်းနှင့် သင်္ကန်းလှူလေ၏။ ထိုရဟန်းကား သီလမစင်ကြယ်သော ဒုဿီလပုဂ္ဂိုလ်ဖြစ်နေ၏။ ထို့နောက် ကွယ်လွန်သူအား ကုသိုလ်အဖို့ကို အမျှပေးဝေ၏။ ထိုည၌ အိမ်မက်ထဲဝယ် ထိုအလှူရှင်ဒကာအား ကွယ်လွန်သူက "ငါ့အတွက် ကုသိုလ်အဖို့ကို ဒုဿီလကြီးက လုယူသွားတယ်၊ ငါမရဘူး"ဟု ပြောဆိုလေ၏။

စာအောင်သံဃာတော်များနှင့် လိုက်ပါကြသော ကပ္ပိယ ဒကာ ဒါယိကာမ အသီးသီးတို့သည် မိမိတို့ဆိုင်ရာ ရဟန်း သာမဏေတို့၏ နဝကမ္မ ဝတ္ထုငွေများကို လက်ခံရယူပြီးနောက် ကပ္ပိယကာရက လုပ်ထုံးနှင့်အညီ အပ်စပ်အောင် ဆက်လက် ဆောင်ရွက်ကြရမည်။

## စာတိုက်မှ(မန် နီ အော်ဒါဖြင့်) ပို့၍ ငွေလှူရာ၌ စာတိုက်မှူးနှင့် စာပို့လုလင်တို့ သတိထားဖွယ်

ထိုထို မြို့ရွာများ၌ ပရိယတ္တိစာသင်တိုက်များ၊ ပဋိပတ္တိကမ္မဋ္ဌာန်း ရိပ်သာများရှိကြသည်။ ထိုစာသင်တိုက်၊ ရိပ်သာများတွင် နေသော ရဟန်း, သာမဏေများထံ သက်ဆိုင်ရာ ဒကာ, ဒါယိကာမတို့က စာတိုက်မှ Money Order ဖြင့် နဝကမ္မဝတ္ထုငွေများပို့၍ လှူဒါန်းတတ်ကြပါသည်။

စာပို့လုလင်များသည် ထိုနဝကမ္မဝတ္ထုငွေများနှင့် ငွေပို့လွှာများကို သက်ဆိုင်ရာ လိပ်စာရှင် ရဟန်း, သာမဏေတို့ထံ ယူဆောင်လာကြ၏။ ထိုသို့ ယူဆောင်လာသောအခါ ရဟန်း, သာမဏေတို့သည် ငွေပို့လွှာ၌ ငွေရရှိကြောင်း လက်မှတ်ကား ထိုးကောင်းသည်ဟု ရှေးဆရာတော်ကြီးများ အစဉ်အဆက် မိန့်ဆိုခဲ့ပါသည်။ ထိုမှ နောက်၌ကား စာပို့လုလင်က ကပ္ပိယညွှန်ရန် မလျှောက်ထားလျှင် ငွေနှင့် စပ်၍ မပြောကောင်းပါ။ ထို့ကြောင့် စာပို့လုလင်တို့သည် အောက်ပါအတိုင်း လျှောက်ထား ကြရပါမည်။

> "အရှင်ဘုရား၏ နဝကမ္မအတွက် ငွေတစ်ရာကျပ် ပါလာပါသည်၊ ယင်းအတွက် ကပ္ပိယညွှန်ပြတော်မူပါဘုရား" ဟု လျှောက်ထားရပါမည်။

ထို့နောက် လိပ်စာရှင် ရဟန်း, သာမဏေတို့ ညွှန်ပြသော ကပ္ပိယကာရက (ဒကာ, ဒကာမ, ဖိုးသူတော်, သီလရှင်) တစ်ဦးဦးထံသို့ နဝကမ္မဝတ္ထုငွေကို အပ်နှံလှူဒါန်းလိုက်ရပါသည်။

## စာတိုက်မှူးများ သတိပြုရန်

တစ်ခါတစ်ရံ ထိုထိုစာသင်တိုက်၊ ရိပ်သာများ၌ ရဟန်း, သာမဏေတို့ထံ သက်ဆိုင်ရာ အလှူရှင် ဒကာ, ဒကာမတို့က ပို့လိုက်သော နဝကမ္မဝတ္ထုငွေ အရေအတွက်သည် စာပို့လုလင် တိုက်ရိုက်ပို့ဆောင်ရမည့် အတိုင်းအတာထက် များနေတတ်သည်။

ထိုအခါ စာပို့လုလင်သည် ရဟန်း, သာမဏေတို့အား ငွေပို့လွှာကိုသာပေး၍ ပို့လိုက်သော နဝကမ္မဝတ္ထုငွေကို စာတိုက်၌ လာရောက်ထုတ်ယူရန် ညွှန်ပြလျှောက်ထားတတ်ပါသည်။

သက်ဆိုင်ရာ ရဟန်း, သာမဏေတို့သည် ကပ္ပိယကာရကနှင့်အတူ စာတိုက်သို့ ရောက်လာပါလိမ့်မည်။

ထိုအခါ စာတိုက်မှူးသည် ရဟန်း, သာမဏေတို့ထုတ်ပြသော ငွေပို့လွှာ လက်မှတ်ကို ကြည့်၍ စီစစ်မေးမြန်းစရာ ရှိသည်တို့ကို စီစစ်မေးမြန်းပြီးနောက် –

> "အရှင်ဘုရား၏ နဝကမ္မအတွက် ငွေကျပ် တစ်ထောင် ရောက်လာပါသည်။ ထိုအတွက် ကပ္ပိယညွှန်ပြပါဘုရား"ဟု လျှောက်ထားရပါမည်။

ထို့နောက် ထိုရဟန်း, သာမဏေတို့ညွှန်ပြအပ်သော ကပ္ပိယကာရကထံသို့ လွှဲအပ်လှူဒါန်းလိုက်ရပါမည်။

စာတိုက်မှူးထံမှ နဝကမ္မဝတ္ထုငွေကို လွှဲအပ်ခြင်း ခံရသော ကပ္ပိယကာရကသည် ကပ္ပိယကာရက တာဝန်ဝတ္တရားအတိုင်း ဆက်လက်ဆောင်ရွက်ရပါမည်။

## ပူဇော်ပွဲ၊ ဆွမ်းကြီးလောင်းပွဲတို့၌ နဝကမ္မဝတ္ထုငွေကို အပ်စပ်အောင် လှူဒါန်းနည်း

မြန်မာနိုင်ငံတော် တစ်ဝှမ်းလုံး၌ ထိုထိုမြို့ ရွာ ဒေသ အသီးသီးတို့၌ ဂုဏ်ပြုပူဇော်ပွဲ၊ မွေးနေ့ပွဲ၊ အနေကဇာတင်ပွဲ၊ ကျောင်းတိုက်ရာပြည့်ပွဲ စသော ပူဇော်ပွဲများနှင့် ဆွမ်းကြီးလောင်းလှူပွဲများ ရှိကြပါသည်။

ထိုပူဇော်ပွဲများ၌ အပ်စပ်သော သင်္ကန်း ထီး ဖိနပ် စသော ရဟန်းတော် အသုံးအဆောင်များအပြင် နဝကမ္မဝတ္ထုငွေများကိုပါ လောင်းလှူလေ့ ရှိကြပါသည်။

ထို နဝကမ္မဝတ္ထုငွေများကို ရဟန်းတော်များနှင့် သာမဏေများကို တိုက်ရိုက် မလှူဒါန်းကောင်းပါ။

ကပ္ပိယကာရကများမှ တစ်ဆင့်သာ လောင်းလှူပူဇော် ,လှူဒါန်းရပါသည်။ ကပ္ပိယကာရကများကလည်း လောင်းလှူရာမှရလာသော နဝကမ္မဝတ္ထုငွေများကို ကပ္ပိယကာရက တာဝန်ဝတ္တရားများကို ရှေးနည်းအတိုင်း ဆောင်ရွက်ရပါမည်။

******

# အခန်း (၇)

## ပစ္စည်းဝယ်ရာ၌ ကပ္ပိယကာရက-က ကူညီနည်း

### ရှင်ပြု, ရဟန်းခံအတွက် ပစ္စည်းဝယ်ပေးရာ၌ သိထားဖွယ်

ရှင်ပြုမင်္ဂလာပွဲ ရဟန်းခံပွဲများပြုလုပ်ကြသောအခါ အချို့သော ဒကာ, ဒကာမများသည် ထိုရှင်ပြု, ရဟန်းခံပွဲများအတွက် လိုအပ်သော လှူဖွယ်ဝတ္ထုပစ္စည်းများဝယ်ရန် ရဟန်း, သာမဏေတို့ထံ ငွေကိုအပ်နှံ၍ အဝယ်ခိုင်းတတ်ကြပါသည်။

အထူးသဖြင့် ကျေးလက်တောရွာ၌ ဒကာ, ဒကာမများသည် ရဟန်းသံဃာတော်များကို အားကိုးအားထား ပြုလေ့ရှိသည့်အလျောက် ထိုကဲ့သို့သော ငွေများကို အပ်နှံ၍ လိုအပ်သော လှူဖွယ်ဝတ္ထုပစ္စည်းများကို အဝယ်ခိုင်းတတ်လေ့ ရှိကြပါသည်။

ထိုသို့ အဝယ်ခိုင်းရာ၌ နဝကမ္မဝတ္ထုငွေကို ရဟန်း, သာမဏေတို့၏ လက်၌ တိုက်ရိုက် မအပ်နှံကောင်းပါ။ မိမိတို့ကိုယ်တိုင် ကပ္ပိယကာရက ပြုလုပ်၍ လိုက်နိုင်ပါက လိုက်ရပါမည်။

သို့မဟုတ် ရဟန်း, သာမဏေတို့နှင့် အတူလိုက်ပါရန် အဆင် ပြေသော စွမ်းနိုင်သူ တစ်ယောက်ယောက်ကို အလိုက်ခိုင်းရပါမည်။

သို့မဟုတ် ရဟန်း, သာမဏေတို့ထံ၌ ရှိနေပြီဖြစ်သော ကျောင်းသားဖိုးသူတော် စသော ကပ္ပိယကာရကများထံ နဝကမ္မဝတ္ထုငွေကို အပ်နှံလိုက်ရပါမည်။

ရဟန်း, သာမဏေတို့သည် လူဝတ်ကြောင်တို့၏ ကိစ္စကြီးငယ်ကို မိဘမှလွဲ၍ မည်သူ၏ လုပ်ငန်းကိစ္စကိုမျှ မဆောင်ရွက်ကောင်း-ဟု ဝိနည်းပညတ်ချက်ရှိသော်လည်း ရတနာသုံးပါးနှင့် သက်ဆိုင်သော လုပ်ငန်းကိစ္စများကိုကား ပြုလုပ်ပေးကောင်း၏-ဟု ခွင့်ချက်ရှိပါသည်။ သို့သော် ပစ္စည်းကောင်း-မကောင်း၊ သင့်-မသင့်ကိုသာ စီမံကောင်းသည်။ ဈေး-စသည် ဆစ်၍ဝယ်ခြင်းကိုကား မပြုလုပ်ကောင်းပါသဖြင့် အတူလိုက်ပါသူ ကပ္ပိယကာရကတို့က သိရှိနားလည်ကာ ဈေးဆစ်မှု ငွေပေးချေမှု စသည် ပြုလုပ်ရန်အတွက် သတိပြုဆောင်ရွက်ရန် အထူးနားလည်ထားသင့်ပါသည်။

## ဈေးဝယ်လိုက်သူ ကပ္ပိယများ သတိထားဖွယ်

ရဟန်း, သာမဏေများနှင့် ကပ္ပိယကာရကပြုလုပ်၍ ဈေးဝယ်လိုက်ပါကြသော ဒကာ, ဒကာမများသည် ရဟန်း သာမဏေများ အလိုရှိသော ပစ္စည်းကို ဝိနည်းတော်နှင့်အညီ အပ်အပ်စပ်စပ် ရရှိအောင် ဝယ်ယူလှူဒါန်းနိုင်ရန် သတိပြုကြိုးစားကြဖို့ အထူးလိုအပ်လှပါသည်။

ဈေးဆိုင်သို့ ရောက်သောအခါ ရဟန်း, သာမဏေတို့သည် အလိုရှိသော ပစ္စည်းကို ဈေးသယ်များထံ မေးနိုင်၏။ မည်မျှမည်မျှ တန်ဖိုးကျသည်ကိုလည်း မေးကောင်းပါ၏။ ထိုသို့ မေးမြန်းပြီးချိန်၌ကား လိုက်ပါလာသော ကပ္ပိယကာရက ဒကာ, ဒကာမတို့က

အလိုက်သိစွာ ဝင်ပြီး ဈေးဆစ်ခြင်း၊ ငွေပေးချေခြင်း စသော အမှုများ ပြုလုပ်ပေးရပါသည်။ ထိုသို့ ကပ္ပိယကာရက ပြုလုပ်ပေးလျှင် အလှူခံရဟန်း, သာမဏေတို့အတွက် အပ်စပ်သောပစ္စည်းကို ရရှိလေသည်။

## အပ်စပ်သော လဲလှယ်နည်း

ရဟန်းတော်များသည် မည်သည့်နည်းနှင့်မျှ ကပ္ပိယကာရက ရှာမရလျှင် သို့မဟုတ် ကပ္ပိယကာရက မရှာလိုလျှင် ဈေးသည်ထံသွား၍ "ငါ့မှာ သက်န်းရှိသည်၊ သင်္ကန်းကိုတော့ အသုံးမကျတော့၊ သပိတ်ကိုသာ လိုပါသည်"ဟု ပရိယာယ်ဖြင့် ပြောနိုင်သည်။

ထိုအခါ ဈေးသည်က အရိပ်အခြေနားလည်၍ သင်္ကန်းကို ယူပြီး သပိတ်ကို လှူလိုက်လျှင် ထိုသပိတ်အပ်စပ်ပါသည်။

အထက်ပါအကြောင်းအရာတို့ကို သိရှိနားလည်ပြီးဖြစ်၍ သာသနာ သန့်ရှင်းမှုကိုလည်း လိုလားသောဈေးသည် ဒကာ, ဒကာမများသည် ဈေးဆိုင်သို့ ထိုကိစ္စမျိုးဖြင့် ရောက်လာသော ရဟန်း, သာမဏေတို့အား မိမိတို့ကပင် အလိုက်သိစွာဖြင့် အဆင်ပြေသမျှ ပြေနိုင်အောင် ကြံဆောင်ပြီး ရဟန်း, သာမဏေတို့၏ ပစ္စည်းနှင့် ဈေးဆိုင်ရှိ ပစ္စည်းတို့ အပ်စပ်အောင် လဲလှယ်မှုကို ပြုလုပ်ပေးသင့်လှပါသည်။

သို့မှသာလျှင် မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးကို အရည် ခံ၍ တည်တံ့စည်ပင်သန့်ရှင်းအောင် ဆောင်ရွက်ရာ ရောက်သည့်အပြင် အလွန်တရာ အကျိုးတရား ကြီးမားလှသော သာသနာပြု ကုသိုလ်ကြီး ကိုလည်း ပြုလုပ်ဆောင်ရွက်ရာ ရောက်ပါသည်။

******

# အခန်း (၈)

## အမျိုးသမီးများ ရဟန်းတော်များထံ ဆည်းကပ်နည်း

### ဆိတ်ကွယ်ရာ၌ ရဟန်းနှင့်အမျိုးသမီးတစ်ယောက်ချင်း မနေသင့်ပုံ

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး ဆောက်လုပ် လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် သာကီဝင်မင်းသား အရှင်ဥပနန္ဒသည် မိတ်ဆွေ၏ အိမ်သို့ သွားလေ၏။

အိမ်သို့ ရောက်သောအခါ ထိုမိတ်ဆွေ၏ မယားနှင့် အတူ တစ်ယောက်ချင်းချင်း ဆိတ်ကွယ်ရာ အရပ်၌ ထိုင်နေ၏။ ထိုအခါ မိတ်ဆွေယောကျ်ားသည် "ဤအရှင်ဥပနန္ဒသည် အဘယ်ကြောင့် မာတုဂါမနှင့်အတူ တစ်ယောက်ချင်းချင်း ဆိတ်ကွယ်ရာအရပ်၌ ထိုင်နေရ သနည်း"ဟု ကဲ့ရဲ့ရှုတ်ချ ပြစ်တင်ပြောဆိုလေသည်။

ထိုစကားကို ရဟန်းတော်တို့ကြား၍ ထိုရဟန်းတို့မှ တစ်ဆင့် ဘုရားရှင် ကြားသိတော်မူလေသည်၊ ထိုအခါ ဘုရားရှင်က– "ရဟန်းတော် တို့သည် မာတုဂါမနှင့်အတူ တစ်ယောက်ချင်းချင်း ဆိတ်ကွယ်ရာအရပ်၌ နေထိုင်လျှင် ပါစိတ်အာပတ်သင့်စေ"ဟု ပညတ်တော်မူခဲ့သည်။

သို့ဖြစ်၍ အမျိုးသမီးများသည် ရဟန်းတော်တို့ထံ ဆည်းကပ်ကြသည့်အခါ မိမိတစ်ယောက်တည်း မဆည်းကပ်ကြဘဲ တတ်သိနားလည်သော ယောကျ်ားအဖော်တစ်ယောက် အနည်းဆုံးပါမှသာ သွားရောက် ဆည်းကပ်ကြရမည်။ အဖော်မခေါ်သွားဘဲ မိမိတစ်ယောက်တည်း ဆည်းကပ်ခြင်းကြောင့် ရဟန်းတော်တို့မှာ အပြစ်အာပတ်သင့်ရောက်ရလေသည်။ ထိုအခါ မိမိတို့၏ ဆည်းကပ်ရိုသေမှုသည် သာသနာတော်၏ အကျိုးဆုတ်ယုတ် ပျက်ပြားအောင် ပြုလုပ်ရာ ရောက်၍ မိမိအတွက်ရော ရဟန်းတော်တို့ အတွက်ပါ အကျိုးမရှိ ဖြစ်နိုင်၏၊ ထို့ကြောင့် အမျိုးသမီးများသည် ရဟန်းတော်တို့ထံ ဆည်းကပ်ရာ၌ အနည်းဆုံး ယောကျ်ား အဖော်တစ်ယောက်ယောက်ကို ခေါ်ဆောင်ပြီးမှသာ ဆည်းကပ်ကြရမည် ဖြစ်သည်။ ဆိတ်ကွယ်ရာ အရပ်ဆိုသည်မှာ အခြားလူများ မမြင်နိုင်သောအရပ်၊ သူတို့စကားပြောသံကို မကြားနိုင်သော အရပ် ဖြစ်သည်။

**ယောကျ်ားအဖော်မပါဘဲ အမျိုးသမီးချည်းသက်သက် ရဟန်းထံမှ တရားမနာသင့်ပုံ**

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး ဆောက်လုပ် လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါက အရှင်ဥဒါယီသည် သာဝတ္ထိပြည်၌ အိမ်ပေါင်းများစွာတို့သို့ သွားလာဝင်ထွက်လျက် နေ၏။

တစ်နေ့သောအခါ အရှင်ဥဒါယီသည် နံနက်အချိန် သင်္ကန်းကို ဝတ်ရုံပြင်ဆင်၍ သပိတ်ကိုယူကာ အိမ်တစ်အိမ်သို့ ဝင်လေ၏၊ ထိုအခါ အိမ်ရှင်မသည် အိမ်တံခါး၀၌ နေ၏၊ အိမ်ရှင်မ၏ ချွေးမကား အခန်းတံခါး၀၌ နေ၏၊ အရှင်ဥဒါယီသည် ထိုအိမ်သို့ ဝင်သောအခါ ရှေးဦးစွာ

အိမ်တံခါးဝ၌ နေသော အိမ်ရှင်မ၏ အနီးသို့ ချဉ်းကပ်ပြီး အိမ်ရှင်မ၏ နားအနီးသို့ကပ်၍ တရားစကားဟော၏။

ထိုအခါ အိမ်တံခါးဝ၌နေသော ချွေးမသည် မြင်၍ "ထိုရဟန်းသည် ငါ့ယောက္ခမ၏ လင်ငယ်လား၊ သို့မဟုတ် ပြက်ရယ်ပြုတာလား"ဟု စိတ်ထဲ၌ တွေးတော၏။

ထို့နောက် အရှင်ဥဒါယီသည် အိမ်တွင်းသို့ ဆက်ဝင်၍ အခန်းတံခါးဝ၌ နေသော ချွေးမ၏ အနီးသို့သွားပြီး ချွေးမ၏ နားသို့ကပ်၍ ထို့အတူပင် တရားစကား ပြောပြီးလျှင် ချက်ချင်းပြန်ကြွသွားလေ၏။

ထိုအခါ အိမ်ရှင်မသည် ချွေးမကို "ဟယ်-ချွေးမ ဤရဟန်းသည် သင့်အား ဘာစကားတွေ ပြောကြားသွားသလဲ"ဟု မေး၏၊ "အရှင်မ ကျွန်ုပ်အား တရားဟောသွားပါ၏၊ အရှင်မကိုလဲ ဘာစကားတွေ ပြောသွား ပါသလဲ"ဟု ချွေးမက ပြန်မေး၏။

"ငါ့ကိုလည်း တရားကိုပဲ ဟောသွားပါတယ်"ဟု ပြောဆိုပြီး ထိုမိန်းမတို့သည် "ဤအရှင်ဥဒါယီသည် အဘယ်ကြောင့် နားသို့ကပ်၍ တရားဟောရသနည်း၊ လွတ်လပ်ပွင့်လင်းစွာ တရားဟောသင့်ပါသည်"ဟု ကဲ့ရဲ့ရှုတ်ချ ပြစ်တင်ပြောဆိုကြကုန်၏။ ထိုစကားကို ရဟန်းတော်တို့မှ တစ်ဆင့် ဘုရားရှင်ကြား၍ ဘုရားရှင်သည် -

> "ရဟန်းတို့သည် မာတုဂါမအား တရားမဟောရ၊ ဟောလျှင် (ပါစိတ်) အာပတ်သင့်စေ"ဟု ပညတ်တော်မူလေသည်။

ထိုမှနောက်၌ ဥပါသိကာမတို့သည် ရဟန်းတော်တို့ကို တွေ့မြင်လျှင် တရားဟောရန် တောင်းပန်လျှောက်ထားကြပြန်၏။ ရဟန်းတို့ကလည်း တရားမဟောရ ဟု ပညတ်ချက်ရှိ၍ တရားမဟောကြကုန်၊ ထိုအခါ

ဥပါသိကာမတို့သည် အရှင်ဘုရားတို့ တရားစကား ငါးခွန်းခြောက်ခွန်းမျှ လောက်ကိုတော့ ဟောကြားတော်မူပါဟု တောင်းပန်ကြပြန်သော်လည်း ရဟန်းတော်တို့က အပြစ်သင့်မှာစိုး၍ မဟောကြားကြကုန်။

ထိုအခါ ဥပါသိကာမတို့သည် ရဟန်းတော်တို့ကို "တရားစကား ငါးခွန်း ခြောက်ခွန်းလောက်ကိုပင် ဟောကြားဖော် မရကုန်" ဟု ကဲ့ရဲ့ ရှုတ်ချ ပြစ်တင်ပြောဆိုကြပြန်၏။ ထို့ကြောင့် ဘုရားရှင်က ငါးခွန်း ခြောက်ခွန်းမျှကိုတော့ တရားဟောကြားနိုင်သည်၊ ထို့ထက်ပို၍ ဟောလျှင် အပြစ်သင့်စေ ဟု ပညတ်တော် မူရပြန်သည်။

ထိုသို့ ငါးခွန်း ခြောက်ခွန်းမျှကို ဟောကြားနိုင်ကြောင်း ခွင့်ပြု လိုက်သောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် လူပြိန်း လူအ ဘာမျှနားမလည်သော ယောကျ်ားတစ်ဦးဦးကို အနီး၌နေစေ၍ မာတုဂါမတို့အား ငါးခွန်း ခြောက်ခွန်း ထက်ပို၍ တရားဟောကြားကြကုန်၏၊ ထိုအကြောင်းကိုလည်း ရဟန်းတော်တို့မှတစ်ဆင့် ဘုရားရှင်ကြား သိတော်မူပြန်၍ ဘုရားရှင်သည်–

> "ရဟန်းတော်တို့သည် လူပြိန်း လူအ ဘာကိုမျှ မသိ နားမလည်သော ယောကျ်ားတစ်ဦးကို အနီးအနား၌ နေစေလျက် မာတုဂါမအား ငါးခွန်း ခြောက်ခွန်းထက်ပို၍ တရားဟောကြားလျှင် (ပါစိတ်) အာပတ်သင့်စေ"ဟု ပညတ်တော်မူပေသည်။

သို့ဖြစ်၍ အမျိုးသမီးများသည် ရဟန်းတော်တို့ထံမှ တရား စကား နာယူလိုသောအခါ အမျိုးသမီးတစ်ယောက်တည်း သွား၍ တရားကို မနာယူရ၊ ရဟန်းတော် ဟောကြားမည့် တရားတော်သည် ရိုးသားစွာ ပြောဟောသော စကားလား၊ ဆန်းပြားစွာ ဟောကြားသည့် စကားလားဟု ခွဲခြားသိနိုင်သော အမျိုးသားတစ်ယောက်ယောက်ပါမှသာ တရားကို နာယူသင့်သည်။ ထိုသို့ တရားတော်စစ်စစ်ကိုသာ ဟောကြားသည်ဟု

သိနားလည်းသော ယောကျ်ားတစ်ယောက် ပါလျှင် အမျိုးသမီးများစွာတို့ တရားနာယူနိုင်သည်။ ယခုခေတ်အမျိုးသား အမျိုးသမီးများစွာရှိသော ပရိသတ် တို့အား ဟောပြောသည့် တရားပွဲမျိုး၌ကား နာယူနိုင်၏။ အမျိုးသမီး တစ်ယောက်တည်း တရားနာသွားရာ၌သာ အထူးသတိထားရန် လိုအပ်ပါသည်။

**အမျိုးသမီး၏ ကိုယ်, လက် အင်္ဂါ ဆံပင်တို့ဖြင့် ရဟန်းတော်များအား မထိကောင်းပုံ။**

အမျိုးသမီးများသည် ရဟန်းသံဃာတော်တို့၏ သီလ၊ သမာဓိ၊ ပညာ ဂုဏ်သိက္ခာတို့ကို လေးစားကြည်ညိုစွာဖြင့် ရဟန်းသံဃာတော်တို့၏ အနီးသို့ကပ်၍ ပုဆစ်တုပ်ပြီး ခြေတော်အစုံဝယ် လက်နှစ်ဘက်တင်လျက် ဦးခေါင်းညွတ်ကာ အားပါးတရ ရှိခိုးပူဇော်လေ့ ရှိကြ၏။ ထိုသို့ရှိခိုးခြင်းသည် ရှိခိုးသူ၌ စေတနာ သဒ္ဓါတရားအလျောက် အကျိုးထူးရရှိနိုင်သော်လည်း ရဟန်းတော်တို့အတွက် အပြစ်အာပတ် သင့်နိုင်သဖြင့် အမျိုးသမီးများသည် ရဟန်းတော်တို့ကို ရှိခိုးရာ၌ဖြစ်စေ၊ အခြားသော လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို လှူဒါန်းဆက်ကပ်ရာ၌ဖြစ်စေ၊ ရဟန်းတော်တို့၏ ကိုယ်လက်အင်္ဂါတို့ကို သော်လည်းကောင်း သင်္ကန်းကိုသော်လည်းကောင်း မိမိ၏ ကိုယ်အင်္ဂါတို့ဖြင့် မထိမိ မကိုင်မိရအောင် အထူးသတိပြုကြရန် လိုအပ်ပါသည်။

ထို့ပြင် အမျိုးသမီးများသည် ရဟန်းခံပွဲ၌ ရဟန်းသစ် သိမ်မှ ဆင်းကြွလာသောအခါ၌လည်းကောင်း၊ ဆရာတော်ကြီးများကို ပူဇော်ပွဲ ပြုလုပ်ကြရာတို့၌လည်းကောင်း ရဟန်း သံဃာတော်များ ကြွရာ လမ်း၌ မိမိတို့၏ ဆံပင် ရှင်သန်စေရေးအတွက် ဖြစ်စေ၊ မိမိအမြတ်တနိုး ပြုပြင် စောင့်ရှောက်ခဲ့သော ဆံပင်ဖြင့် အမြတ်ဆုံး ပူဇော်မည်ဟူသော ရည်ရွယ်ချက်ဖြင့်ဖြစ်စေ မိမိတို့၏ ဆံကို ဖြေချကာ ဖြန့်ခင်းလျက် ထားလေ့ရှိကြ၏။

ထိုဆံပင်ကို ရဟန်းတော်တို့အနေဖြင့် နင်းမိလျှင် အပြစ်အာပတ်သင့်ရောက်နိုင်သောကြောင့် အမျိုးသမီးများသည် မိမိတို့၏ ဆံပင်တို့ကို ဖြန့်ခင်း၍ မပူဇော်သင့်ကြချေ။

**ရဟန်းတော်များထံ ပန်း၊ သစ်သီး စသည်တို့ကို မတောင်းကောင်းပုံ**

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အဿဇိ၊ ပုနဗ္ဗသုက အမည်ရှိသော အရှက်အကြောက် မရှိသော ရဟန်းဆိုးတို့သည် ကီဋာဂိရိ၌ ကျောင်းထိုင်ပုဂ္ဂိုလ် အဖြစ်ဖြင့် နေထိုင်ကြကုန်၏။

ထိုရဟန်းတို့သည် ပန်းပင်စိုက်ခြင်း၊ ရေလောင်းခြင်း၊ ခူးဆွတ်ခြင်း၊ ပန်းသီကုံးခြင်း စသည်တို့ကို ကိုယ်တိုင်လည်း ပြုလုပ်ကြကုန်၏၊ သူတစ်ပါးကိုလည်း ပြုလုပ်ခိုင်းကြကုန်၏၊ ထိုပန်းတို့ကို ပန်းကုံး၊ ပန်းတံ၊ ပန်းလက်ကောက်၊ ဦးဆောက်ပန်း၊ နားသွယ်ပန်း၊ ရင်လွှမ်းပန်းတို့အဖြစ်ဖြင့် ကိုယ်တိုင်လည်းပြု သူတစ်ပါးကိုလည်း ပြုလုပ်ခိုင်းကြကုန်၏။ ထိုပန်းကုံး အမျိုးမျိုးတို့ကို အမျိုးသမီး ကြီးငယ်မရွေးတို့အား ကိုယ်တိုင်လည်းပေး သူတစ်ပါးကိုလည်း ပေးခိုင်းကြကုန်၏။

ထို့နောက် ထိုရဟန်းတို့သည် အမျိုးသမီးတို့နှင့်အတူ စားသောက်နေထိုင်ခြင်း၊ အတူသီဆိုတီးမှုတ် ကခုန်ခြင်း စသည်တို့ကိုလည်း ပြုလုပ်ကြကုန်၏၊ ထို့နောက် ကျားအမျိုးမျိုး ထိုးခြင်း၊ ဇယ်တောက်ခြင်း၊ ဂေါ်လီရိုက်ခြင်း၊ ကျွမ်းထိုးခြင်း စသော ကစားနည်းမျိုးစုံတို့ကိုလည်း ပြုလုပ်ကြကုန်၏။

ထိုအချိန်ဝယ် ရဟန်းတော်တစ်ပါးသည် ကာသိတိုင်း အတွင်းရှိ ဇနပုဒ်တစ်ခု၌ နေပြီး၍ ဝါကျွတ်သောအခါ ဘုရားရှင်အား ဖူးမြော်ရန်

သာဝတ္ထိမြို့သို့ ကြွလာခဲ့စဉ် လမ်းခရီးကြားဝယ် ထိုရဟန်းဆိုးတို့ နေထိုင်ရာ ကီဋာဂိရိသို့ ရောက်လာ၏၊ ထိုရဟန်းတော်သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဆင်ဝတ်ရုံ၍ သပိတ်ကို ယူလျက် ကြည်ညိုဖွယ်ရှိသော ကြွလှမ်းခြင်းဖြင့် ကြွလှမ်းပြီး မျက်လွှာကိုချကာ ကီဋာဂိရိသို့ ဆွမ်းခံဝင်ခဲ့၏။

လူတို့သည် ထိုသို့ ဣန္ဒြေရစွာ ဆွမ်းခံဝင်လာသော ရဟန်းကိုမြင်၍ "ဒေလးလံနှေးကွေးစွာ လှမ်းလျက် မျက်နှာကို ရှုံ့တွပြီး စိတ်ဆိုးနေသလို ပုံမျိုးဖြင့် လာသူကား ဘယ်သူလဲ၊ ဒီလိုပုံဖြင့်လာသူကို ဘယ်သူက ဆွမ်းလောင်းလှူ မည်နည်း၊ ငါတို့၏ အရှင် အဿဇိ၊ ပုနဗ္ဗသုကတို့ကား သိမ်မွေ့ပြေပြစ် ကြကုန်၏၊ နူတ်ကလဲချိုကြ၏၊ အပြုံးလည်း ပြုံးရွှင်လျက်ရှိကြ၏၊ ဖော်ရွေစွာလည်း ကြိုဆိုလေ့ရှိကြ၏။ ဦးစွာလည်း နူတ်ခွန်းဆက်လေ့ရှိကြ၏။ ထိုသို့သော အရှင်တို့အားသာလျှင် ဆွမ်း လောင်းလှူသင့်ပေ၏" ဟု ပြောဆိုကြကုန်၏။

သာသနာတော်ကို စစ်မှန်စွာ ယုံကြည် ကိုးကွယ်တတ်သော ဥပါသကာတစ်ယောက်သည် ဣန္ဒြေရစွာဖြင့် ဆွမ်းခံဝင်လာသော ထိုရဟန်းကို မြင်၍ ရဟန်းတော်၏ အနီးသို့ ချဉ်းကပ်လျက် ရိုသေစွာ ရှိခိုးပြီး "အရှင်ဘုရား ဆွမ်းကို ရခဲ့ပါ၏လော" ဟု လျှောက်၏။

ရဟန်းတော်က "ဆွမ်းမရခဲ့သေးကြောင်း" အမိန့်ရှိလျှင် ဥပါသကာသည် ရဟန်းတော်ကို အိမ်သို့ပင့်ပြီး ဆွမ်းဆက်ကပ် လှူဒါန်းလေ၏။ ထိုသို့ ဆွမ်းဆက်ကပ်ပြီးနောက် ရဟန်းတော်အား အဘယ်အရပ်သို့ ကြွပါမည်နည်း" ဟု လျှောက်ရာ ရဟန်းတော်က သာဝတ္ထိမြို့သို့ ဘုရားရှင်အား ဖူးမြော်ရန် သွားမည့်အကြောင်း မိန့်ကြား၏။ ထိုအခါ

ဥပါသကာသည် "အရှင်ဘုရား သို့ဖြစ်လျှင် အကျွန်ုပ်၏ စကားကို ဘုရားရှင်ကို ဦးညွှတ် ရှိခိုးပြီးလျှင် ဤကဲ့သို့ လျှောက်ထားပေးပါ ဘုရား -

"မြတ်စွာဘုရား ကီဋာဂိရိ၌ ကျောင်းတိုက်ကြီးများ ပျက်စီးနေကြပါပြီ။ အဿဇိ၊ ပုနဗ္ဗသုကမည်သော အရှက် ကင်းမဲ့ကြသော ရဟန်းဆိုးတို့သည် ကီဋာဂိရိ၌ ကျောင်းထိုင်ကြီးများအဖြစ် နေထိုင်လျက် ရှိကြပါသည်၊ ထိုရဟန်းတို့သည် (အထက်က ဖော်ပြခဲ့သည့်အတိုင်း) သာသနာတော်၏ အနှောင့်အယှက်ဖြစ်သော အကျင့်ဆိုး အမျိုးမျိုးတို့ကို ပြုကျင့်နေကြပါသည် ဘုရား"

"မြတ်စွာဘုရား- ရှေးက ရတနာသုံးပါးကို သက်ဝင်ယုံကြည် ကြသော လူအပေါင်းတို့သည် ယခုအခါ ယုံကြည်မှု မရှိကြတော့ပါ၊ ရှေးယခင်က ပြုနေကြ ဝတ်ဖြစ်သော သံဃာတော်တို့၏ အလှူဒါနဝတ်တို့သည်လည်း ယခုအခါ ပျက်ပြား သွားပါပြီ၊ အကျင့်သီလ စင်ကြယ်သော ရဟန်းတော်တို့လည်း (ပျောက်ကွယ်လုနီးပါး ဖြစ်နေပါပြီ) တစ်ပါးမျှ မရှိကြတော့ပါ၊ ဒုဿီလ ရဟန်းတို့သာလျှင် ကြီးစိုးနေကြပါပြီ ဘုရား"

"မြတ်စွာဘုရား- တပည့်တော် တောင်းပန်လျှောက်ထားအပ်ပါသည် ဘုရား၊ ဘုရားရှင်သည် ကီဋာဂိရိသို့ ရဟန်းတို့ကို စေလွှတ်တော်မူပါ၊ သို့မှသာ ကီဋာဂိရိတွင်ရှိသော ကျောင်းတိုက်ကြီးများ ကောင်းစွာတည်တံ့နိုင်မည်ဖြစ်ပါသည် ဘုရား"

ထိုသို့ ဥပါသကာလျှောက်ထားသော စကားကို ရဟန်းတော်သည် မှတ်ယူခဲ့ပြီး၍ ဆက်လက်ခရီး ကြွခဲ့ရာ သာဝတ္ထိပြည်သို့ ရောက်၏၊ ရောက်လျှင် ရောက်ချင်း ဘုရားရှင်သို့ ချဉ်းကပ်လျက် မြတ်စွာဘုရားရှင်ကို ဦးချကန့်တော့ပြီးလျှင် ကီဋာဂိရိမှ ဥပါသကာ လျှောက်တင်လိုက်သော စကား အပြည့်အစုံတို့ကို လျှောက်ထားခဲ့သည်။

ထိုအခါ ဘုရားရှင်သည် ရဟန်းသံဃာကို စည်းဝေးစေပြီးနောက် ရဟန်းတော်တို့အား အကြောင်းအရာ အလုံးစုံကို စိစစ်မေးမြန်းတော်မူသည်။ ရဟန်းတော်တို့ကလည်း ထိုအကြောင်းအရာများသည် အားလုံးမှန်ကန်ပါကြောင်း ပြန်လည်လျှောက်ထားကြကုန်၏။ ထိုအခါ ဘုရားရှင်သည် ကဲ့ရဲ့တော်မူပြီး၍ ထိုအဿဇိ၊ ပုနဗ္ဗသုက ရဟန်းတို့ကို ကီဋာဂိရိမှ နှင်ထုတ်ခြင်း အမှုကိုပြုရန် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ အမှူးရှိသော သံဃာတော်များကို တာဝန်ပေးအပ်တော်မူသည်။

အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ အမှူးပြုသော ရဟန်းသံဃာတော်တို့သည် ကီဋာဂိရိသို့ ကြွသွားကြ၍ အဿဇိ၊ ပုနဗ္ဗသုကစသော ရဟန်းဆိုးတို့အား နှင်ထုတ်ကြကုန်၏။ ထိုသို့ နှင်ထုတ်ခြင်း အမှုကို ပြုကြသော်လည်း ထိုအဿဇိ၊ ပုနဗ္ဗသုကစသော ရဟန်းတို့သည် မတောင်းပန် မလိုက်နာ ကြသည့်အပြင် အရှင်သာရိပုတ္တရာ စသော ရဟန်းကောင်းတို့ကို ပြန်လည်ဆဲရေးကြကုန်၏။ "ဒီကိုယ်တော်တွေဟာ အဂတိလိုက်ကြတယ်" ဟုလည်း စွပ်စွဲကြကုန်၏၊ အချို့က သင့်တော်ရာကို ထွက်သွားကြကုန်၏၊ လူထွက်သူ ထွက်ကြကုန်၏၊ ထိုအခါ ရဟန်းကောင်းတို့သည် ထိုအဿဇိ၊ ပုနဗ္ဗသုက စသော ရဟန်းဆိုးတို့ကို ကဲ့ရဲ့ပြစ်တင် ရှုတ်ချတော်မူကြပြီးလျှင် ဘုရားရှင်ထံ ပြန်လည်လျှောက်ထားကြကုန်၏၊ ဘုရားရှင်သည် ထိုအကြောင်း အရာတို့ကိုလည်း စိစစ်မေးတော်မူပြီးနောက် ကဲ့ရဲ့တော်မူပြီးလျှင်– "ဤသို့သော လူတို့၏ သဒ္ဓါတရားကို ဖျက်ဆီး

တတ်သော ပန်းပေးခြင်း စသော အကျင့်ဆိုးတို့ကို ပြုလုပ်ကြသော ရဟန်းတို့အား ကျောင်းတိုက်အတွင်းမှ နှင်ထုတ်ရမည်။ ထိုသို့ နှင်ထုတ်ပါလျက် မလိုက်နာလျှင် သုံးကြိမ်ပြောဆို ဆုံးမရမည်၊ ပြောဆိုဆုံးမမှုကို မလိုက်နာသော ရဟန်းအား အပြစ်အာပတ်သင့်စေ” ဟု ပညတ်တော်မူခဲ့သည်။

ထိုသို့ ရဟန်းတော်တို့ထံမှ အမျိုးသား အမျိုးသမီးတို့က ပန်း၊ သစ်သီး၊ ဆေး စသည်တို့ကို တောင်း၍ ရဟန်းတော်တို့က ပေးလျှင် ရဟန်းတော်တို့ အပြစ် အာပတ် သင့်ရ၏၊ လူတို့က တောင်းလာသည်ကို ရဟန်းတော်တို့က ပေးချင်ပေမဲ့ ဝိနည်းသိက္ခာပုဒ် ပညတ်ချက်ကြောင့် အပြစ်သင့်ရောက်မှာစိုး၍ မပေးပြန်လျှင် အမျိုးသား အမျိုးသမီးတို့ အနေဖြင့် ရဟန်းတော်တွေအပေါ်မှာ အပြစ်တင်မိတတ်၏၊ အပြစ်တင်မိလျှင် မိမိတို့မှာ ဆိုးကျိုးတွေ ရရှိနိုင်၏။ မိမိက တောင်းပါလျက် ရဟန်းတော်တို့က ဝိနည်းလေးစား၍ မပေးဘဲနေလျှင် အပြစ်မမြင်ဘဲ “ဒီရဟန်းတော်တို့ဟာ– ဘုရားစကားတော်အတိုင်း လိုက်နာကျင့်ကြံပါပေတယ်” ဟု မိမိတို့က တိုး၍ ကြည်ညိုနိုင်ကြရပါမည်။

ရဟန်းတော်တို့က လူတို့တောင်းလာသည်ကို ပေးလိုက်လျှင် လူပုဂ္ဂိုလ်တို့၏ မူလယုံကြည်ကိုးကွယ်နေတဲ့ သဒ္ဓါတရား အစစ်အမှန်တွေ ပျက်စီး သွားနိုင်၏။ လူပုဂ္ဂိုလ်တို့အနေဖြင့် ပေးဖော်ရသော ရဟန်းဆိုးကြောင့် ပေးဖေါ်မရသော အခြားရဟန်းကောင်းတို့ အပေါ်၌ ကြည်ညိုမှု လျော့ပါး သွားရ၏။ ဤသို့ ရဟန်းကောင်းများ အပေါ်၌ ကြည်ညိုနေသည့် ဒကာ ဒကာမတို့၏ သဒ္ဓါတရားကို ဖျက်ဆီးရာ ရောက်သောကြောင့် ထိုပန်းစသည်ပေးသည့် ရဟန်းကို “ကုလဒူသက”ဟု ခေါ်သည်။ (ကုလဒူသက= ဒကာ ဒကာမတို့၏ သဒ္ဓါစစ် သဒ္ဓါမှန်ကို ဖျက်ဆီးသူ)

ထိုကြောင့် အမျိုးသား အမျိုးသမီး အပေါင်းတို့သည် ရဟန်းတော်တို့ အထံ၌ ပန်း၊ သစ်သီး စသော ပစ္စည်းတို့ကို မတောင်းသင့် မတောင်း ကောင်းပါ။

ထို့ကြောင့် အမျိုးသား အမျိုးသမီးတို့က လိမ္မာပါးနပ်ရ၏။ မိမိတို့၏ သဒ္ဓါတရား မပျက်စီးရအောင် ရဟန်းတော်တို့ထံ မိမိလိုချင်တာကို မတောင်းမိဖို့ ခိုင်းချင်တာကို မခိုင်းမိဖို့ အရေးကြီးလှ၏။

အကယ်၍ ရဟန်းတော်တို့က ပန်း စသည်ကို လူတို့အနေဖြင့် ဘုရားပူဇော်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပေးသည်ကိုမူ ယူကောင်း၏၊ ယူပြီးအမှန်ပင် ဘုရားကို ပူဇော်ရမည်။ ဘုရားကို မပူဇော်ဘဲ မိမိကိုယ်တိုင် ပန်ခြင်း၊ နတ် စသည်ကို ပူဇော်ခြင်းမျိုးကို မပြုလုပ်ထိုက်။

သို့ရာတွင် မိဘ, ရဟန်း၏ ဝေယျာဝစ္စပြုသူ မကျန်းမာသူ ခရီးသွားရင်း စားနပ်ရိက္ခာပြတ်သူတို့အနေဖြင့် ရဟန်းတော်များ၏ ပစ္စည်းတို့ကို တောင်းကောင်း၏၊ ရဟန်းတော်တို့ အနေဖြင့်လည်း ပေးကောင်း၏။

## ရဟန်းတော်နှင့် တိုင်ပင်ချိန်းချက်၍ တစ်ဦးချင်း ဘုရားဖူးခရီး စသည် အတူမသွားရပုံ

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အခါက ရဟန်းတစ်ပါးသည် ကောသလတိုင်း အတွင်းရှိ ဇနပုဒ်တစ်ခု၌ နေ၏၊ ထိုရဟန်းသည် မိမိနေရာမှ သာဝတ္ထိပြည်သို့ ဘုရားရှင်အားဖူးမြော်ရန် သွားသောအခါ ရွာတံခါးအလွန်သို့ရောက်၏၊ ထိုစဉ် မိန်းမတစ်ယောက်သည် လင်နှင့်ရန်ဖြစ်စိတ်ဆိုး၍ ရွာမှထွက်လာရာ ထိုခရီးသွားရဟန်းကိုမြင်၍ "အရှင်ဘုရား ဘယ်အရပ်သို့ ကြွပါ မည်နည်း" ဟု လျှောက်လေ၏။

ရဟန်းတော်က သာဝတ္ထိပြည်သို့ ကြွမည်ဖြစ်ကြောင်းပြောဆို၏၊ ထိုမိန်းမသည် "တပည့်တော်မ အရှင်ဘုရားနှင့်အတူ လိုက်ခဲ့ပါ ရစေ"ဟု လျှောက်ထားရာ ရဟန်းက လိုက်ခွင့်ပြုလိုက်၍ အတူသွားကြ၏၊ ထိုအခါ ထိုမိန်းမ၏ ယောကျ်ားသည် ရွာမှထွက်လာပြီး အခြားလူ အပေါင်းတို့ကို "မိမိ၏ မိန်းမကို တွေ့မိသလော"ဟု မေးမြန်းရာ ရဟန်းတစ်ပါးနှင့်အတူ ဒီလမ်းက သွားကြကြောင်း ပြောဆိုကြ၏၊ ထိုအခါ ထိုယောကျ်ားသည် လိုက်လာ၍ ထိုရဟန်းကို ဖမ်းပြီးလျှင် ရိုက်နှက်ထောင်းထု၍ လွှတ်လိုက်၏၊ ထိုရဟန်းသည် အရိုက်ခံရသဖြင့် နာကျင်နေရကား သစ်ပင်တစ်ပင်ရင်း၌ မှိုင်တွေလျက်နေ၏။

ထိုအခါ ထိုမိန်းမသည် သူ၏ယောကျ်ားကို "အမောင် ဒီရဟန်းက ကျွန်ုပ်ကိုခေါ်သွားခြင်း မဟုတ်ပါ၊ အမှန်မှာ ကျွန်ုပ်ကသာ ထိုရဟန်းနှင့်အတူ လိုက်ခွင့်တောင်းပြီး ခရီးအတူသွားခြင်း ဖြစ်ပါသည်၊ ရဟန်းမှာ အပြစ်မရှိပါ၊ ထို့ကြောင့် ထိုရဟန်းကို ဝန်ချတောင်းပန်ပါလော့"ဟု ပြောဆို၏။ ထိုအခါ ထိုယောကျ်ားသည် မိမိမှားခဲ့ပြီကို သိ၍ ရဟန်းထံ ဝန်ချ တောင်းပန်လေ၏။

ထိုရဟန်းသည် သာဝတ္ထိပြည်သို့ ရောက်သောအခါ ဖြစ်ခဲ့သမျှ အကြောင်းစုံကို ရဟန်းတော်တို့အား ပြောကြားရာ ရဟန်းတော်တို့မှတစ်ဆင့် ဘုရားရှင်ကြားသိတော်မူ၍-

> "ရဟန်းသည် မာတုဂါမနှင့်အတူ တိုင်ပင်၍ တစ်ခရီးတည်း ခရီးရှည်မသွားရ၊ ယုတ်စွအဆုံး တစ်ရွာမှတစ်ရွာသို့လည်း ခရီးအတူသွားလျှင် (ပါစိတ်) အပြစ် အာပတ်သင့်စေ"

ဟု ပညတ်တော်မူခဲ့သည်။

သို့ဖြစ်၍ အမျိုးသမီးများသည် ရဟန်းတော်တို့နှင့် ဘုရားဖူးသွားလို၍ ဖြစ်စေ၊ အခြားကိစ္စတစ်ခုကြောင့်ဖြစ်စေ၊ ခရီးသွားရန် တိုင်ပင်၍

နှစ်ယောက်တည်း အတူမသွားကောင်း၊ သွားလျှင် ရဟန်းတော်တို့မှာ အပြစ်အာပတ် သင့်၏။

သို့သော် မိမိတို့သွားရမည့် ခရီးလမ်းသည် သူခိုး ဓားပြ သူပုန် တို့ ထကြွသောင်းကျန်း လုယက်တိုက်ခိုက် သတ်ဖြတ်နေသော လမ်းဟု သံသယ ဖြစ်ဖွယ်ကြားသိနေ၏၊ တောရိုင်းတိရစ္ဆာန် ဘေးအန္တရာယ် မျိုးစုံတို့လည်း ပေါများနေသောလမ်းဟု ထင်မြင်ယူဆရ၏၊ ထိုသို့သော လမ်းခရီးတို့၌ မိမိကလည်း မဖြစ်မနေ သွားရန်အကြောင်းရှိခဲ့သော် (ထိုခရီးသို့ ရဟန်းတော်ကလည်း မူလကသွားရန် ရည်ရွယ် ထားခဲ့သော်) ရဟန်းတော်နှင့်အတူ တိုင်ပင်၍ ထိုခရီးသို့ နှစ်ယောက်တည်း သွားနိုင်၏။

## ရဟန်းတော်များနှင့် တစ်မိုးတစ်ရံတည်း မအိပ်ကောင်းပုံ

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အရှင်အနုရုဒ္ဓါမထေရ်သည် မိမိသီတင်းသုံးနေရာမှ ဘုရားရှင်ရှိရာ သာဝတ္ထိပြည်သို့ ဘုရားရှင်အား ဖူးမြော်ရန် ကြွလာခဲ့၏။ ထိုသို့ ကြွလာခဲ့ရာ ညနေစောင်းအချိန် ကောသလတိုင်း အတွင်းရှိ ဇနပုဒ်ရွာ တစ်ရွာသို့ ရောက်လေသည်။

ထိုရွာ၌ မိန်းမပျိုတစ်ယောက်သည် ဧည့်သည်အာဂန္တုတို့ တည်းခို နားနေရန် အိမ်ကို ဆောက်လုပ်ထား၏။ အရှင်အနုရုဒ္ဓါမထေရ်သည် မိုးချုပ်တော့မည်ဖြစ်၍ ခရီးမဆက်တော့ဘဲ ထိုရွာ၌ တစ်ညနားနေရန် ထိုဧည့်သည် နားခိုဆောင်ပိုင်ရှင် မိန်းမပျိုထံသို့ ချဉ်းကပ်၍ နားနေခွင့်ပြုရန် ပြောဆိုလေ၏။ မိန်းမပျိုကလည်း ထိုနားခိုဆောင်၌ သီတင်းသုံးနေတော်မူရန် ခွင့်ပြုလျှောက်ထားလေသည်။ ထိုစဉ် အခြားခရီးသွား လူပုဂ္ဂိုလ်များလည်း ရောက်ရှိလာကြပြီး ထိုမိန်းမပျိုထံ တည်းခိုခွင့်ပြုရန် ပြောဆိုကြပြန်၏။

ထိုအခါ ထိုမိန်းမပျိုက "မောင်တို့ ဤရဟန်းတော်သည် ရေးဦးစွာ ခွင့်တောင်းပြီးသူဖြစ်၏၊ ထိုရဟန်းတော်ခွင့်ပြုလျှင် တည်းခိုကြပါ" ဟု ပြောဆို၏။ ထို့ကြောင့် ခရီးသွားတို့လည်း အရှင်အနုရုဒ္ဓါမထေရ်သို့ ခွင့်ပန်လျှောက်ထားကြရာ အရှင်အနုရုဒ္ဓါမထေရ်သည် ခွင့်ပြုကြောင်း မိန့်တော်မူ၏။

တည်းခိုဆောင်ပိုင်ရှင် မိန်းမပျိုသည် အရှင်အနုရုဒ္ဓါမထေရ်ကို မြင်စကပင် မရိုးသားစိတ် ဖြစ်ပေါ်နေခဲ့၏။ ထိုအခါ ထိုမိန်းမပျိုသည် အရှင်အနုရုဒ္ဓါထံသို့ ချဉ်းကပ်၍ "အရှင်ဘုရား အရှင်သည် ဤလူများစွာတို့နှင့်အတူ ရောနှော၍ နေရလျှင် ချမ်းချမ်းသာသာ နေရမည် မဟုတ်ပါ၊ အရှင်ဘုရားအတွက် ညောင်စောင်းကို တပည့်တော်မ၏ အိမ်တွင်း၌ ခင်းပေးပါရစေ"ဟု လျှောက်ထား၏။ အရှင်အနုရုဒ္ဓါမထေရ်လည်း ရိုးရိုးသားသားဟုပင် ထင်၍ ခွင့်ပြုလိုက်လေ၏။

ထိုအခါ မိန်းမပျိုသည် အရှင်အနုရုဒ္ဓါအတွက် ညောင်စောင်းကို အိမ်တွင်း၌ ခင်းပေးပြီးနောက် မိမိ၏ ကိုယ်ကို လှပသော အဝတ်တန်ဆာများကို ဝတ်ဆင်ပြီး အမွှေးနံ့သာတို့ဖြင့် လိမ်းကျံဆွတ်ဖြန်းလျက် အရှင်အနုရုဒ္ဓါမထေရ်သို့ ချဉ်းကပ်ကာ မယားဖြစ်လိုကြောင်း အမျိုးမျိုးသော မာယာပရိယာယ်တို့ဖြင့် မြူဆွယ်ပြောဆိုလေ၏။ ရဟန္တာဖြစ်တော်မူသော အရှင်အနုရုဒ္ဓါမထေရ်သည် မျက်လွှာချလျက် ကြည့်လည်း မကြည့် စကားလည်း မပြောဘဲ ဆိတ်ဆိတ်နေတော်မူ၏။

ထိုအခါ မိန်းမပျိုသည် သတိတရားရ၍ မိမိ၏ အပြစ်ကို ဝန်ချတောင်းပန် ကန်တော့လေရာ အရှင်အနုရုဒ္ဓါလည်း ခွင့်လွှတ်တော်မူလေ၏။ မနက်မိုးလင်းသောအခါ မိန်းမပျိုသည် အရှင်အနုရုဒ္ဓါမထေရ်ကို

မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ဆက်ကပ်လှူဒါန်းလေ၏။ အရှင်အနုရုဒ္ဓါသည် တရားစကား ဟောကြားတော်မူသည်ရှိသော် မိန်းမပျိုသည် သရဏဂုံတည်သူ ဥပါသိကာမ အဖြစ်သို့ ရောက်ရှိလေ၏။

ထို့နောက် အရှင်အနုရုဒ္ဓါသည် သာဝတ္ထိပြည်သို့ ရောက်လျှင် ရဟန်းတော်တို့အား ထိုအကြောင်းစုံကို ပြောကြားလေ၏။ ထိုမှတစ်ဆင့် ဘုရားရှင် ကြားသိတော်မူ၍ -

"ရဟန်းတော်တို့သည် မာတုဂါမနှင့်အတူ တစ်မိုးတစ်ရံတည်း၌ အိပ်ကြားအံ့ ပါစိတ်အာပတ်သင့်စေ"ဟု ပညတ်တော်မူခဲ့သည်။

သို့ဖြစ်၍ အမျိုးသမီးများသည် ခရီးသွားရင်း အခြား၌ တည်းခိုစရာမရှိ၍ ဘုန်းကြီးကျောင်း၌ တည်းခိုကြရာဝယ် ရဟန်းတော်များ သီတင်းသုံးနေသော တစ်မိုးတစ်ရံတည်းသော ကျောင်းပေါ်၌ "တစ်ညမျှပင်" အတူတကွ မအိပ်သင့်၊ ရဟန်းတော်တို့၏ ကျောင်းနှင့် သီးခြားဖြစ်သော အခြား ကျောင်းဆောင် ဇရပ် စသည်တို့ ပေါ်၌သာလျှင် အိပ်သင့်၏။

ထို့အတူပင် အခြားသော အိမ်ဇရပ် စသည်တို့၌လည်း ရဟန်းနှင့် အမျိုးသမီး နှစ်ယောက်တည်းဖြစ်စေ၊ အခြားသော ယောကျ်ားအဖော် စသော အဖော်များစွာနှင့်ဖြစ်စေ တစ်မိုးတစ်ရံတည်း၌ အတူမအိပ်ရ၊ အိပ်မိလျှင် ရဟန်းတော်တို့အား အပြစ်အာပတ်သင့် ရောက်ရ၏။

သို့ရာတွင် နှစ်ထပ် သုံးထပ် စသော ကျောင်းအိမ်များ၏ အတွင်း၌ လှေကားတပ်ဆင်မထားဘဲ အပြင်၌ လှေကားတပ်ဆင်လျက် အပေါ်ထပ်သို့ တက်ရသော နှစ်ထပ်၊ သုံးထပ်မြင့်သော တစ်မိုးတစ်ရံတည်းသော ကျောင်း အိမ်တို့၌သာ အပေါ်ထပ်၌ ရဟန်းတော် သီတင်းသုံးလျှင်

ဆက်သွယ်၍ မရနိုင်သောကြောင့် အောက်ထပ်၌ အမျိုးသမီးများ အိပ်ကောင်း၏။

နှစ်ထပ် သုံးထပ် စသည်အမြင့်ရှိသော ကျောင်း အိမ်များ၌ အတွင်းဘက်ကချည်း လှေကားတပ်ဆင်ထားလျှင် အပေါ်မှအောက်၊ အောက်မှအပေါ် အထပ်အားလုံးသို့ အတွင်းကချည်းပင် တက်ဆင်း သွားလာနိုင်သောကြောင့် ထိုကဲ့သို့သော တစ်မိုးတစ်ရံတည်းရှိသော ကျောင်း အိမ် စသည်တို့ပေါ်၌ မအိပ်ကောင်းချေ။

ထို့ကြောင့် အမျိုးသမီးများသည် ရဟန်းတော်တို့ရှိသော ကျောင်းအိမ် ဇရပ် စသည်တို့ပေါ်၌အတူ အိပ်ခြင်းစသည် အမှုမျိုးကို မပြုလုပ်မိကြစေရန် အထူး ဆင်ခြင် လိုက်နာသင့်ပေသည်။

******

# အခန်း (၉)

## အမျိုးသားများ ရဟန်းတော်များထံ ဆည်းကပ်နည်း

### ရဟန်းတော်များနှင့် တစ်မိုးတစ်ရံတည်း၌ အတူမအိပ်ကောင်းပုံ

မြတ်စွာဘုရားရှင်သည် အာဠဝီပြည် အဂ္ဂါဠဝစေတီ၌ သီတင်းသုံးနေတော်မူစဉ်က ဥပါသကာတို့သည် တရားနာယူရန် ကျောင်းအာရာမ်သို့ ရောက်လာကြကုန်၏၊ ဘုရားရှင် တရားဟောပြီးသောအခါ မထေရ်ကြီးတို့သည် မိမိတို့နေရာ ကျောင်းအသီးသီးသို့ ပြန်ကြွကြကုန်၏၊ ရဟန်းငယ်တို့မှာကား တရားဟောရာ ဇရပ်၌ပင် ထိုဥပါသကာတို့နှင့်အတူ အိပ်ကြကုန်၏၊ ထိုအခါရဟန်းငယ်တို့သည် နှစ်နှစ်ခြိုက်ခြိုက် သတိလက်လွတ် အိပ်မောကျပြီး သင်္ကန်းတခြား ကိုယ်တခြားဖြစ်ကာ ပါးစပ်မှလည်း ယောင်ယမ်းမြည်တမ်း၍ ဟောက်သံပေးလျက် အိပ်ကြကုန်၏။

ထိုအခြင်းအရာကို မြင်ကုန်သော ဥပါသကာတို့သည် ကဲ့ရဲ့ရှုတ်ချ ပြစ်တင်ပြောဆိုကြကုန်၏၊ ထိုဥပါသကာတို့၏ ကဲ့ရဲ့ပြစ်တင်သံကို ရဟန်းတော်တို့ ကြားသိရ၍ ရဟန်းတော်တို့မှ တစ်ဆင့် ဘုရားရှင် သိတော်မူသောအခါ –

> "ရဟန်းသည် တစ်မိုးတစ်ရံတည်းသော ကျောင်း၌ ရဟန်းမဟုတ်သူ လူသာမဏေတို့နှင့် အတူအိပ်လျှင် ပါစိတ်အာပတ် အပြစ်သင့်စေ" ဟု ပညတ်တော်မူခဲ့သည်။

ထိုအခါ မြတ်စွာဘုရားရှင်သည် အာဠဝီပြည်၌ မွေ့လျော်တော်မူသရွေ့ သီတင်းသုံးနေတော်မူပြီးလျှင် ကောသမ္ဗီပြည်သို့ ကြွရောက်တော်မူ၍ ကောသမ္ဗီပြည် ဗဒရိကာရုံကျောင်းတိုက်၌ သီတင်းသုံးနေတော်မူ၏။

ရဟန်းတို့သည် ရှင်ရာဟုလာကို "ငါ့ရှင် ရာဟုလာ - မြတ်စွာဘုရားသည် ရဟန်းမဟုတ်သူ လူသာမဏေတို့နှင့် အတူမအိပ်ရ" ဟု ပညတ်တော်မူထား၏၊ "ငါ့ရှင် ရာဟုလာ သင်သည် သင့်အတွက် အိပ်ရန်နေရာကိုသိလော" ဟု ပြောဆိုသောအခါ ရှင်ရာဟုလာသည် အိပ်ရန်နေရာကို ရှာမရသည်ဖြစ်၍ ဘုရားရှင်၏ ကုဋီ၌ အိပ်ရ၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်မိုးသောက်ယံ အချိန်၌ ထတော်မူ၍ ကုဋီသို့ချည်းကပ်တော်မူပြီး ကုဋီအတွင်း၌ လူ ရှိ-မရှိ သိရန် ချောင်းဟန့်သံပေးတော်မူ၏၊ ကုဋီအတွင်း၌နေသော ရှင်ရာဟုလာသည်လည်း ချောင်းဟန့်သံ ပြန်ပေး၏။

ထိုအခါ ဘုရားရှင်က မည်သူနည်းဟု မေးရာ "တပည့်တော် ရာဟုလာပါဘုရား"ဟု ပြန်လျှောက်ထား၏၊ ဘုရားရှင်က "အဘယ်ကြောင့် ဤနေရာ၌ နေရသနည်း"ဟု မေးရာ ရှင်ရာဟုလာသည် အကြောင်းစုံကို လျှောက်ထား၏၊ ထိုအခါ ဘုရားရှင်သည်-

> "ရဟန်းမဟုတ်သူ လူသာမဏေတို့နှင့် နှစ်ည၌ သုံးည၌ အတူ အိပ်ရန် ထပ်မံခွင့်ပြုတော်မူ၏၊ ထိုထက် အလွန်အိပ်လျှင်ကား အာပတ်သင့်စေ" ဟု ပညတ်တော်မူခဲ့သည်၊

ဤနေရာ၌ လူ-အရ လူ ယောကျ်ားကိုသာ ဆိုလိုသည်၊ လူ့မိန်းမတို့သည်ကား ရဟန်းတော်တို့နှင့် တစ်ည၌မျှပင် မအိပ်ကောင်းကြောင်း ဖော်ပြခဲ့ပြီ။ ထို့ကြောင့် အမျိုးသားတို့သည် တစ်မိုးတစ်ရံတည်းသော ကျောင်း၌ ရဟန်းတော်တို့နှင့် နှစ်ည၌ သုံးည၌ထက် အလွန်အတူ

မအိပ်ကောင်းချေ" အိပ်လျှင် မိမိတို့မှာ အပြစ်မရှိသော်လည်း ရဟန်းတော်တို့မှာ အပြစ်အာပတ်သင့်နိုင်သောကြောင့် ရဟန်းတော်တို့၏ သီလများ ညှိုးနွမ်းမှု မဖြစ်စေရန် ရှင်ရာဟုလာ၏ ထုံးကို နှလုံးမူ၍ အမျိုးသားတို့က စောင့်စည်း လိုက်နာကြရန် အထူးလိုအပ်ပါသည်။

## ရဟန်းများထံ စာတက်ရာ၌ သံပြိုင်လိုက်မဆိုရပုံ

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်က ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဥပါသကာတို့အား ပါဠိ အဋ္ဌကထာ တရားတို့ကို ပုဒ်တိုင်း ပုဒ်တိုင်း အတူသံပြိုင်ရွတ်ဆို ပို့ချကြကုန်၏၊ ထိုအခါ ဥပါသကာတို့သည် ရဟန်းတော်တို့၌ အရိုအသေ ကင်းမဲ့လာကြကုန်၏၊ ရှိခိုးမှု မပြုလုပ်ကြတော့ချေ၊ ရဟန်းတော်တို့အပေါ် ပြုလုပ်နေကျ အလှူဒါန စသည်တို့ကိုလည်း မပြုလုပ်ကြတော့ကုန်။

ထိုအကြောင်းကို ရဟန်းတော်တို့သည် ကြားသိလျှင် ကဲ့ရဲ့ပြစ်တင် ပြောဆိုကြကုန်၏၊ ထိုရဟန်းတော်တို့မှတစ်ဆင့် ဘုရားရှင် ကြားသိတော်မူသောအခါ ကဲ့ရဲ့တော်မူပြီး၍-

> "ရဟန်းသည် ရဟန်းမဟုတ်သူ လူသာမဏေတို့အား ပါဠိ အဋ္ဌကထာ တရားကို ပုဒ်ပြိုင်ရွတ်ဆို၍ ပို့ချလျှင် ပါစိတ် အာပတ်အပြစ် သင့်စေ" ဟု ပညတ်တော်မူခဲ့သည်။

ဤသို့ ရဟန်းနှင့် လူသာမဏေတို့ ပါဠိအဋ္ဌကထာတို့ကို ပုဒ်တိုင်း ပုဒ်တိုင်း အတူတူ ရွတ်ဆို၍ ပို့ချမှုကြောင့် ရဟန်းတော်မှာ အပြစ်အာပတ်လည်း သင့်ရောက်၏။ သံပြိုင် သံတူ ရွတ်ဆို ပို့ချခံရလျှင် ပို့ချခံရသူသည် ရဟန်းတို့အပေါ် အရိုအသေလည်း ကင်းမဲ့နိုင်၏။ ထို့ကြောင့် အမျိုးသားများသည် စာချပေးသော ဘုန်းကြီးများနှင့်အတူ ပါဠိ အဋ္ဌကထာများကို

သံပြိုင် မရွတ်ဆိုမိကြစေရန် သတိပြု၍ စာချရဟန်းက ရွတ်ဆိုပြီးမှ တပည့်ဖြစ်သူ လူသာမဏေတို့က လိုက်၍ဆိုရမည်။

ပါဠိတော်နှင့် အဋ္ဌကထာလာ ပါဠိများကို ပို့ချသည့်အခါ၌သာ သံပြိုင် မရွတ်ဆိုကောင်းပါ။ ကစ်စုံတစ်ယောက် စီကုံးထားသော ပါဠိများနှင့် အခြားဘာသာများကိုမူ သံပြိုင်ဆိုကောင်းပါသည်။ စာချသည့်အရာ မဟုတ်ဘဲ ပဠာန်းပါဠိတော်များကိုဖြစ်စေ၊ ပဋိစ္စသမုပ္ပါဒ်ပါဠိ များကိုဖြစ်စေ၊ ရဟန်းနှင့်အတူ လူသာမဏေတို့ သံပြိုင်ရွတ်ဆိုကောင်း ပါသည်။

## ထီး, တောင်ဝှေး, ဓား စသည့် လက်နက်များကို ကိုင်ပြီး တရားမနာကောင်းပုံ

တရားတော်ကို နာယူသူသည် ရောဂါဝေဒနာ တစ်စုံတစ်ရာမရှိ ကျန်းမာသူဖြစ်လျှင် လက်ဖြင့်ထီးကိုကိုင်လျက် မဆောင်းဘဲဖြစ်စေ ဆောင်းမိုး လျက်ဖြစ်စေ တရားမနာယူကောင်း၊ တရားနာယူတော့မည် ဆိုလျှင် ထီးကို မြေပေါ်၌ဖြစ်စေ, ပေါင်ပေါ်၌ဖြစ်စေ ချထားပြီး လက်ဖြင့် မထိမကိုင်ဘဲ လုံးဝလွှတ်ထားမှသာလျှင် တရားကို နာယူကောင်း၏။ မိမိထီးကို မိမိကိုယ် အင်္ဂါတစ်စုံတစ်ခုနှင့် ထိနေသော်လည်း မိမိလက်ဖြင့် မထိမကိုင်ထားဘဲ နေခြင်းဖြင့်လည်းကောင်း၊ သူတစ်ပါးက မိမိ ခေါင်းပေါ်သို့ ဆောင်းမိုးပေးထားခြင်းဖြင့် လည်းကောင်း တရားတော်ကို နာယူကောင်း၏။

ထို့ပြင် တုတ် တောင်ဝှေးကို ကိုင်လျက်လည်း တရားတော်ကို မနာယူကောင်း၊ အကယ်၍ တရားနာလိုလျှင် မိမိလက်၌ ကိုင်ဆောင် ထားသော တုတ်ကိုလည်းကောင်း, တောင်ဝှေးကိုလည်းကောင်း လက်မှချထားလျက်သာ တရားတော်ကို နာယူကောင်း၏၊ ရောဂါဝေဒနာ ခံစားနေရသော မကျန်းမာသူများသည်သာ တုတ်တောင်ဝှေးကို ကိုင်လျက် တရားနာယူကောင်း၏။

ဤ၌ တုတ်, တောင်ဝှေးတို့ဟူသည် ၄-တောင် အတိုင်းအရှည်ရှိသော တုတ် တောင်ဝှေးကို ဆိုလိုသည်၊ ထို ၄-တောင်အောက် တိုသော တုတ်တောင်ဝှေးနှင့် ထိုထက်ရှည်သော တုတ်, တောင်ဝှေးတို့ကို ကိုင်၍ကား တရားတော်ကို နာယူကောင်း၏။

ထို့ပြင် တရားနာသူသည် တရားတော်ကို နာယူသောအခါ ကျန်းမာလျက် ဓား၊ သန်လျက်၊ လှံ၊ တင်းပုတ်၊ သေနတ် စသော လက်နက်တို့ကို ကိုင်ဆောင်လျက် တရားတော်ကို မနာယူကောင်း၊ ဓားစသည့်တို့ကို လက်ဖြင့် မကိုင်ဘဲ ပခုံးဖြင့် လွယ်ထား၍ကား တရားကို နာယူကောင်း၏။

ထို့ပြင် တရားနာယူလိုသူသည် တရားတော်ကို နာယူသောအခါ ကျန်းမာလျက် လေးကို လက်ဖြင့် ကိုင်ဆောင်ကာ တရားမနာယူကောင်း၊ ဤ၌ လေးသက်သက်ပင်ဖြစ်စေ၊ မြားနှင့်လေး တွဲလျက်ဖြစ်စေ၊ ညှို့တင်ထားသည် ဖြစ်စေ၊ ညှို့မတင်ထားသည်ဖြစ်စေ၊ လေးနှင့်ဆိုင်ရာ လေးကိုင်း၊ လေးကြိုး၊ မြားတို့သည် လေးစာရင်းတွင် အကျုံးဝင်သည်။ မြားတို့ကို ပခုံး၌ လွယ်ထားလျှင်လည်းကောင်း၊ အောက်၌ချထားလျှင်လည်းကောင်း လက်ဖြင့် မထိမကိုင်ထားလျှင်ကား တရားနာယူ ကောင်းသည်။

## ယာဉ် အိပ်ရာ စသည်၌ နေ၍ တရားမနာကောင်းပုံ

တရားဟောပုဂ္ဂိုလ်က ယာဉ်ထက်နိမ့်သော နေရာမှနေ၍ တရားဟောသည်ကို တရားနာယူသူက ကျန်းမာလျက် ယာဉ်ပေါ်၌ နေထိုင်ကာ တရားမနာယူကောင်း၊ ယာဉ်ပေါ်မှ ဆင်းပြီးမှသာ တရားတော်ကို နာယူကောင်း၏၊ အမှန်တကယ် ရောဂါဖြစ်နေ၍ ထိုင်မရ ထမရ၊ လမ်းလျှောက်၍ မရခဲ့သော် ယာဉ်ပေါ်မှာသာ နေရသူဖြစ်လျှင် ယာဉ်ပေါ်မှာပင် တရားနာယူကောင်း၏။

သို့မဟုတ် တရားဟော ပုဂ္ဂိုလ်ကလည်း တရားနာယူသူနှင့် ယာဉ် တစ်ခုတည်း၌ပင်နေ၍ တရားဟောကြားရာမျိုး၌ ယာဉ်ပေါ်မှပင် တရားကို နာယူကောင်း၏။

ယခုကာလ လှည်း၊ လန်ချား၊ ရထား၊ ကားအမျိုးမျိုး၊ အဝတ်ထမ်းစင် များနှင့်တကွ လူနှစ်ယောက်လက်ချင်းယှက်၍ မ, ချီယူအပ်သော လက်ယှက်မှုများကိုပါ ယာဉ် ဟုခေါ်သည်၊ ကျန်းမာလျက် ထိုယာဉ်ပေါ်၌ နေကာ တရားမနာကောင်း။

တရားဟောပုဂ္ဂိုလ်က ယာဉ်တစ်စီးပေါ်မှ ဟော၍ တရားနာသူ ကလည်း အခြားယာဉ်တစ်စီးပေါ်မှ နာယူရာ၌ တရားနာယူသူ၏ ယာဉ်သည် တရားဟောပုဂ္ဂိုလ်ယာဉ်၏ နောက်မှ နေလျှင်လည်းကောင်း၊ တရားနာသူ၏ ယာဉ်ကမြင့်၍ နေလျှင်လည်းကောင်း တရားမနာယူ ကောင်းချေ။

ထို့ပြင် တရားဟောပုဂ္ဂိုလ်က ထိုင်လျက်ဖြစ်စေ, ရပ်လျက်ဖြစ်စေ တရားဟောနေသည်ကို တရားနာသူက ကျန်းမာရေးနှင့် ပြည့်စုံလျှင် အိပ်လျက် မနာယူကောင်း၊ တရားဟောပုဂ္ဂိုလ်နှင့် တရားနာယူသူ နှစ်ဦးလုံး အိပ်လျက် ဟောပြော နာယူရာ၌လည်း တရားနာသူက နိမ့်ရာ အရပ်၌ အိပ်လျက်သာလျှင် တရားနာယူအပ်၏။

သို့သော် လျောင်းခြင်း, ထိုင်ခြင်း, ရပ်ခြင်း, သွားခြင်းဟူသော ဣရိယာပုတ်လေးပါးတို့တွင် ရပ်ခြင်း, ထိုင်ခြင်း နှစ်မျိုးတို့ဖြင့် နာယူခြင်းသည်သာ တရားဟောပုဂ္ဂိုလ်နှင့် တရားတော်တို့ကို လေးစားရာ ရောက်သည်။ လျောင်းခြင်း, သွားခြင်း ဣရိယာပုတ်တို့ဖြင့် တရား နာယူမှုသည် ရိုသေလေးစားမှု နည်းပါးရာရောက်၍ ထိုလျောင်းခြင်း, သွားခြင်းတို့ဖြင့် မနာယူမိအောင် သတိထားသင့်ကြလေသည်။

## ဦးထုပ်ခေါင်းပေါင်း စသည်တို့ဖြင့် တရားမနာကောင်းပုံ

တရားနာယူသောအခါ မိမိတို့၏ ဦးခေါင်း၌ ဆံစ မပေါ်အောင် ဦးထုပ်ဆောင်းခြင်း၊ ခေါင်းပေါင်းခြင်း၊ မကိုဋ်ဆောင်းထားခြင်း, အဝတ်ပုဆိုးတို့ဖြင့် ရစ်ပတ်ခြုံထားခြင်းတို့ဖြင့် တရားတော်ကို မနာယူကောင်း။

တရားနာသောအခါ ဦးထုပ်စသည်တို့ကို ဆောင်းထားလျှင် ဆံစကို ဖေါ်ထားမှသာ တရားနာယူကောင်း၏၊ မကျန်းမာခြင်းကြောင့်ကား ဆံစမဖော်ဘဲ ဦးခေါင်းတစ်ခုလုံးကို ရစ်ပတ်ဆောင်းအုပ်ထားပြီး တရားကို နာယူနိုင်၏။

ထို့ပြင် တရားနာယူသောအခါ ကျန်းမာလျက် ခြေနင်းစီးထားလျက်ဖြစ်စေ ဖိနပ်စီးထားလျက် ဖြစ်စေ တရားတော်ကို မနာယူကောင်း။

ဤ၌ ခြေနင်းဟူသည် သဲကြိုးမပါသော ခုံ၏အဖျား၌ ကြေးဗုတပ်၍ ထိုကြေးဗုကို ခြေမ, ခြေညှိုးတို့ဖြင့် ညှပ်၍ စီးရသော (ပါဒုက) ဖိနပ်မျိုးဖြစ်သည်။ ထိုခြေနင်းကို သစ်သား, ထန်းလက်၊ ဝါး၊ မြက်, သစ်ရွက်တို့ဖြင့် ပြုလုပ်လေ့ရှိကြ၏၊ ဖိနပ်ခုံ၌ သဲကြိုးတပ်၍ ထားသော ဖိနပ်အမျိုးမျိုးနှင့် ရှူးဖိနပ်အမျိုးမျိုးတို့ကို (ဥပါဟန) ဖိနပ်ဟု ခေါ်သည်။

ဖိနပ်ကို စီးနင်းထားလျက် တရားတော်ကို မနာယူကောင်း ဖိနပ်စီးနင်းလျက် တရားတော်ကို နာယူခြင်းကြောင့် မိမိလည်း တရားတော်ကို မရိုသေရာ ရောက်၍ ဆိုးကျိုးရရှိနိုင်သည့်အပြင် ဖိနပ်စီးထားသူကို တရားဟောမိခြင်းကြောင့် တရားဟောပုဂ္ဂိုလ်အားလည်း အပြစ်အာပတ် သင့်ရောက်၏။

ထို့ကြောင့် တရားနာယူသူသည် ကျန်းမာလျက် ဖိနပ်စီး၍ တရား နာခြင်း စသည်တို့ကို မပြုလုပ်မိကြစေရန် အထူး သတိထား သင့်သည်။

*******

# အခန်း (၁၀)

## ရဟန်းသံဃာတော်များထံ ယဉ်ကျေးစွာ ဆည်းကပ်နည်း

ဗုဒ္ဓဘာသာဝင်တို့တွင် အလေးအမြတ်ထား ဝတ်တွားကိုးကွယ် ဆည်းကပ်ရမည့် ဘုရား တရား သံဃာဟုဆိုအပ်သော အမြတ်ဆုံးရတနာ သုံးပါးရှိသည်။ ထိုသုံးပါးတို့တွင် သံဃာရတနာသည် သက်ရှိထင်ရှားရှိသော ရတနာမြတ်ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် ထိုရဟန်း သံဃာ ပုဂ္ဂိုလ်မြတ်တို့ထံ ဆည်းကပ်ရန် အခါသင့်တိုင်း သွားလေ့ ရှိကြပါသည်။ ထိုသို့သွားခြင်းဖြင့် သမဏာနဉ္စဒဿနံ ဟူသော မင်္ဂလာ တရားနှင့် ပြည့်စုံကြမည် ဖြစ်ပါသည်။ ရဟန်းသံဃာတော်များထံ ဆည်းကပ်ခြင်းဖြင့် ဟောကြားသည့် တရားတော်ကို နာရခြင်းဖြင့် ကာလေန ဓမ္မဿဝနံ မင်္ဂလာတရားနှင့်လည်း ထပ်မံပြည့်စုံနိုင်ပါသည်။ မိမိတွင် သံသယဖြစ်နေသော တရားတော်များကို ဆွေးနွေးခြင်းဖြင့် ကာလေနဓမ္မသာကစ္ဆာ မင်္ဂလာတရားသည်လည်း တိုးပွားရပြန်ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့ ကိုးကွယ်ရာ သံဃာတော်များကို အမြဲမပြတ် ဆည်းကပ်ရမည်သာ ဖြစ်ပါသည်။

ထိုသို့ ဆည်းကပ်သောအခါ လူ ဒါယကာတို့အနေဖြင့် ကာယကံ၊ ဝစီကံ မနောကံ ယဉ်ကျေးမှုတို့ကို အလေးဂရု လိုက်နာရန် လိုပါသည်။

ပထမဦးစွာ ရဟန်းသံဃာတော်တို့ထံ သွားမည်ဟု ဆုံးဖြတ်သောအခါ သံဃာတော်များကို ရိုသေလေးစားမှု ဂါရဝတရား၊ သံဃာတော်များ၏ အကျိုးကို လိုလားမှု၊ သံဃာတော်များကို ချစ်ခင်မြတ်နိုးမှု မေတ္တာတရား ရွှင်လန်းတက်ကြွ ထက်သန်စွာ ကြည်ညိုမှု သဒ္ဓါတရား၊ သံဃာတော်တို့ကို ဖူးမြော်လိုသော သမ္မာဆန္ဒ၊ တရားတော်ကို ရိုသေစွာ နာကြားလိုက်နာကျင့်ကြံမည်ဟူသော ဓမ္မဂရုတာ ဤငါးဖြာကို မိမိစိတ်အစဉ်ဝယ် တည်နေစေပြီး ယဉ်ကျေးသိမ်မွေ့သော မနောကံဖြင့် သွားရပါမည်။

## ကိုယ်အမူအရာ (ကာယကံ)ယဉ်ကျေးမှု

(၁) ရဟန်းတော်တို့ထံ သွားရောက်သောအခါ၌ သံဃာများ သီတင်းသုံးရာ ကျောင်းပရိဝုဏ်အဝသို့ ရောက်သောအခါ ဖိနပ်ချွတ်ရပါမည်။ ထီးရုပ်ရပါမည်။ မော်တော်ကား၊ မြင်းလှည်း၊ ဆိုက္ကား၊ စက်ဘီး စီးနင်းဝင်ရောက်သောအခါမှာလည်း ဖိနပ်ချွတ်သင့်ပါသည်။ သံဃာတော်များကို လေးစားသောအားဖြင့် တီးမှုတ်ကခုန်အော်ဟစ်ဆဲဆို၍ မဝင်သင့်ပါ။

(၂) ရဟန်းတော်များ သီတင်းသုံးရာကျောင်းပေါ်သို့ မတက်မီ ခြေဆေး၊ ခြေသုတ် သန့်ရှင်းစွာ ပြုလုပ်ပြီးမှ ခြေသံပြင်းပြင်း မနင်းဘဲ ဖြည်းညင်းစွာ သွားရပါသည်။

(၃) ရဟန်းသံဃာများကို စတင်တွေ့ရှိချိန်မှစ၍ လက်အုပ်ချီမိုး ခါးကိုညွတ် ခေါင်းကို ငုံ့၍ ယဉ်ကျေးသိမ်မွေ့စွာ သွားရမည်။ သံဃာတော်များထံ ချဉ်းကပ်သောအခါ ဝေးနီးရှေ့နောက် မြင့်မောက် လေညာ ခြောက်နေရာတို့၌ မထိုင်ရပါ၊ မဝေးလွန်း

မနီးလွန်း စကားပြောသံ ကြားလောက်ရာ ခပ်စောင်းစောင်း နေရာမျိုး၌ ထိုင်ရပါသည်။ မြင့်မြတ်သောနေရာ ခေါင်းရင်းဘက် နေရာတို့၌ မထိုင်ရ မနေရပါ။

(၄) ရဟန်းတော်တို့အား ရှိခိုးဦးချရာ၌ ခြေဒူး နှစ်ဘက်၊ လက်နှစ်ဘက် နဖူးတို့ကို မြေ၌ သို့မဟုတ် ကြမ်းပြင်၌ ထိ၍ ရှိခိုးရပါသည်။ ထို့နောက် မိမိလျှောက်ထားလိုသော အကြောင်းအရာတို့ကို မတိုးလွန်း မကျယ်လွန်း ရိုသေစွာ လျှောက်ထားရမည်။

(၅) ရဟန်းသံဃာတော်များကို ဆည်းကပ်သောအခါ လူ ဒါယကာတို့ ပြုလုပ်လျှောက်ထားသင့်သည့် အကြောင်းအရာ နှစ်မျိုးရှိပါသည်။ သံဃာတော်တို့သည် ဆွေမျိုး ဖိတ်မံထားသူတို့ထံမှသာ အလှူခံကောင်းသဖြင့် "ဘုရားတပည့်တော် မောင်လှ အရှင်ဘုရားအား ဖိတ်မန္တက ပြုပါသည်ဘုရား၊ ရဟန်းတော် တို့အား အပ်စပ်သော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးများ အလိုရှိသောအခါ တပည့်တော်ထံ တောင်းခံ အလှူခံတော်မူပါ ဘုရား ဟု ဖိတ်ကြားမှု ပြုရသည်။ အရှင်ဘုရား တပည့်တော် မောင်လှအား သနားစောင့်ရှောက် ချီးမြှောက်သောအားဖြင့် ယဉ်ကျေးအောင် ဆုံးမတော်မူပါဘုရား တပည့်ဒကာ အမှတ်ပြုတော်မူပါဘုရားဟုလည်း ဖိတ်မန်ထားရသည်။

(၆) သံဃာတော်တို့ မျက်မှောက်တွင် နေထိုင်သောအခါ မျက်လွှာ ချ လျက် လက်အုပ်ယှက်ကာ လက်နှစ်ဘက်ကို ဒူးများပေါ်တင်၍ ရိုသေလေးစားစွာ နေရမည်။

(၇) ပစ္စည်း ဝတ္ထု တစ်စုံတစ်ခုကို ဆက်ကပ်သောအခါနှင့် ရဟန်းတော်က ပေး၍ လက်ခံယူသောအခါတို့၌ အလွန်သေးငယ်သော အရာဝတ္ထုပင် ဖြစ်စေကာမူ လက်နှစ်ဘက်ဖြင့် ကပ်ရ ယူရသည်။

(၈) ရဟန်းတော်များထံမှ ပြန်လည်ထွက်ခွာသောအခါ ထိခြင်း ငါးပါးဖြင့် ရှိခိုးဦးချ၍ လက်အုပ်ချီကာ ကိုယ်ကိုညွတ်လျက် လေးငါးလှမ်း နောက်ဆုတ်သွားပြီးမှ လိုရာအရပ်သို့ သွားရပါမည်။ ချက်ချင်း နောက်ကျောပေး မပြန်ရပါ။

(၉) ခရီးလမ်းမပေါ်၌ ရဟန်းသံဃာတို့နှင့် တွေ့သောအခါ ဦးထုပ်, ဖိနပ်တို့ကို ချွတ်၍ ထီးကို ရုပ်ကာ လက်အုပ်ကို နဖူးပြင်ပေါ်အထိ မြှောက်တင်လျက် အခွင့်သာပါက ထိုင်၍လည်းကောင်း၊ အခွင့်မသာပါက ခြေစုံရပ်တန့်ပြီး လည်းကောင်း ရှိခိုးရပါမည်။

(၁၀) မိမိနေရာသို့ သံဃာတော်တို့ ကြွရောက်လာသောအခါ နေရာခင်းပေးပြီး ထိုင်ရာမှ ထလျက် လက်အုပ်ချီကာ ကြိုဆိုပြီးမှ ထိခြင်း ငါးပါးဖြင့် ရှိခိုးဦးချရမည်။

(၁၁) ခရီးသွားရာတွင် ကျဉ်းကျပ်သော နေရာများ၌ ရဟန်းသံဃာ တို့နှင့် တွေ့သောအခါ လမ်းဖယ်ပေးရမည်။ တိုးဝှေ့ကျော်တက်၍ မသွားရ။

(၁၂) မီးရထား, ကား, သင်္ဘောများပေါ်တွင် ရဟန်းသံဃာများနှင့် တွေ့သောအခါ နေရာပေးလှူရမည်၊ နေရာလုယက်၍ မထိုင်ရပါ၊ လိုအပ်လျှင် ဖေးမတွဲကူ၊ အထုပ်အပိုး သယ်ယူပေးသောအားဖြင့် ဝတ်ကြီး ဝတ်ငယ် ပြုလုပ်ပေးရမည်။

(၁၃) ရဟန်းတော်တို့ ကျိန်းစက်အိပ်ပျော်နေသည့်အခါ ခြေသံ မကြားအောင် ခြေကို ဖော့နင်းလျက် သွားရမည်။

(၁၄) တရားနာယူသောအခါ တရားတော်ကို အလေးဂရုပြုသော အားဖြင့် ဦးထုပ်ချွတ်ရမည်။ ခေါင်းပေါင်းဖြစ်လျှင်ဆံစ

ဖော်ရမည်၊ တရားအသံသွင်း ကြိုးခွေကို အမြင့်၌ထား၍ ဖွင့်ရမည်၊ ဒူးတုပ်လျက်ဖြစ်စေ, လက်အုပ်ချီလျက်ဖြစ်စေ တရားရှုမှတ်သည့် ပုံစံဖြင့်ဖြစ်စေ အရိုအသေပြု နာယူရမည်။

(၁၅) ရဟန်းတော်တို့အား လက်ဆွဲနှုတ်ဆက်ခြင်း၊ ဆလံပေးခြင်း၊ လက်ယပ်ခေါ်ခြင်းဖြင့် မဆက်ဆံရ လက်အုပ်ချီ အရိုအသေပြု၍ ဆက်ဆံရမည်။

(၁၆) ရဟန်းတော်များထံ ချဉ်းကပ်ရာ၌ ညစ်ပတ်ပေကျံ စုတ်ပြတ်နံစော်နေသော အဝတ်အစားများကို ရှောင်ရှားသင့်သည်။ သန့်ရှင်းသော အဝတ်အစားများကို သေသပ်ကျနစွာ ဝတ်ဆင်ရမည်။ ညစ်ပတ်နေပါက ရေချိုးသန့်စင်ပြီးမှ ချဉ်းကပ်သင့်သည်။

(၁၇) အမျိုးသမီးများသည် မလုံခြုံ မယဉ်ကျေးသော ဝတ်စားဆင်ယင်မှုဖြင့် ဝတ်စားဆင်ယင်၍ ရဟန်းတော်များထံ မသွားသင့်ပေ၊ ရဟန်းတော်များရှေ့တွင် ကိုယ်ဝတ်ထဘီပြင်ဝတ်ခြင်း၊ အလှအပ ပြင်ဆင်ခြင်း မပြုလုပ်ရ။

(၁၈) မမြင်ဆိတ်ကွယ်ရာ အရပ်ရှိ ရဟန်းတော်ထံ အမျိုးသမီးတစ်ဦးတည်း မချဉ်းကပ်ရ၊ ပြောဆို ဆွေးနွေးရန် လိုသောအခါ သိကြား နားလည်သော အမျိုးသားတစ်ဦးကို ခေါ်သွားရမည်။

(၁၉) အမျိုးသမီးများသည် ရဟန်းတော်များအား ဆံပင်ဖြန့်၍ ဖြစ်စေ၊ လက်စသည်ဖြင့် ကိုင်တွယ်ထိတွေ့၍ဖြစ်စေ ရှိမခိုးရ၊ အရိုအသေ မပြုရပေ။

(၂၀) ကျောင်းဝင်းအတွင်း၌ ကွမ်းတံတွေးထွေးခြင်း၊ ချွဲနှပ်အညစ်အကြေးစွန့်ခြင်း မပြုရပေ၊ ချောင်းဆိုး ချေဆတ်သောအခါ

လက်ကိုင် ပဝါအုပ်၍ ပြုလုပ်ရမည်။ လေလည်လိုလျှင် တစ်နေရာသို့ ထသွားသင့်သည်။

(၂၁)ရဟန်းတော်တို့ ဘုဉ်းပေးသုံးဆောင်နေသောအခါ ကြားလောက် မြင်လောက်သော နေရာ၌ ချွဲဟတ်ခြင်း၊ နှပ်ညှစ်ခြင်းစသည် မပြုရပေ၊

## နှုတ် အပြော အဆို (ဝစီကံ)ယဉ်ကျေးမှု

(၁) သံဃာတော်များကို ခေါ်ဝေါ်လျှောက်ထားရာ၌ ဆရာတော်ဘုရား, ဦးပဉ္စင်းဘုရား, ကိုရင်ဘုရား စသည်ဖြင့် ဘုရားထည့်၍ ရိုသေစွာ ခေါ်ဝေါ်ရမည်။ ရဟန်းတော်များကခေါ်လျှင် "ဘုရား" "အရှင်ဘုရား" ဟု ထူးရမည်။ ဘုန်းဘုန်း၊ ဘဘုန်း ဘဘုရား စသည် မခေါ်ဝေါ် မပြောဆိုရပါ။

(၂) လျှောက်ထားဖွယ် စကားများကို လျှောက်ထားရာ၌ အဆုံးတွင် "ပါဘုရား" ထည့်သွင်းလျှောက်ထားရမည်။ တပည့်တော် မောင်လှပါဘုရား။ ဆွမ်းစားပင့်ရန် ရောက်လာပါသည်ဘုရား၊ ဆွမ်းဘုဉ်းပေးကြွတော်မူပါဘုရား စသည်ဖြင့် လျှောက်ထားရမည်။

(၃) ရဟန်းတော်များနှင့် စကားပြောဆိုရာတွင် ဟုတ်မှန်ကြောင်း ဝန်ခံလိုလျှင် "မှန်ပါအရှင်ဘုရား" "တင်ပါအရှင်ဘုရား" ဟု ပြောဆိုရမည်။ မဟုတ်ကြောင်း လျှောက်တင်လိုလျှင် "မဟုတ်ပါ အရှင်ဘုရား" "မမှန်ပါအရှင်ဘုရား"ဟု ပြောဆိုရမည်။

(၄) သက်တော် ဝါတော်ကြီး ဆရာတော်များကို ခေါ်ဝေါ်ရာ၌ ဘွဲ့အမည်ရင်းအတိုင်း "ဦးသောဘိတ၊ ဦးသောဘဏ" စသည် မခေါ်ဝေါ်ရ၊ ကျောင်းတိုက် မြို့ရွာကိုစွဲ၍ "မြင်းခြံဆရာတော်၊ မဟာစည်ဆရာတော်" စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲရမည်။

(၅) မိမိကိုယ်ကို ရည်ညွှန်းပြောဆိုလိုပါက "ဘုရားတပည့်တော်" "ဘုရားတပည့်တော်မ" ဟု ပြောဆိုသုံးစွဲရမည်။

(၆) ရဟန်းတော်များ၏ ဖခင်အား ခမည်းတော်၊ မိခင်အား မယ်တော် အစ်ကိုအား အစ်ကိုတော်,နောင်တော်၊ အစ်မအား အစ်မတော်၊ ညီ, ညီမအား ညီတော်, ညီမတော်၊ ဆွေမျိုးများအား ဆွေတော်, မျိုးတော်ဟု သုံးစွဲရသည်။

(၇) သံဃာတော်များနှင့်ပတ်သက်၍ အိပ်စက်သည်ကို ကျိန်းသည်၊ ကျိန်းစက်သည်၊ ရေချိုးသည်ကို ရေသပ္ပာယ်သည်။ အိမ်သာကို ကုဋီ၊ ကျင်ကြီးကျင်ငယ် ကိစ္စပြုသည်ကို ကိုယ်လက်သန့်စင်သည်။ ဆီးသွားသည်ကို ကျင်ငယ်စွန့်သည်၊ ကျင်ကြီးစွန့်သည်ကို ကုဋီတက်သည် စသည်ဖြင့် သုံးနှုန်းရသည်။

သွားလာသည်ကို ကြွသွားသည်၊ ကြွလာသည်၊ ရဟန်း သံဃာတော်များအား မေးမြန်းသောအခါ လျှောက်ထားပါသည်, လျှောက်တင်ပါသည်။ လျှောက်ထားပါရစေ အရှင်ဘုရား စသည်ဖြင့် သုံးနှုန်းရသည်။ ပြောဆိုသည်ကို မိန့်တော်မူသည်၊ မိန့်ကြားသည်၊ ကွယ်လွန်သည်ကို ပျံလွန်တော်မူသည်။ ဘဝ နတ်ထံ စံတော်မူသည်။ ဘုန်းကြီး အသုဘပွဲကို ဈာပနပွဲ၊ ဘုန်းကြီးပျံပွဲ စသည်ဖြင့် သုံးနှုန်းရသည်။

(၈) သံဃာတော်များ နေထိုင်သည်ကို သီတင်းသုံးသည်ဟု သုံးစွဲ ရသည်။ ဘယ်မြို့မှာ သီတင်းသုံးပါသလဲ အရှင်ဘုရား စသည်ဖြင့် သုံးစွဲရသည်။

(၉) အမျိုးသားများကို ဒကာ၊ ဒါယကာ၊ ဥပါသကာ၊ အမျိုးသမီးများကို ဒါယိကာမ ဥပါသိကာမဟု သာသနာသုံး ဝေါဟာရဖြင့် သုံးစွဲ ရသည်။

(၁၀) တစ်စုံတစ်ခုသော ခဲဖွယ်ဘောဇဉ်ကို ကပ်သောအခါ ရဟန်းသံဃာအား "ဝပြီလားဘုရား၊ တော်ပြီလားဘုရား" ဟု မမေးရ၊ "ပြည့်စုံပါပြီလားဘုရား" ဟု မေးလျှောက်ရမည်။ ရဟန်းတော်က "ပြည့်စုံပြီ" ဟု ဆိုလျှင် ဆက်မကပ်ရ။

(၁၁) ဆွမ်းဘုဉ်းပေးချိန်၌ ခရီးသွား ရဟန်း သာမဏေများကို ဖူးတွေ့ရလျှင် "ဆွမ်းကိစ္စ ပြီးပြီလားဘုရား" "ဆွမ်းကပ်ပါမည်ဘုရား" ဟု လျှောက်ထားရမည်။ ခရီးသွား ရဟန်း သာမဏေများအား ဆွမ်းကပ်လှူဒါန်းခြင်းသည် "ကာလဒါန" တစ်မျိုးဖြစ်၍ အလွန်အကျိုးကြီးသော ဒါနမျိုးဖြစ်သည်။

ယခုဖော်ပြခဲ့ပြီးသော ရဟန်းသံဃာတော်များထံ ယဉ်ကျေးစွာဆည်းကပ်နည်းများမှာ ဗုဒ္ဓတရားတော်များက လမ်းညွှန်ထားသည့် "ဗုဒ္ဓဘာသာယဉ်ကျေးမှုများ" ပင် ဖြစ်ပါသည်။ ထိုယဉ်ကျေးမှုများဖြင့် ရဟန်းသံဃာတော်များထံ ဆည်းကပ်သည့် ဗုဒ္ဓဘာသာဝင်များအား- အတ္တသမ္မာပဏိဓိ မင်္ဂလာ၊ သုဘာသိတဝါစာ မင်္ဂလာ၊ ဂါရဝ မင်္ဂလာ၊ နိဝါတ မင်္ဂလာ ကုသိုလ်တရားများ ဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် ရဟန်းသံဃာတော်များထံ ဆည်းကပ်ရာ၌ ကုသိုလ်တရား ဖြစ်ပွားနိုင်ကြရန် ဗုဒ္ဓဘာသာဝင်တိုင်း ဖော်ပြပါနည်းအတိုင်း ယဉ်ယဉ်ကျေးကျေး ဆည်းကပ်တတ်ကြရန် လိုပေသည်။

# အခန်း (၁၁)

## ဝိနည်းရေးရာ အထွေထွေသိမှတ်စရာ

ဝိနည်းရေးရာသိစရာများကို အကျဉ်းမျှ ဖော်ပြပြီးဖြစ်၍ သံဃာတော်တို့အား ဆက်ကပ်လှူဒါန်း ဆည်းကပ်နည်းများနှင့် စပ်၍ သိတန်သလောက် သိပြီး ဖြစ်ပါသည်။ သို့သော်လည်း သံဃာတော်များနှင့် ဆက်ဆံသောအခါ အလေးထား သိသင့်သော အချက်များလည်း ရှိပေသေးသည်။

သံဃာတော်တို့ ဝတ်ရုံဆင်မြန်းသည့် သင်္ကန်းတော်များသည် လူပုဂ္ဂိုလ်တို့ အတွက် အလေးအမြတ်ပြုစရာ အဝတ်အစားများ ဖြစ်ပါသည်။ သင်္ကန်းနှင့် ပတ်သက်၍ ဥပါလိထေရ် မိန့်မှာတော်မူထားခဲ့သည်တို့မှာ မှတ်သားစရာ ကောင်းလှပါသည်။

### ဝစီရိုင်းပြ ဓာတ်နိမ့်ကျ

ဗုဒ္ဓမြတ်စွာ သာသနာတော်တွင် ဝိနည်းအရာ အသာလွန်ဆုံး တေဒဂ်ဘွဲ့ဆုံးခံ အရှင်ဥပါလိရဟန္တာ မထေရ်မြတ်ကြီးသည် လူ့ဘဝတုံးက ဆတ္တာသည်တစ်ဦး ဖြစ်ပါသည်။ ဘဝအဆင့်အတန်း နိမ့်ကျလှပါသည်။ မြတ်စွာဘုရား သာသနာတော်သို့ ဝင်ရောက်လာသောအခါမှသာ မိမိပြုလုပ် ဆည်းပူးခဲ့သော ကုသိုလ်ကံအလျောက် တေဒဂ်ဘွဲ့ရ မဟာသာဝကကြီး

အဖြစ် နေရာပေး ချီးမြှောက်ခံခဲ့ရပါသည်။ ထိုသို့ နိမ့်ကျသော ဘဝကို ရရှိခဲ့သည်မှာ မထေရ်မြတ်၏ ရဟန်းသံဃာများကို မရိုမသေ ပြုလုပ်ခဲ့မှု အကုသိုလ် ကံကျေးကြောင့် ဖြစ်ရပါသည်။

မထေရ်အလောင်းအလျာသည် ဤဘဒ္ဒကမ္ဘာမတိုင်မီ ကမ္ဘာ၌ အလွန်ဘုန်းတန်ခိုးကြီးသော အဋ္ဌသမင်းကြီး၏ သားတော် စန္ဒနမင်းသား ဖြစ်ခဲ့သည်။ စည်းစိမ်ချွေရံ ဇာတ်မာန်တက်သဖြင့် ခက်ထန်ကြမ်းကြုတ်လှသည်။ အခြံအရံများစွာဖြင့် သီရိက မင်္ဂလာဆင်တော်ကို စီး၍ ဥယျာဉ်သို့ ထွက်လာရာ လမ်းခရီးတွင် မိမိရှေ့သို့ ရင်ဆိုင်ကြွလာသော ဒေဝလ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို တွေ့ရသည်။

မိမိရှေ့က ဖြတ်သန်းရပါမည်လောဟူသော ဒေါသမာန စိတ်ဖြင့် ဆင်တော်ကို ချွန်းအုပ်ပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို တိုက်ခိုက်သည်။

အဟိတ်တိရစ္ဆာန် ဆင်တော်မှာ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ တန်ခိုးဂုဏ်စွမ်းအင်ကို ရင်မဆိုင်ဝံ့သောကြောင့် ဖင်ထိုင်အော်ဟစ်နေသဖြင့် မင်းသားက ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို “အဝါရောင် အဝတ်စုတ်ကို ဝတ်ဆင်ထားသည့် ဦးပြည်းကတုံး အမျိုးယုတ်”ဟု ဆဲရေးတိုင်းထွာ ပုတ်ခတ်ခဲ့သည်။ ချက်ချင်းပင် မင်းသားတစ်ကိုယ်လုံး ပူလောင်ပြင်းပြ ဝေဒနာ ခံစားရသဖြင့် ခမည်းတော်မင်းကြီး သိလေသော် အရှင်မြတ်ထံ တောင်းပန်စေသည်။ တောင်းပန်လိုက်သဖြင့် ပူလောင်မှုဝေဒနာ သက်သာသွားသော်လည်း ထိုအကုသိုလ်ကံကြောင့် ဘဝတိုင်း နိမ့်ကျသော အမျိုးများမှာသာ ဖြစ်ခဲ့ရပြီး နောက်ဆုံးဘဝဝယ် ဆတ္တာသည်အမျိုး၌ ဖြစ်ခဲ့ရသည်။ အမျိုးဇာတ်အားဖြင့် နိမ့်ကျခဲ့ရသည်မှာ ရဟန်းတော်များကို စော်ကားမော်ကား ပြောဆိုမိခဲ့သောကြောင့် ဖြစ်ပါသည်။

## သင်္ကန်းဟူက ကိုးကွယ်ကြ

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် သာသနာနှင့် တွေ့ကြုံတုန်း အခါကောင်း အခွင့်ကောင်းကြီး တစ်ခုကို အဆုံးရှုံး မခံသင့်ကြပါ၊ ကြိုးစားအားထုတ်၍ သာသနာပြုအလုပ် ကြိုးကုတ်ကြပါ၊ ထိုသို့ ပြုလုပ်ရာ၌ သုံးတတ်လျှင်ဆေး မသုံးတတ်လျှင်ဘေး ဖြစ်တတ်ပါသည်။ စကားအပြောအဆို ယဉ်ကျေးကြပါ၊ ရဟန္တာတို့၏ အောင်လံတံခွန်သဖွယ်ဖြစ်သော သင်္ကန်းများ (အရဟဒ္ဓဇ)ကို တွေ့သောအခါ စုတ်ပြတ်ညစ်ပတ် ပေရေနေသည်ဖြစ်ပါစေ လမ်းမှာစွန့်ပစ်ထား၍ မစင် အလိမ်းလိမ်း ငြိကပ်နေသည်ဖြစ်ပါစေ လက်အုပ်ချီမိုး ရှိခိုးပူဇော် ရိုသေစွာ ကိုင်တွယ်ကြပါဟု အရှင်ဥပါလိ ရဟန္တာ အရှင်မြတ်က ကိုယ်တွေ့ကြုံခဲ့ရသည့် နောင်တဖြင့် တသသ မှာတော်မူခဲ့ပါသည်။

သို့ဖြစ်၍ သံဃာတော်တို့နှင့် ဆက်ဆံသောအခါ အပြောအဆို သိမ်မွေ့နူးညံ့ရန် လိုပါသည်။ စိတ်ကောင်း စေတနာကောင်းထားပြီး ဝေယျာဝစ္စအမှု ပြုလုပ်ဆောင်ရွက်ပေးရန် လိုပါသည်။ သင်္ကန်းသပိတ် ပရိက္ခရာများကို တရိုတသေ လေးလေးစားစားကိုင်တွယ် အသုံးပြုကြရန် လိုပါသည်။

သံဃာတော်များနှင့် လူဒါယကာတို့ ဆက်ဆံကြရာ၌ သံဃာတော်တို့၏ အသုံးအဆောင် (ပရိက္ခရာ) မှန်သမျှသည် လူဒါယကာတို့အတွက် ကိုးကွယ်စရာ အလေးဂရု ပြုစရာများ ဖြစ်ကြပါသည်။ မရိုမသေ မလေးမစား မပြုသင့်ကြပေ။

## အလွဲသုံးစား–မြဲရှောင်ရှား

ထိုထက်ပို၍ အရေးပါဂရုပြုရမည့် အချက်တစ်ချက်ရှိပါသည်။ ထိုအချက်မှာ သံဃာတော်တို့၏ ပစ္စည်းများကို အလွဲသုံးစား မပြုလုပ်ရေးပင်

ဖြစ်ပါသည်။ သံဃာတော်တို့၏ ပစ္စည်းများသည် လှူဒါယကာတို့က လှူဒါန်းထားသော ပစ္စည်းများဖြစ်၍ အလွဲသုံးစားမှု ကျူးလွန်လျှင် လွန်စွာ အပြစ် ကြီးလှပါသည်။

လွန်ခဲ့သော ၉၂-ကမ္ဘာထက် ဖုဿဘုရားရှင် လက်ထက်တွင် ဘုရားရှင်၏ ညီတော်မင်းသား သုံးပါးတို့သည် ဘုရားရှင်နှင့် သံဃာတော်တို့အား ဝါတွင်းသုံးလပတ်လုံး လုပ်ကျွေးခွင့် ရခဲ့ကြသည်။ မင်းသားတို့သည် မိမိတို့၏ အလုပ်အကိုင်ဆောင်ရွက်သူ အကြီးအကဲအား ငွေကြေးပစ္စည်း ပစ္စယလှူအပ်ကာ ချက်ပြုတ်လှူဒါန်းရေး တာဝန်ကို ပေးအပ်ဦးဆောင်စေခဲ့သည်။ အကြီးအကဲပုဂ္ဂိုလ်သည် ဝေယျာဝစ္စ ဆောင်ရွက်သူ သိန်းနှင့်ချီ၍ ခေါ်ယူခဲ့ပြီး ဆွမ်းကွမ်းဆိုင်ရာ သံဃာ့ ဝေယျာဝစ္စကို ဆောင်ရွက်ပေးသည်။

ထိုဝေယျာပစ္စ ဆောင်ရွက်သူများတို့ထဲမှ တစ်ချို့မှာ ရိုသေ ကောင်းမွန်စွာ ဘုရား သံဃာဝေယျာဝစ္စ ကိစ္စများကို ဆောင်ရွက်ကြသည်။ ထိုသူတို့ ကွယ်လွန်သောအခါ လူပြည် နတ်ရွာ သုဂတိဘုံများသို့ ရောက်ကြသည်။ တချို့မှာ သံဃာအားရည်မှန်းထားသော ပစ္စည်းများကို ခိုးဝှက် အလွဲသုံးစားမှု ပြုလုပ်ကြသည်။ သံဃိကပစ္စည်းများကို အလွဲသုံးစား ပြုလုပ်သူတို့သည် ထိုဘဝမှ ကွယ်လွန်သောအခါ ငရဲ၌ ဖြစ်ကြရသည်။ ငရဲမှ လွတ်သောအခါ အစာရေစာ ငတ်မွတ်လှသည့် ပြိတ္တာဘဝများသို့ ရောက်ကြရသည်။ ကဿပဘုရားရှင်လက်ထက် ရောက်သောအခါ ထိုပြိတ္တာတို့သည် မိမိတို့ ဘဝရေး့ရေးကို ဘုရားရှင်အား လျှောက်ထားကြသည်။ မိမိတို့နှင့် ဘဝတူ အခြား ပြိတ္တာတို့သည် မိမိတို့အတူပင် ငတ်မွတ်ဒုက္ခ ခံနေကြရသော်လည်း အခြား ပြိတ္တာတို့၏ ဆွေမျိုးများက အလှူဒါနပြုလုပ် အမျှအတန်းဝေသံကို သာဓုခေါ်ကြရသဖြင့် ပြိတ္တာဘဝမှ လွတ်မြောက်ကြကာ နတ်ဘဝသို့ ပြောင်းလဲသွားကြသည်ကို တွေ့မြင်

ကြရသည်။ မိမိတို့မှာမူ ပြိတ္တာဘဝက လွတ်ရသည်မရှိ အမြဲထာဝရ ဒုက္ခခံနေကြရသဖြင့် ဘယ်သောအခါမှ ပြိတ္တာဘဝမှ လွတ်မြောက်ပြီး ချမ်းသာသုခ ခံစားကြရပါမည်နည်း ဘုရား-ဟု မေးလျှောက်ကြသည်။

ကဿပဘုရားရှင်က အို--ပြိတ္တာတို့၊ ဂေါတမဘုရားရှင် လက်ထက် ရောက်သောအခါ သင်တို့၏ အကြီးအကဲ ဆွေမျိုးဖြစ်သော ဗိမ္ဗိသာရမင်းသည် အလှူကြီးပြုလုပ်ကာ အမျှဝေလိမ့်မည်။ ထိုအခါ ရောက်မှသာ သင်ပြိတ္တာတို့သည် ပြိတ္တာဘဝဆိုးမှ လွတ်မြောက်ကြလိမ့်မည်ဟု မိန့်တော်မူ၏။ ထိုပြိတ္တာတို့သည် မျှော်လင့်ကြီးစွာ စောင့်မျှော်နေခဲ့ကြသည်။

ဂေါတမဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး မဟာသက္ကရာဇ် ၁၀၄-ခုနှစ်တွင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူသည်။ ဗိမ္ဗိသာရမင်းကြီးသည် ပရိသတ်အခြံအရံ တစ်သိန်းနှစ်သောင်းဖြင့် ခမ်းနားကြီးကျယ်စွာ ကြိုဆိုပြီး ထန်းတော ဥယျာဉ်သို့ ပင်ဆောင်ကာ တရားနာယူကြသည်။ ထိုတရားပွဲကြီးတွင် ဗိမ္ဗိသာရမင်းနှင့်အတူ ပရိသတ်များစွာတို့ သောတပန်အရိယာ ဖြစ်သွားကြသည်။ ဘုရားရှင်နှင့် သံဃာတော်တို့ သီတင်းသုံးရန်အတွက် မနီးလွန်း၊ မဝေးလွန်း၊ တိတ်ဆိတ်ငြိမ်သက်ဖွယ်ကောင်းသည့် ဝေဠုဝန်ဥယျာဉ်ကြီးကို ကျောင်းတော်အဖြစ် ရေစက်သွန်းချ လှူဒါန်းတော်မူသည်။

ပြိတ္တာတို့သည် အမျှဝေနိုးနှင့် အားကိုးတကြီး စောင့်မျှော်နေခဲ့သော်လည်း ကျောင်း ရေစက်ချပွဲကြီး ပြီးဆုံးသောအခါ အမျှဝေမှု မပြုခဲ့သဖြင့် စိတ်မသက်မသာ အားငယ်စွာ ဖြစ်သွားကြသည်။ ညအချိန် ရောက်သောအခါ နန်းမြို့တံတိုင်းပေါ်တွင် ဝုန်းဒိုင်းကျဲမျှ အော်ဟစ် ခြောက်လှန့်ကြကုန်၏၊

ဗိမ္ဗိသာရမင်းသည် ထိုအဖြစ်အပျက်ကို နံနက်မိုးသောက် အလင်းရောက်သော် ဘုရားရှင်ထံ သွားရောက်မေးမြန်း လျှောက်ထား၏၊ ဘုရားရှင်က ထိုပြိတ္တာတို့၏ဘဝ ဖြစ်စဉ်ကို ရှင်းလင်းဟောပြတော်မူသည်။ ဗိမ္ဗိသာရမင်းသည် ချက်ချင်းပင် နန်းတော်သို့ ဆွမ်းစားပင့်တော်မူပြီး ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းဆက်ကပ်ရန် ပြင်ဆင်တော်မူ၏။ ဘုရားရှင်သည် နန်းတော်သို့ သံဃာအပေါင်း ခြံရံ ကြွတော်မူလာ၏။ ပြိတ္တာပေါင်း ၈၄၀၀၀-တို့သည် သာဓုခေါ်ရန် စောင့်မျှော်လျက် မြို့အတိုင်း၊ နံရံများပေါ်၌ နေရာယူနေကြကုန်၏။ ဘုရားရှင်သည် ထိုပြိတ္တာတို့၏ ဘဝအခြေအနေကို ဗိမ္ဗိသာရမင်းကြီး မြင်သာအောင် တန်ခိုးတော်ဖြင့် ပြတော်မူ၏။ ဆွမ်းမဘုဉ်းပေးမီ တရား ဟောဟော်မူ၏။ ထိုပြိတ္တာတို့အား ရည်စူး၍ အမျှအတန်း ပေးဝေ စေတော်မူ၏။

ဗိမ္ဗိသာရမင်းကြီးသည် ရည်စူး၍ အမျှဝေလိုက်သောအခါ ပြိတ္တာ တို့သည် ဆင်းရဲဒုက္ခ ရပ်သွင်မလှမပ ဘဝမှလွတ်ကာ ရုပ်ရေလှပ နတ်ဘဝကို ရကြကုန်၏။ အစားအစာ ငတ်မွတ်နေရာမှ နတ်သြဇာ နတ်သုဒ္ဓါ နတ်အစားအစာကို စားကြရသဖြင့် ဝလင်ဆူဖြိုး အလှကြက်သရေ တိုးကြရကုန်၏။ ထို့နောက် မင်းကြီးသည် ဆွမ်းဆက်ကပ်ပြီး ဘုရားအမှူးရှိသော သံဃာတော်တို့အား သင်္ကန်းများ လှူဒါန်းကြကာ ရည်စူး အမျှဝေပြန်ရာ နတ်ဝတ်တန်ဆာ ပြည့်စုံစွာ ရရှိသွားကြပြန်၏။ ထိုအခါမှ ပြိတ္တာဘဝမှ လွတ်ကြောက်ကာ ချမ်းသာသုခ ရရှိကြကုန်၏၊ ဆွေမျိုးပြိတ္တာများအား ရည်စူးလှူဒါန်း အမျှဝေပါက ကောင်းကျိုး ခံစားရကြောင်း ဖော်ပြသည့် ဤတိရောကုဋ္ဋသုတ်တော်ကို ဟောတော်မူ၏။

သံဃာတော်တို့အား ရည်မှန်းထားသော ပစ္စည်းများကို အလွဲသုံးစား ပြုမှုများသည် ထိုမျှအထိ ဒုက္ခပေးတတ်ကြသဖြင့် သံဃာတော်တို့နှင့်

အနီးကပ် ဆည်းကပ်ရာ၌ သံဃာပစ္စည်းများကို အလွဲသုံးစား မပြု၊ ဂရုတစိုက် အလေးအမြတ်ပြုမှု ဆောင်ရွက်ကြဖို့ လွန်စွာ အရေးကြီးလှပေသည်။

## အတုယူစရာ ဗုဒ္ဓခေတ် ဆရာ ဒကာ

မြတ်စွာဘုရားရှင်သည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ်၊ ဝိနည်းဆောင်ရဟန်းနှင့် သုတ္တန်ဆောင် ဓမ္မကထိက ရဟန်းနှစ်ပါးသည်၊ တပည့်အခြံအရံများနှင့် အသီးသီး နေထိုင်ကြ၏၊ တစ်နေ့တွင် ဓမ္မကထိကရဟန်းသည် ကုဋီတက်ပြီး သန့်သက်ရေခွက် (ကုဋီတက်ရာ၌ အသုံးပြုသော ရေခွက်) ထည်း၌ ရေကြွင်း ရေကျန်ထားပြီး မမှတ်တမဲ့ ထွက်လာခဲ့၏၊ ထို့နောက် ဝိနည်းဆောင်ရဟန်း ကုဋီတက်သော အခါ ထိုရေခွက်ကိုတွေ့ပြီး ထိုသို့ထားလျှင် အာပတ်သင့်ကြောင်း ပြောပြ၏။ ဓမ္မကထိက ကလည်း မသိ၍ ထားခဲ့မိကြောင်း ဒေသနာကြား ကုစားပါမည်ဟု ပြန်လျှောက် ထားခဲ့၏။ "စေတနာမပါလျှင် အာပတ်မသင့်ပါ"ဟု ဝိနည်းမိုရ်ရဟန်းက ဆုံးဖြတ်ပြောဆိုသဖြင့် ဓမ္မကထိကလည်း ဒေသနာမကြားဘဲ နေလိုက် တော့သည်။

ထိုအကြောင်းကို ဝိနည်းမိုရ်ရဟန်းက မိမိတပည့်များအား "ဤရဟန်းသည် ဓမ္မကထိကလုပ်နေပြီး တရားသာ ဟောတတ်သည်၊ ဝိနည်းမတတ်"ဟု ပြောမိရာ ဓမ္မကထိကရဟန်းကလည်း ဝိနည်းမိုရ် ရဟန်းသည် သူကိုယ်တိုင်ပင် အာပတ်မသင့်ပါဟု ပြောဆိုပြီးပါလျက် ယခုတစ်ဖန် မုသားပြောပြန်ပြီဟု ပြန်လှန်ပြောဆိုရာမှ အငြင်းပွားမှု ကျယ်ပြန့် လာတော့သည်။ သူ့ဘက် ကိုယ့်ဘက် အသင်းအပင်း ရဟန်းများ တိုးပွားလာကာ ရဟန်းသံဃာများ နှစ်ပက္ခ နှစ်အုပ်စု ဖြစ်လာတော့၏။

မြတ်စွာဘုရားကိုယ်တိုင်ပင် အငြင်းပွားမှု မဖြစ်ကြရန် သံဃာတို့ စည်းလုံးညီညွတ်ကြရန် ဟောပြတော်မူသည်။ ဒီဃာဝု ဇာတ်တော်ကို ဟောပြတော်မူပြီး ရန်မလိုမှ ရန်ပြိုသည် ရန်လိုက ရန်ပိုလာတတ်ကြောင်း ဆုံးမတော်မူသည်။ သို့သော်လည်း ဆုံးမ၍ မရတော့သဖြင့် ချမ်းသာစွာ တစ်ပါးတည်းနေရန် ဆုံးဖြတ်တော်မူပြီး ဃောသိတာရုံကျောင်းမှ ဖဲကြွ တော်မူသည်၊ အရှင်ဘဂု မထေရ် သီတင်းသုံးရာ ဗာလကလောဏက ရွာသို့ ပထမဆုံး ဝင်ကြွတော်မူလျက် တစ်ပါးတည်း ဧကစာနေခြင်းကို ချီးကျူး ချီးမြောက်တော်မူပြီးနောက် အရှင်အနုရုဒ္ဓါ–အရှင်နန္ဒိယ၊ အရှင်ကိမိလတို့ သီတင်းသုံးရာ ပါစိနဝံသ အရှေ့ဝါးတောအရပ်သို့ ကြွတော်မူသည်။

အချင်းချင်း ညီညွတ်စည်းလုံးစွာ သီတင်းသုံး နေတော်မူကြသော ထိုမထေရ်တို့နှင့် တွေ့ဆုံပြီး ညီညွတ် စည်းလုံးမှုကို သာဓုခေါ်တော် မူပြီးနောက် ပါလိလေယျကရွာ ပါလိလေယျကတော ရက္ခိတတောအုပ် အတွင်းရှိ အင်ကြင်းပင်ပျို တစ်ပင်အောက်ဝယ် သီတင်းသုံးတော်မူသည်၊ (ကျွတ်ထိုက်သော ဝေနေယျသတ္တဝါ ထူးခြားစွာ မရှိသဖြင့်) ဆယ်ဝါမြောက် ဝါကို ပါလိလေယျကတော၌ ဝါဆိုတော်မူ၏။ ပါလိလေယျက ဆင်မင်းက ဝတ်ကြီးဝတ်ငယ် ပြုစုလုပ်ကျွေး၏။

မြတ်စွာဘုရားသည် ဃောသိတာရုံကျောင်းမှ ထွက်ကြွတော်မူ သွားသောအခါ ကောသမ္ဗီပြည်သား ဒါယကာများသည် စုဝေးတိုင်ပင်ကြပြီး ထိုရဟန်းတို့အား ရှိခိုးမှု၊ နေရာပေးမှု၊ အလေးဂရုပြုမှု၊ ဆွမ်းသင်္ကန်း လှူဒါန်းမှု စသည်ကို မပြုကြတော့ပေ။

ဒကာများ၏ ငြိုငြင်မှုကို ခံရသောအခါ ဃောသိတာရုံကျောင်းရှိ ရဟန်းတော်တို့သည် အချင်းချင်း ညီညွတ်လာကြကုန်၏။ မိမိတို့၏ အမှားကို မိမိတို့ ပြန်လည်သုံးသပ်ပြီး ပြင်ဆင်လာကြကုန်၏။ ကောသမ္ဗီ

ပြည်သား ဒကာများအား မိမိတို့ ညီညွတ်ကြပြီဖြစ်ကြောင်း ပြောဆိုကြကုန်၏၊ ဒကာတို့က ဘုရားရှင်ထံသွား ရောက်ကြပြီး ကန်တော့ဝန်ချကာ ဘုရားရှင် ကျေနပ်မှသာ မိမိတို့ကလည်း ရှေးကအတိုင်း ကိုးကွယ်ကြပါမည်ဟု လျှောက်ထားကြကုန်၏။ ကောသမ္ဗီရဟန်းတော်တို့သည် ဝါတွင်း သုံးလပတ်လုံး ပစ္စည်းလေးပါး ဆင်းရဲငြိုငြင်စွာ နေကြရကုန်၏။

ပါလိလေယျကတော၌ သီတင်းသုံးဝါကပ်တော်မူသော မြတ်စွာဘုရားသည် ဝါကျွတ်တော်မူသောအခါ သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ကြွတော်မူ၏။ ကောသမ္ဗီပြည် ရဟန်းတို့ ငြင်းခုံခိုက်ရန် ဖြစ်ပွားမှု သတင်းသည် ကျယ်ပြန့်နေသည်။ ဝါကျွတ်သောအခါ ကောသမ္ဗီ ရဟန်းတော်များသည် မြတ်စွာဘုရားရှင်အား ဝန်ချတောင်းပန်ရန် သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ သွားကြကုန်၏။

အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်မဟာပဇာပတိ၊ ဂေါတမီ၊ အနာတပိဏ်သူဌေး၊ ဝိသာခါကျောင်းအမကြီး စသည်တို့က ထိုရဟန်းများကို မည်သို့ ဆက်ဆံရပါမည်နည်းဟု၊ ဘုရားရှင်အား လျှောက်ထားကြကုန်၏၊ ဘုရားရှင်က အဓမ္မဝါဒနှင့် ဓမ္မဝါဒကို ဟောပြတော်မူသည်။ ထိုရဟန်းတော်တို့ကို သီးခြားနေရာ ပေးစေတော်မူသည်။ ကောသလမင်းကြီးကလည်း သူ့တိုင်းပြည်သို့ ထိုရဟန်းများကို ဝင်ခွင့်မပေးလိုကြောင်း၊ ဝိသာခါ၊ အနာထပိဏ် တို့ကလည်း ကျောင်းတွင်းသို့ အဝင်မခံလိုကြောင်းစသည် လျှောက်ထားကြရာ မြတ်စွာဘုရားရှင်က ထိုရဟန်းတို့ထံသွားရောက် တရားနာယူပြီး ထိုရဟန်းတို့၏ ဟောပြောချက်များသည် ဓမ္မ သို့မဟုတ် အဓမ္မ ဖြစ်၊ မဖြစ် စိစစ်ရန် အဓမ္မဖြစ်က ပယ်ရန် ဓမ္မဖြစ်က လက်ခံရန် အခိုက်မသင့်၍ ရန်ဖြစ်ကြ သော်လည်း သီလဝန္တ ရဟန်းများဖြစ်ကြောင်း နှစ်သိမ့်စကား ဟောကြားတော်မူ၏။

ထိုရဟန်းတို့သည် မိမိတို့၏ အပြစ်ကို လျှောက်ထားပြီး ဝန်ချတောင်းပန်ကြသည် မြတ်စွာဘုရားရှင်ကလည်း လက်ခံခွင့်ပြုတော်မူပြီး၊ စည်းလုံးညီညွတ်မြဲ ညီညွတ်ကြစေရန် ဆုံးမ၍ သံဃာတော်တို့အား ဉာတ်ကမ္မဝါစာဖြင့် လက်ခံစေတော်မူသည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်သည် ဆရာဒကာ လက်တွဲညီညာ ကျင့်ကြံ လိုက်နာရမည့် သာသနာဖြစ်သည်။ ဘိက္ခု၊ ဘိက္ခုနီ၊ လူဒါယကာ၊ ဒါယိကာမ ဤလေးဦးတို့သည် သာသန်ာ့ကျက်သရေဆောင် သာသနာ ပြုဖော်ပြုဖက် သာသနာအတွက် တာဝန်ရှိသူများဖြစ်ကြသည် သာသနာတော် တိုးတက်ရေးအတွက် လက်တွဲဆောင်ရွက်ကြရမည့် သူများ ဖြစ်သည်၊ ဆရာမှားလျှင် ဒကာကပြုပြင်၊ ဒကာမှားလျှင် ဆရာကဆုံးမ၍ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ နေသွားကြမှသာလျှင် သာသနာတော် ပိုမို တိုးတက်လာပေမည်။ တစ်ဦးနှင့်တစ်ဦးကူညီပံ့ပိုးလျက် လက်တွဲညီညာ ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

******

ပ.ဓ.သ.ဖ - ၃၇/၁၇-၉-၉၆ (၃၀၀၀) လင်းဆို။

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ခ | ၂၄ | မလျှောက်ထားတက် | မလျှောက်ထားတတ် |
| ဃ | ၂၃ | ဆပ်ကပ်ရာ၌ | ဆက်ကပ်ရာ၌ |
| င | ၁ | ဆပ်ကပ်သင့်သော | ဆက်ကပ်သင့်သော |
| င | ၃ | ဆပ်ကပ်ကြခြင်း | ဆက်ကပ်ကြခြင်း |
| ၄ | ၁၆ | အထမြောက်သော | အထမမြောက်သော |
| ၁၇ | ၇ | တစ်သက်လုံးပစ္စည်း | တစ်သက်သုံးပစ္စည်း |
| ၁၉ | ၁၀ | နေလယ် | နေ့လယ် |
| ၂၁ | ၆ | လှူဒါန်းတက်ကြရန် | လှူဒါန်းတတ်ကြရန် |
| ၂၇ | ၅ | သန္နိမိ | သန္နိဓိ |
| ၅၇ | ၁၁ | လှူဒါန်းသောအခါ | လှူဒါန်းသောအခါ |
| ၉၇ | ၃ | အခွင့်ကောင်းကြီး | အခွင့်ကောင်းကြီး |
| ၉၇ | ၁၇ | လှူဒါယာက | လှူဒါယကာ |
| ၉၉ | ၁၅ | သောတပန် | သောတာပန် |
| ၉၉ | ၁၆ | သံဃာတော်တို | သံဃာတော်တို့ |
| ၁၀၀ | ၈ | မြို့အတိုင်း | မြို့တံတိုင်း |
| ၁၀၀ | ၂၀ | လွတ်ကြောက်ကာ | လွတ်မြောက်ကာ |
| ၁၀၃ | ၁၂ | အရှင်မဟာပဇာပတိ၊ ဂေါတမိ | အရှင်မ-မဟာပဇာ ပတိဂေါတမီ |
| ၁၀၃ | ၁၃ | အနာတပိဏ်သူဌေး | အနာထပိဏ်သူဌေး |